www.burmeseclassic.com

BURMESE CLASSIC .com

# မြင်းကလေး

## တိမ်စိုင်တို့၏ဟန်းနီးမွန်း



GRAPHIC DESIGN THEIN SHWE KYI

www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး၊
စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး၊
ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

စီးပွားရေးဦးတည်ချက် (၄) ရပ်

စိုက်ပျိုးရေးကို ဗိုလ်ပြု၍ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး၊
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

လူမှုရေးဦးတည်ချက် (၄) ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး၊
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

BURMESE CLASSIC .com

9 - OCT 2013

# မိန်းကလေး

## တိမ်စိုင်တို့၏ ဟန်နီးမွန်း

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ
ဒေါ်မြင့်မြင့်ရီ (မြ-၀၄၅၀၆) (ဖျူးစာပေ)
အမှတ်- ၅၂၀(က)၊ အင်းဝ (၄)လမ်း၊
(၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးကျင်ရင် (မြ-၀၅၄၁၇) (ရွှေခြင်္သေ့ပုံနှိပ်တိုက်)
အမှတ် (၁၂)၊ သရဖီလမ်း၊ စော/နောက် ရပ်ကွက်၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ
သိန်းရွှေကြည်
အတွင်းဖလင်
ကိုပေါက် (Image Art Work)
ပုံနှိပ်ခြင်း
ပထမအကြိမ်၊
၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ
တန်ဖိုး - ၁၀၀ ကျပ်၊ အုပ်ရေ - ၅၀၀
ဖြန့်ချိရေး
ဖျူးစာပေ
၀၁-၈၅၀၀၆၉၆၊ ၀၉-၇၃၀၈၁၅၄၁၊ ၀၉-၅၀၃၀၀၀၆၊ ၀၉-၅၁၈၅၀၈၄

၈၉၅. ၈၃
မိန်းကလေး
တိမ်စိုင်တို့၏ ဟန်းနီးမွန်း။ - ရန်ကုန်။
ဖျူးစာပေ ၊ ၂၀၁၃။
၂၄၄ - စာ ၊ ၁၂ × ၁၈ စင်တီ။
(၁) တိမ်စိုင်တို့၏ ဟန်းနီးမွန်း

## အခန်း (၁)

"ဟူး"

တော်ဝင်မှီ ပေါ့ပါးစွာ လေပူတစ်ချက် မှုတ်ထုတ်လိုက်သည်။ ခုပဲ ဝန်ထုပ်ဝန်ပိုးကြီး ပြုတ်ကျသွားသလို 'မှီ' စိတ်တစ်ခုလုံး ပေါ့ပါးသွားတယ်။

ဟုတ်တယ်လေ။

ရစ်ကြောရှည်ပြီး ဂျီကျောင်များသော foreigner တွေ။ မှီ အမ်းညွှန်လုပ်လာတဲ့ သက်တမ်းတစ်လျှောက်မှာ စိတ်အညစ်ရဆုံးကို ပြီဆို ထို foreigner အုပ်စုကို လက်ညှိုးထိုးရမှာ မလွဲပါ။

စလာကတည်းက ခရီးစဉ်တစ်လျှောက်အလယ် ပြန်ခါနီးအဆုံး



www.burmeseclassic.com

www.burmeseclassic.com



ထိ စိတ်ညစ်ရသည့်လူစု။ ခုပဲ လေယာဉ်ပေါ် ပြန်တင်ပေးလိုက်ပြီမို့ မို့ တာဝန် ဆုံးလေပြီ။

ထို့ကြောင့် လေယူမှုတ်ထုတ်မိသည်က စိတ်လက်ပေါ့ပါးစွာ။

နောက်တစ်ခါ ဂျိုက်ကျောင်များသော ဒီforeigner မျိုးနဲ့ မဆုံပါရစေနဲ့ဟု ဆုတောင်းရမလို။

သူတို့ သိချင်သမျှကို မို ရှင်းပြလို့ မပြီးသေးဘူး။ တစ်ယောက်တစ်ခွန်း ထင်တိုင်းမေးနေကြတဲ့ မေးခွန်းတွေကြားမှာ မို ချွေးပြန်ရ၏။ ထိုမျှမက ရှင်းပြရလွန်းလို့ ပါးစပ်က အမြှုပ်တစီစီ ထွက်၏။

ရှင်းပြလေ ထပ်မေးလေနှင့် အင်မတန် စိတ်ပိန်ရလေသည်။ ဒီအုပ်စုကြီး မြန်မြန်ပြန်ပါစေတော့ဟု ဆုတောင်းကာ။ ဆုတောင်းက မပြည့်။

ငါးရက်လည်မယ့်အစီအစဉ်မှာ နောက်ထပ်သုံးရက်တိုးပြန်တော့ မို့ခမျာ အလုပ်လုပ်ချင်စိတ် ကုန်ခန်းသလိုဖြစ်၏။

သို့သော်လည်း မိုက အိမ်ရှင်လမ်းညွှန်မယ်လေ။

မိုတို့နိုင်ငံဆီ တကူးတက လာလည်ရှာတဲ့ နိုင်ငံခြားသားတွေ အပေါ် အကောင်းဆုံးဝန်ဆောင်မှုပေးရမယ့်တာဝန် ရှိတယ်မဟုတ်လား။

ဒါကြောင့်မို့ မို မျက်နှာ တစ်ချက်မပျက်ပါဘူး။ စိတ်ထဲမှာ ဝိန်တာက တခြား။ သူတို့ ကျေနပ်သည်အထိ ဝန်ဆောင်မှုပေးရင်း မို့ အလုပ်အပေါ် မို တန်ဖိုးထားခဲ့သည်။





ဘယ်လုပ်ငန်းဖြစ်ဖြစ် စိတ်ညစ်စရာရှိတတ်မြဲပဲ။ ဒါကြောင့် ...ဘက်က တာဝန်ကျေခဲ့ကာ။ ခုတော့ တာဝန် ပြီးဆုံးလေပြီ။

မို့အတွေးနှင့်မို ပေါ့ပါးသောလေပူလေး မှုတ်ထုတ်ပြီး လေဆိပ် ...တော်ဆက်ဆီ ခြေဦးလှမ်း၏။ လေဆိပ်စားတော်ဆက်မှာ မို့သူငယ် ...ချင်း အိမ့်ယုယ စောင့်နေတယ် မဟုတ်လား။

ထိုဆီသို့ သွားနေလျှင် မို့စိတ်ထဲမှ တစ်စုံတစ်ယောက် စောင့် ကြည့်နေသလိုလို ခံစားရ၏။

ဘယ်သူ ကြည့်နေပါလိမ့်။

ကြည့်နေပုံက စူးစူးစိုက်စိုက် ရှိလှသည့်နှယ်။ စိတ်၏စေ့ဆော် ...ာ မို့ဦးနှောက်ကို လာရိုက်ခတ်၏။

ထို့ကြောင့် မသိမသာ ငဲ့စောင်းကာ ဝေ့ကြည့်မိ၏။

"အလို"

မို့ရင်ထဲမှ လွှတ်ခနဲ့ ခုန်ထွက်၏။ မျက်နှာစာဘက် အဝင်တံခါး ...ာ ပခုံးတိုက်မှီရပ်ရင်း စိမ်ပြေနပြေရပ်ကြည့်နေသော မျက်ဝန်းတစ်စုံ။

မျက်နှာကျပုံ၊ နှာတံချွန်ပုံ၊ မျက်ဝန်းကျယ်ပုံကအစ အင်္ဂလိပ် ...ဆင်သည်။ အသားကလည်း ပန်းရောင်ဖြစ်၏။ သို့သော်လည်း ...အိုကြီးမဟုတ်။

အရှေ့တိုင်းသားဆန်စွာ အသားအရေ ညက်ညောစင်ကြယ် ...တ်၊ သာမန်အင်္ဂလိပ်လူရွယ်ထက် ကြည့်ကောင်းပါ၏။ ပိုပြီးပြည့်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ကောင်းသည်က ဆံပင်နှင့်မျက်ခုံးနက်နက်။

မျက်ဝန်းအကြည့်က စူးရှပေမယ့် နွေးရှသလိုလို။

ဘာကြောင့် ဒီလောက်ကြည့်နေရတာလဲ။

ဒီလိုအကြည့်ခံရတော့ မို့စိတ်ထဲမှာ နေရခက်လာသည်။ သူ ကြည့်နေမှန်း ပတ်ဝန်းကျင်မှလည်း သတိထားမိကြတာမို့ မို ပို၍နေရ ခက်ခက်ဖြစ်ကာ။

မိုပဲ ဦးစွာ အကြည့်လွှဲ၏။

ထို့နောက် မို့မျက်နှာပေါ် မာန်လေးတင်၍ ခပ်တည်တည်ပင် ဆက်လျှောက်၏။ သူက အလိုက်ကမ်းဆိုးမသိတာလား။ ဘာလားတော့ မသိပါ။

မို့ကိုသာ ရေဆုံးရေဖျား ကြည့်လျက်။

ကြည့်။ ကြည့်။

မို့အသား ပွဲပါတာမဟုတ်ဘူး။

တချို့နိုင်ငံခြားတွေက ဒီလိုပဲ အကြည့်ဆိုးတတ်သည် မဟုတ် လား။

✿ ✿ ✿



## အခန်း (၂)

"ဟဲ့ ဘာဖြစ်တာလဲ"

အိမ့်ယုယ ကော်ဖီသောက်ရင်း လှမ်းမေးသည်။ သူကြည့်နေ တာ ခံစားနေရတာကြောင့် မို နောက်လှည့်မကြည့်ဘဲ –

"ပြန်မယ်လေ"

ဟု တုံးတိတိပြောကာ။

"ထိုင်ပါဦး"

"ဟင့်အင်း။ ပြန်မယ် ယုယရယ်"

ယောက်ျားတစ်ယောက် ဒီလောက်ကြည့်နေတာ၊ ထိုယောက်ျား မြင်ကွင်းရှေ့မှာ မို ဆက်ရှိနေဖို့ မသင့်တော်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် လေဆိပ်စားသောက်ဆိုင်မှာ ဝင်ထိုင်ပြီး အနားယူဖို့ စိတ်မကူးတော့ပါ။

ယုယက ဘာမှနားမလည်။ နားလည်အောင်လည်း ရှင်းပြဖို့ အချိန်မရှိပါ။ မို ရှေ့က သုတ်ခနဲ ထွက်ခဲ့သည်။

"ဟဲ့ နေဦး မိုရဲ့"

အိမ့်ယုယ တားသော်လည်း မို လှည့်မကြည့်တော့ပါ။ ကားပါကင်ဆီ အရောက်လာကာ အရိုင်ဘာ အသင့်စောင့်နေသော မိုတို့ရဲ့ Golden Gate တိုးကုမ္ပဏီပိုင်ဖယ်ရီကားပေါ် တက်ထိုင်လိုက်သည်။

"ဟော့ လာပါပြီ၊ နေပါဦး တကတည်းကို"

အိမ့်ယုယ တားမရသည့်အဆုံး စားသောက်လို့ မပြီးခုံးသေးခင် ထ,လိုက်လာကာ။

"ဘယ်လိုဖြစ်တာလဲ မိုရယ်၊ စိတ်အေးလက်အေး စားသောက်ရမယ့်ဟာကို"

ကားပေါ်ရောက်ရောက်ချင်း အိမ့်ယုယ အပြစ်ဖွဲ့သလို ဆိုသည်။ မို မျက်နှာလေးတည်ထားဆဲ။

ဒရိုင်ဘာက ကားကို လျှောခနဲ မောင်းထွက်လျှင် –

"ဟဲ့ ပြောလေ၊ ဘာဖြစ်လို့လဲဆိုတာ"

"ဘာမှမဖြစ်ဘူး"

"အမယ်၊ မညာပါနဲ့ မိုရယ်၊ မို တစ်ခုခုမဖြစ်ဘဲ ဒီလိုရှောင်





မပြေးပါဘူး။ ယုယ သိပါတယ် သူငယ်ချင်းရယ်၊ ဘာကြောင်လဲဆိုတာ"

"ဘာ ဘာ၊ ဘာကြောင့်လဲဆိုတာ ရှင်သိတယ်၊ ဘယ်လိုသိလဲ"

မို မလုံမလဲ မေး၏။ အိမ့်ယုယက မို့လက်မောင်းလေးကို ဖျစ်ကိုင်ရင်း ပြုံးရယ်ပြီး ပြောသည်။

"သိတာပေါ့ မိုရယ်၊ ရှင့်ကိုကြည့်နေတဲ့ ဟိုတစ်ယောက်ကြောင့် မဟုတ်လား"

"အလိုလေ"

"ဟုတ်တယ် မဟုတ်လား"

မို ချက်ချင်းခေါင်းမညိတ်မိ။ မာန်ရှသော နှုတ်ခမ်းလေးကို တင်းတင်းဆွဲစေ့၏။

ထို့နောက် ကူရှင်ပေါ် ကျောမှီရင်း –

"ဘယ်လိုကြီးမှန်းမသိဘူး၊ ကြည့်ပဲ ကြည့်နိုင်လွန်းတယ်"

ဟု ငြူငြူစူစူ ပြောမိသည်။ အိမ့်ယုယက သဘောကျသလို ရယ်မောပြီး –

"ဟုတ်တယ် မိုရဲ့၊ မို့ကိုကြည့်နေတာ မို့ foreigner တွေနဲ့ မို ဧည့်ဆောင်ထဲ ဝင်သွားကတည်းက၊ မို့ကို မြင်သာတဲ့နေရာကနေ တကောက်ကောက် လိုက်ကြည့်နေတာလေ"

"ကျွတ်၊ ဘာမှလည်း မဆိုင်ဘဲနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါ့မယ်၊ သူကြည့်တာ မျက်တောင်ခတ်ဖို့ သတိမရသလို ပဲ၊ ယုယကလည်း ဒင်း ဘယ်လောက်ကြည့်နေနိုင်မလဲဆိုပြီး မျက်ခြည် မပြတ် စောင့်ကြည့်နေတာ၊ ယုယ မျက်လုံးညောင်းတယ်၊ ဒင်း မျက်လုံး မညောင်းဘူး မိုရဲ့"

"အကြည့်ဆိုးတဲ့လူ"

မို အပြစ်ဖွဲ့သလို ဆိုသည်။ အိမ့်ယုယက ဒီတစ်ခါ မထောက် ခံချင်သလို ခေါင်းလေးတစ်ချက်ခါ၍ –

"သူ့အကြည့်က မဆိုးပါဘူး မိုရဲ့"

"အမယ်၊ ရှင်က ဘာမှမဆိုင်တဲ့ သူ့ဘက်က ကာကွယ်နေလိုက် တာ"

"ခြော် အကြည့်ဆိုးတာ စားတော့မတတ် ဝါးတော့မတတ် ပြူးပြူးပြဲပြဲကြည့်နေရုံမက ကျွန်ုမရဖြစ်နေတာမျိုး တစ်နည်းပြောရရင် နှာမီးတောက်တာလေ၊ သူ့အကြည့်က အဲလိုမှ မဟုတ်တာ"

ယုယကို မို မျက်စောင်းထိုးပစ်၏။ ယုယက ဟဲခနဲ့ရယ်ရင်း–

"တကယ်ပြောတာ၊ သူ့အကြည့်က ကျွန်ုရတယ်၊ နွေးထွေး တဲ့ ခံစားမှုတွေ ပါတယ်"

"အမယ် ကြည့်စမ်း၊ ရှင်က သရုပ်ခွဲပြနေသေး"

"တကယ်ပြောတာလေ၊ နောက် မဟုတ်လို့လား"

အိမ့်ယုယ ဖွင့်ပြောတာမို့ မို အသည်းယားကာ ယုယပေါင်ကို





ခွဲလိမ်လိုက်သည်။

"ယုယနော်"

"ယုယက အမြင်အတိုင်း ပြောတာလေ၊ မိုလည်း သူ့အကြည့် ကို ခွဲခြားသိနေတာပဲ၊ သူ ကြည့်ပုံက အခုမြင်လို့ အခုကြည့်တဲ့ပုံ မဟုတ်ဘူး၊ မို့ကို ဒီထက်အရင် မြင်ဖူးနေတာမို့ အကျွမ်းတဝင် ကြည့်နေ တဲ့ အကြည့်မျိုး"

"ဟယ် ပြောလေ ကဲလေပါလား ယုယရယ်"

အိမ့်ယုယ မမှုသလို ပခုံးလေးတွန့်ရင်း –

"မိုကလည်း ကြည့်ချင်စရာကောင်းလောက်အောင် အလှသွေး ကြွယ်နေတာကိုး"

"ကဲ တော်ပါတော့ အိမ့်ယုယရယ်၊ အချင်းချင်း မြှောက်မနေနဲ့ လူက ညစ်ချင်နေရတဲ့အထဲ၊ ဘာမှမပြောနဲ့တော့၊ ပါးစပ်ပိတ်ပြီး ငြိမ်ငြိမ် နေ၊ မို ပန်းတယ်၊ နားအေးပါးအေး နေလိုတယ်၊ ကျေးဇူးပြုပြီး နှုတ် ဆိတ်နေပါ သူငယ်ချင်း မမကြီးရယ်"

မိုစိတ်ညစ် ငြူးစူစွာ ဒလဟောပြောချသည်။ အဲဒီတော့မှ အိမ့်ယုယ နှုတ်ခမ်းလေး စေ့ပိတ်၏။

ဒါတောင် မျက်လုံးက စကားပြောနေသေး။

တော်တော်ဆိုးတဲ့ သူငယ်ချင်းမ၊ သူ့အကြည့်လိုပဲ။ တကယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"ဟော့ မီ"

အခမ်းအနားကျင်းပသော ဟိုတယ်ခန်းမဆောင်တွင်း မီ့ခြေ

လှမ်းလေး သွင်းမိသည်နှင့် ယုယခေါ်သံကြားရ၏။

အသံလာရာဘက် မီ ငဲ့စောင်းကြည့်၏။ ထိုအခါ အိမ့်ယုယ

ပြုံးရယ်ရင်း လက်ယပ်ခေါ်ပါသည်။

"ဒီကိုလာလေ"

"အေးပါ"

မီကလည်း ယုယကို တွေ့လို့ ဝမ်းသာအားရဖြစ်ကာ ခန်းမ

ညာဘက်ထောင့် စားပွဲဆီ ခြေဦးပြန်လှည့်သည်။





အခန်းနားမှာ လူစုံတက်စုံ။

မီတာဝန်ထမ်းဆောင်သော Golden Gate တိုးကုမ္ပဏီ၏ဆယ့်

ငါးနှစ်ပြည့် နှစ်ပတ်လည်အခမ်းအနား မဟုတ်လား။ ဝန်ထမ်းတွေ စုံညီ

စွာ တက်ရောက်သလို အုပ်ချုပ်ရေးပိုင်းဆိုင်ရာ လူကြီးတွေ၊ ကုမ္ပဏီ

သူဌေးနှင့် ဖိတ်ကြားထားသော အခြားကုမ္ပဏီမှ လူကြီးမင်းများလည်း

တက်ရောက်ကြသည်မို့ ဧည့်ခန်းဆောင်တစ်ခုလုံး စည်ကားနေသည်။

အခမ်းအနား မစသေးတာမို့ အချင်းချင်း ပြောကြဆိုကြနှင့်

ညံညံစီစီ ပျော်ရွှင်လျက်ရှိသည်။

ထိုအထဲမှာ လူငယ်အုပ်စုတွေက ပိုညံလျက်။

အထူးသဖြင့် အိမ့်ယုယတို့အုပ်စုလေ။

"မီရေ ရှင့်ကို မီမှဟုတ်ရဲ့လားလို့"

သီတာသိမ့် မီ့လက်ဖျားလေးကို လှမ်းဆွဲရင်း ဆိုလာသည်။

"အမယ် မီပါ သီတာရယ်၊ မီ့ကို လူမှားနေပြီဆိုတော့ သီတာ

မျက်လုံးပါဝါ မမှန်တော့ဘူးထင်တယ်"

"အို ပါဝါမမှန်တာ မဟုတ်ဘူး၊ ပါဝါက အမှန်၊ မီ့လှချက်

ကောင်းနေလို့ရှင့်"

"ဟုတ်ပ့ါ၊ နင့်ကိုအလှသွေးကြွယ်တဲ့သူက ဖိဖိစီးစီး ပြင်ဆင်လိုက်

တော့ လူမမှားဘဲနေမတဲ့လား၊ ဒါကြောင့် ယုယ လှမ်းခေါ်ကတည်းက

သေချာကြည့်ယူရတယ်။ မီလား၊ မီ့ထက်ချောတဲ့ မိန်းကလေးလားလို့"



www.burmeseclassic.com

သီတာသိမ့်စကားမဆုံးသေး ဖင်မာသျှင်ကလည်း ဝင်ပြောသည်။ မို ကြည်နူးစွာ မျက်စောင်းလှလှထိုးပြီး ယုယသေားမှ ခုံလွတ်မှာ ဝင်ထိုင်သည်။

ထိုအခါ တစ်ဝိုင်းတည်း ထိုင်နေသော "လင်းခ" က မို့ကို စိုက်ကြည့်ပြီး –

"ဟုတ်တယ်ဟ၊ မိုထက်ချောတဲ့ မိန်းကလေးက မိုအစစ်ဖြစ်တော့ ရင်တောင်ခုန်တယ်၊ ဒုတ် ဒုတ် ဒုတ် ဒုတ်နဲ့"

"အမယ်၊ သေနာကောင်"

"အရှင်ကောင်ပါ ယုယရယ်။ အရှင်ကောင်မို့ ရင်ခုန်တာ။ မို့လို အချောအလှကို တွေ့လို့မှ ရင်မခုန်ရင် ဒီကောင် အခြောက်ဖြစ်သွားမှပေါ့ကွ"

"ဟား ဟား ဟား"

လင်းခနောက်မှ ထွန်းဆိုင်ကလည်း ဝင်နောက်၏။ ထိုအခါ တစ်ဝိုင်းလုံး တဟားဟား အော်ရယ်လေသည်။

မို့မှာ ရှက်ရမလိုလို မလုံမလဲဖြစ်ရမလိုနှင့် နေရခက်လေသည်။ ထို့ကြောင့် မအီမသာပြုံးရင်း သူငယ်ချင်းအပေါင်းအသင်းများကို မျက်စောင်းထိုး၏။

တစ်ဆက်တည်းလည်း စိတ်ဇော်င်းကျ အလှပြင်လာမိသည့် မို့ကိုယ်မို့ အပြစ်တင်ချင်လာသည်။





မို့အလှက ထင်ပေါ်သောအလှ။

မပြင်ဆင်ထားရင်တောင် သာမန်မိန်းမလှထက် ထင်ရှားသော ဝင်ကိုအလှရှိ၏။ နှစ်ပတ်လည်အခမ်းအနားမို့ စိတ်အေးလက်အေး ပြင်ဆင်မိခြင်း။

ဒီကြားထဲ မမစံက ဆယ်စွယ်ရောင် ရယ်ဒီအသားပါးပါးလေးကို ကျောက်စိမ်းဖျော့ရောင် အောက်ခံလျက် ဒီဇိုင်းထွင်ချုပ်ထားသော ဖက်ရှင်က မို့အလှကို ပိုကြွစေသည်။

အတူသဖြင့် ရောင်စုံဖန်လုံးလေးကို အပြာရောင်အနားသတ်ထားသော ရေလှိုင်းပုံစံ အနုစိမ့် ဒီဇိုင်းထွင်ထားတာကအစ အများနှင့်အတူ။ ဖက်ရှင်သစ်ဆန်းလို့နေသည်။

ထို့ပြင် မမစံက မို့ဆံပင်အားလုံးကိုသိမ်းပြီး ဖန်စီဆံထုံးလေး ထုံးဖွဲ့ပေး၏။ ထိုမျှနှင့် မပြီးသေး။ မမစံ ယောက္ခမဆီမှ ငှားလာသော ဘတ္တီပါဘူးကြီးတွင်းမှ ရတနာတစ်ဆင် ထုတ်၏။

သရဖူပုံစံ စိန်ပွင့်ခြယ်ဆံထိုးရှည်ကို ဆံထုံးမှာ အရင်ဆိုက်ဆွဲ၏ ထိုအခါ ဆံထုံးမှာ လင်းလက်ရုံမက လှုပ်ရှားတိုင်း သရဖူလေး လှုပ်ရွဲ့နေသည်က ယိမ်ကနေသည့်နှယ်။

ထို့ပြင်

လည်တိုင်မှာ ဆင်ထားသော သရဖူပုံ စိန်ဘယက်က ဘယ်ဖက်ဝန်းကိုမှ မငေးဘဲ မနေနိုင်အောင်။

www.burmeseclassic.com



ဖက်ရှင်နှင့်အဆင်တန်ဆာက နဂိုလှသွေးကြွသော မို့ကို မို့မှ ဟုတ်ရဲ့လား။ မို့ထက်ချောသော မိန်းကလေးဟု ထင်မှတ်မှားအောင် ဖြစ်စေတာ မိုလည်း မတတ်နိုင်ပါ။

"ကဲပါ ရယ်တာတွေ ရပ်ပါဦး"

အရယ်မရပ်သေးသော သူငယ်ချင်းအုပ်စုကို ယုယ ဟန့်တားလေသည်။ အဲဒါကို လင်းခက မကြည်လင်။

"သဘောကျလို့ ရယ်တာတောင် လိုင်စင်ခံရမလို့ပဲ"

"ဟုတ်တယ်ကွ"

"ကဲ ယောက်ဖနှစ်ကောင် အတိုင်အဖောက် ညီမနေကြနဲ့ ယုယက အကြောင်းရှိလို့ အရယ်ရပ်ခိုင်းတာ"

"အကြောင်း၊ ဘာအကြောင်းလဲ"

အားလုံးစိတ်ဝင်စားကာ။ မေးသံ တစ်ပြိုင်တည်း ထွက်၏။ ထိုအုပ်စုအသံတွေကြောင့် တခြားဝိုင်းမှ လုပ်ဖော်ကိုင်ဖက် ဝန်ထမ်းတွေပါ လှည့်ကြည့်၏။

အိမ့်ယုယတို့က လွတ်လပ်ခွင့်ရထားတုန်း သူငယ်ချင်းတွေ စိတ်ဝင်တစားဖြစ်ကြတဲ့ ခေါင်းစဉ်ကို ပြန်ကောက်၏။

"မို့ ဒီထက် ပိုလှစေမယ့်အကြောင်း ရှိသေးတယ်"

"ဟယ် ဟုတ်လား"

"ဘယ်လို၊ ဒီထက် မိုလှစေတဲ့အကြောင်း"





"ဘာအကြောင်းလဲ၊ မြန်မြန်ပြောကွ"

အိမ့်ယုယကို အားလုံးဝိုင်းမေး၏။ အိမ့်ယုယက မြူးမြူးကြွကြွပြုံး၍ မို့ကို ကြည့်၏။

မို့ ပို၍မနေတတ် မထိုင်တတ် ဖြစ်ကာ –

"ယုယရယ် အပိုတွေလျှောက်မပြောပါနဲ့"

"အပိုမဟုတ်ကြောင်း လက်တွေ့ပြမယ်၊ ကဲ အားလုံးကြည့်၊ မို့ ရှင်လည်းကြည့်၊ ဟိုအခမ်းအနားရှေ့ဆုံးက ကမ္ဘာ့သူဌေးတို့ဝိုင်းကို ကြည့်လိုက်"

အိမ့်ယုယ ပြောတဲ့အတိုင်း သူငယ်ချင်းအားလုံး စိတ်ဝင်တစား ကြည့်ကြလေသည်။ မို့လည်း ကြည့်ရတာပေါ့။

ကမ္ဘာ့သူဌေး ဦးကြွယ်နဲ့အတူ ဝိုင်းထိုင်စကားပြောနေကြသော လူကြီးသုံးဦးနှင့် နိုင်ငံခြားသားလေးယောက်။

"နိုင်ငံခြားသားလေးယောက်ထဲက ပန်းရောင်နုနု တီရှပ်ဝတ်ထားတဲ့ တစ်ယောက်ကိုကြည့်၊ ဘေးတစ်ခြမ်းစောင်း မြင်နေရတယ်၊ မြင်တယ်မဟုတ်လား"

"အဲ"

မို့မျက်နှာလေး သူ့တီရှပ်အရောင်လို ပန်းနုရောင်လွှမ်းသွား၏။ ထို့နောက် လင်းခ ဦးဆောင်ပြီး သူနဲ့ ရှက်နေသော မို့ကို ကြည့်ကာ –



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဟုတ်တယ်ဟ၊ ခုမှပဲ မိုက ပိုလှသွားတယ်"

"ရှင်တို့နော်"

"မိန်းမလှက ရှက်လေ လှလေပဲ၊ ဟုတ်ပါ့ကွာ၊ အခုမှ ပိုလှ ပိုကြွ"

"ဟဲ့"

မို ပို၍ရှက်ကာ မျက်နှာပြောင်ပြောင်နှင့် ပြောနေသော ထွန်းဆိုင်ကို လှမ်းထု၏။

အိမ့်ယုယက ဟန့်တား၏။

သီတာသိမ့်နဲ့ ဖင်မာသျှင်က –

"အမယ်၊ ဖာတ်လမ်းက ဒီလိုပေါ့လေ မို"

"အိုး မဟုတ်တာ"

"ဘာလို့မဟုတ်ရမှာလဲ၊ ယုယ ဟုတ်တယ်မဟုတ်လား"

အားလုံးက ယုယကို အတည်ပြုခိုင်းလေသည်။ မို ရှက်လိုက်တာ။ ယုယ ဖော်ကောင်လုပ်မှာကို စိုးလာသည်။ ယုယကလည်း သူ့အကြည့်ကြောင့် ပြောဖို့ဖြစ်လျှင် –

"ယုယနော် ရှင်"

"အား၊ နာတယ် မိုရဲ့"

မို ပြောလည်း ပြောရင်း ယုယပေါင်ကို ဆွဲလိမ်သည်။ ဒီတော့ ခါ အလိမ်ခံရသော အိမ့်ယုယက ဣန္ဒြေမဆယ်နိုင်အောင် နာသွား၏





နာသော်လည်း မျက်နှာပိုးမသေ။

"ယုယ မပြောပါဘူး မိုရယ်၊ မိုကို သူ ဘယ်လိုကြည့်တယ်၊ ဘယ်နှနာရီကြာအောင် ကြည့်တယ်၊ မျက်တောင်မခတ်စတမ်း ကြည့်တယ်ဆိုတာ မပြောရသေးပါဘူး"

"ဟား ဟား ဟား"

ယုယ မပြောရသေးကြောင်း ပြောပြနေတာက ပြောပြလိုက်တာနဲ့ မခြားတော့ပါ။

ဒါကြောင့် သူငယ်ချင်းအားလုံး မိုကိုကြည့်ရင်း ရယ်မောကြလေသည်။

မိုမျက်နှာလေး ပန်းရင့်ရောင်စိုလေ မို့အလှသွေး ဝင်းကြွလေ။

"တော်ပြီဟာ ရှင်တို့နားမှာ မနေတော့ဘူး"

ရှက်စိတ်မွှန်သွားသော တော်ဝင်မို သူငယ်ချင်းတွေဝိုင်းမှ ထပြေးလေသည်။ အိမ့်ယုယနှင့်သူငယ်ချင်းများ ရယ်မောမဆုံးတော့ပါ။

မို အစအနောက်မခံတတ်မှန်း သူငယ်ချင်းတွေ သိနှင့်ကြသည်။ အစအနောက်မခံတဲ့မိုကို စနောက်ရတာ ပိုပြီး ဇီလင်ရှိတယ် ဆုတ်လား။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"တီ တီ တီ"

မှီ့စလင်းဘက်ထဲမှ လက်ကိုင်ဖုန်းလေး မြည်လာသည်။ အိတ်ထဲမှ လက်ကိုင်ဖုန်း နှိုက်ယူရင်း နီးစပ်ရာဇရပ်ရိပ်အောက် ဝင်ခိုသည်။

ဒဂုန်ခင်ခင်လေးဇရပ်ရိပ်ခိုမိသည်နှင့် အဆက်မပြတ်မြည်နေသော လက်ကိုင်ဖုန်း ဖွင့်ကြည့်၏။ အိမ့်ယုယခေါ်မှန်းသိတာနှင့် ဖုန်းထူးလိုက်၏။

"ဟဲလို"

"ဟော့ မှီ အခုဘယ်မှာလဲ"

"ရွှေတိဂုံမှာဟ၊ foreigner တွေကို ဓာတ်ပုံရိုက်ဖို့ အားလပ်





ချိန်ပေးထားတုန်းမို့ ယုယဖုန်း ကိုင်နိုင်တာ၊ ကဲပြော ဘာကိစ္စလဲ"

မှီရိုက်လုပ်လာသော ပြင်သစ်ဖော်ရိန်နာစုံတွဲ စေတီတော်ပတ်လည် လျှောက်ကြည့်ပြီး ဓာတ်ပုံရိုက်နေကြသည်။

ထိုစုံတွဲကို မျက်ခြည်မပြတ်ကြည့်ရင်း ယုယကို မေး၏။ ယုယက အားတက်သရောဖြင့် –

"ပြောမှာပါ၊ ယုယလည်း foreigner တွေ စားသောက်နေတုန်း အချိန်လုပြီး ဆက်တာ၊ ပြောချင်လွန်းလို့"

"မြန်မြန်ပြောပါဟာ"

"ပြောမယ် သေချာနားထောင်၊ မှီရေ သူ့နာမည်က Edger တဲ့"

"Edger Edger ဆိုတာ ဘယ်သူလဲ"

"ဘယ်သူရှိရမှာလဲ၊ ရှင့်ကို နွေးနွေးထွေးထွေး ကြည့်ကြည့်နေတဲ့ Foreigner လေ"

"အိုး"

မှီ့မျက်နှာလေး ရဲရပြန်သည်။

"ဟုတ်တယ် မှီရဲ့၊ ယုယ စုံစမ်းလို့ သိရတာလေ၊ သူက အရှေ့တောင်အာရှလေကြောင်းလိုင်းတစ်ခုဖြစ်တဲ့ Edger လေကြောင်းကုမ္ပဏီက Boss တဲ့၊ Boss"

"အိုး ဘာ Boss ဖြစ်ဖြစ်၊ မှီနဲ့ မဆိုင်တာကြီးကို"



www.burmeseclassic.com

www.burmeseclassic.com



"အသို မဆိုင်ဘူးလို့ မပြောနဲ့၊ မို့ကို ဒီလောက်ကြည့်နေတာ ဆိုင်ချင်လို့ပေါ့ မို့ရဲ့"

"တော်စမ်းပါ၊ ရှင် ပါးစပ်ဖွာလွန်းလို့ ဝိုင်းဟားတာ ခံရပြီးပြီ၊ ခုတစ်ခါ ဘာဖွဦးမလို့လဲ၊ ယုယနော် ရှင့်ကို ခုကတည်းက ကြိုပြောထားမယ်။ သူနဲ့ ပတ်သက်ရင် ဘာမှလာမပြောနဲ့၊ ဘာသတင်းမှ မကြားချင်ဘူး။ သူ့နာမည် ဘာဖြစ်ဖြစ်၊ သူ ဘာဘော့စ်ဖြစ်ဖြစ်၊ မို့ စိတ်အနှောင့်အယှက်ဖြစ်အောင် မပြောပါနဲ့၊ ဒါပဲ မဟုတ်လား၊ ဖုန်းချလိုက်မယ်။ ဟိုမှာ မို့Foreigner လှမ်းခေါ်နေပြီ၊ ဒါပဲ သူငယ်ချင်း"

တော်ဝင်မိုးစကားကို ဒလဟောပြောချပြီး တီခနဲဖြတ်ပစ်လိုက်သည်။

မို့နဲ့မဆိုင်တဲ့သတင်း ပြောစရာလား။

အလိုက်မသိတဲ့ ယုယ။

တွေ့မှ ပေါင်တွင်းကြောပြတ်အောင် ဆွဲလိမ်ရမယ်။ တကယ်။

ယုယ အစပျိုးလိုက်ကတည်းက လုပ်ဖော်ကိုင်ဖက်တွေ တွေ့တာနဲ့ တဟဲဟဲရယ်ပြီး -

သူ့အကြည့်လေးက နွေးပါတယ်ကွယ်ဟု သီချင်းလိုလို ဘာလိုလို ဖိမ်ဆွဲပြီး ရွတ်ဆိုတတ်တယ်လေ။

သူတို့ ရွတ်တဲ့ ပြောင်စစရွတ်ဆိုကြလေ မို့ ဒေါသမျက်စောင်းထိုးလေ။





"လင်းခအကြည့်က တကယ်နွေးတာဟ"

သီတာသိမ့်က လင်းခကို မျက်စနှင့် ဆိုပြန်သည်။ လင်းခက အလျှင်ရယ်။

"တကယ်နွေးလား သီတာရယ်"

"နွေးပါ့ရှင် နွေးပါ့၊ ရှင့်အကြည့် နွေးလွန်းလို့ သီတာ ရွှေရင်ခုန်ရာက မလုံလဲဖြစ်ပြီး ရှောင်ရှောင်ပြေးနေရတာပါ ရှင်ရယ်"

"ကျွတ်"

သီတာသိမ့်နဲ့လင်းခက ပိုဆိုသည်။ အမူအရာတွေ ဘာတွေနှင့် ဟန်ကျကျပြောတော့ အားလုံးဝိုင်းရယ်ကြ၏။

အဟားခံရရင် မို့ ပိုရှက်ကာ ရှောင်ရသည်က အရင်။

မရှောင်လို့မှ မဖြစ်တာ။ သူတို့က အုပ်စုလိုက်လေ။ မို့က တစ်ယောက်တည်း။ ဘယ်လိုလုပ် ပြန်ချေပနိုင်မလဲ။

အဲဒါကြောင့်မို့ ဒင်းတို့အုပ်စုကိုပါ ရှောင်တာ။

ရှောင်နေတာတောင် အိမ့်ယုယက အလွတ်မပေး။ ဘယ်က ဘယ်လို စုံစမ်းလို့ရသွားသည်မသိ။ သူ့အကြောင်း ဖုန်းဆက်ပြီး တကူးတက ပြော၏။

မို့ စကားအပြတ်ပြောလို့သာ။

နောက်ဆိုမလွယ်။

သူ့အကြည့်နဲ့ တစ်ခါဆုံရတဲ့ မို့က သူငယ်ချင်းတွေ စနောက်



www.burmeseclassic.com

www.burmeseclassic.com



*ရေချမ်းသည့်အထိ ဘောင်ကျယ်နေမှ မကောင်းပါ။*

အဲဒီအတွက် သူ့ကိုပင် မျက်မုန်းကျိုးချင်သလိုလို။

သို့ပေမယ့် တကယ်ရင်ဆိုင်ရတုန်းက မျက်မုန်းကျိုးစိတ် သွင်းဖို့နေနေသာသာ၊ သူ့အကြည့်ကို ရှောင်ဖယ်ရင်း လှုပ်လှုပ်ရှားရှားဖြစ်ရတဲ့အခြေအနေ ခုတောင် မြင်ယောင်သေး။

ကုမ္ပဏီအခမ်းအနားပြီးတော့ ညစာစားပွဲ တစ်ဆက်တည်းကျင်းပ၏။ ညစာစားပွဲကျင်းပတိုင်း ကုမ္ပဏီလူကြီးများ၊ ဧည့်သည်များ၊ ဝန်ထမ်းများအားလုံး ရင်းရင်းနှီးနှီး ဝိုင်းဖွဲ့စားသောက်ကြ၏။

မို့စားပွဲမှာ သူ ခပ်ရဲရဲပင် ဝင်ထိုင်တယ်လေ။

"ကျွတ်"

မို့စိတ် တစ်မျိုးလှုပ်ခုန်သွားသည်။ ထထွက်သွားချင်ပေမယ့် လူမှုရေးအရ ထသွားလို့မရ။ အထူးသဖြင့် သူက မိုတာဝန်ထမ်းဆောင်ရသော တိုးကုမ္ပဏီဘော့စ်ဦးကြွယ်၏ ဧည့်သည်မဟုတ်လား။

"တော်ဝင်မို"

"ရှင်"

တစ်လုံးချင်းဖြစ်ပေမယ့် မြန်မာလို ပီပီသသ သူခေါ်၏။ မို့ကိုယ်လေး သိမ့်ခနဲတုန်ကာ 'ရှင်'ဟု လွှတ်ခနဲ ထူးမိသည်။

ထိုအခါ –

သူ ပြုံးရယ်ရင်း စိုက်ကြည့်၏။





မို ချက်ချင်း အကြည့်လွှဲလိုက်သည်။ သူ့အကြည့်က အနီးကပ်မို့ စူးရှနေသည်။ ဒါတင်မက သူ့မျက်ဝန်းဟာ ခတ်တစ်ခုခု ပျော်ဝင်နေသလို သံလိုက်အားလည်း ပါနေသည်။ တည်ကြည်ဟန်အပြည့်ရှိသော နှုတ်ခမ်းလှွှာပွင့်သွားကာ။

"Thank you"

ဟု ကြည်မြစွာဆို၍ မို့စားပွဲမှ သူ ထထွက်သွားသည်။ ဘာကြောင့် ကျေးဇူးတင်ရတာလဲ။

မို ဖျတ်ခနဲ မော့ကြည့်မိသည်က ဝေခွဲရခက်စွာ။

မိုက သူခေါ်လို့ ထူးမိတဲ့အတွက်ကြောင့်လား။

အိုး။

မို့ကို ဘယ်သူခေါ်ခေါ် မို ထူးရမယ်လေ။ အဲဒါ ဘာကျေးဇူးတင်စရာရှိလဲ။ ကျေးဇူးတင်ချင်းတင် မိုက ကျေးဇူးတင်တယ်လို့ ပြောလိုက်ရမှာ။

သူ ထထွက်သွားလို့လေ။

သူသာ မို့ရှေ့မှာ ဆက်ထိုင်ပြီး မို့ကို တစိမ့်စိမ့်ကြည့်နေမယ်ဆိုရင် အားလုံးရိပ်မိကုန်တော့မယ်။

ခုတောင် မို့ရှေ့ သူရောက်လာတာကို အားလုံးနီးပါး သတိထားမိကြသည်မဟုတ်လား။

ဦးကြွယ်ဆို မဆီမဆိုင် မို့ကို လှမ်းရယ်ပြသည်။



www.burmeseclassic.com

www.burmeseclassic.com



မို့မှာ နေရခက်ခက်ဖြစ်သလို စိတ်လည်းမငြိမ်။ လေတိုးခံရသော သစ်ရွက်စိမ်းကလေးလို တလှုပ်လှုပ်ဖြစ်ကာ –

ညစာပင် ဖြောင့်ဖြောင့်တန်းတန်း မစားဖြစ်။

ဟင့်အင်း။

တော်ပြီ။

မို ဆက်မတွေးချင်။ ခေါင်းယမ်းကာ သူ့ပုံရိပ်ကို နှင်ထုတ်၏။ မို့စိတ်ကို အလုပ်ထဲ ပြန်ထည့်သည်။

လက်ရပ်ခေါ်နေသည့် Foreigner ဆီ မို သုတ်ခနဲ့ ထွက်ခဲ့လေသည်။

မစ္စတာ Edger ရှင်နဲ့ နောက်တစ်ကြိမ် မဆုံကြတော့။

✿ ✿ ✿



## အခန်း (၅)

"ညီမ မိုရေ ပြန်ရောက်ပြီလား"

တံခါးကို လာပုတ်ရင်း မေးလာသော မမတော်ဝင်စံရယ်။ မို အဝတ်လဲနေရင်း ဆိုသည်။

"ရောက်ပြီ မမစံရဲ့၊ အဝတ်လဲနေလို့ ရေချိုးပြီးရင် ထွက်ခဲ့မယ်လေ"

"အေး ထွက်ခဲ့၊ ထမင်းပွဲ ပြင်ထားမယ်"

မမစံပြောပြီး ပြန်လှည့်သွားသောခြေသံ ကြားရသည်။ မို အဝတ်လဲပြီး ရေချိုးခန်းထဲ တန်းဝင်သည်။

တစ်နေ့လုံး ပင်ပန်းသမျှ ရေတစ်ဝချိုးလိုက်ရင် လန်းဆန်းစမြဲ။



www.burmeseclassic.com

www.burmeseclassic.com



ပို၍လန်းဆန်းသွားစေဖို့ မို ဆံပင်တွေပါ လျှော်လိုက်၏။

မြန်မာအင်္ကျီလက်ပြတ်ကို ရင်ဖုံးယောင်ယောင် တစောင်းချုပ်ကာ မမစံက ဒီဇိုင်းထွင်၏။ ထဘီနီမြန်မြန်နှင့် တွဲဝတ်သည်မို့ မို့လက်မောင်းလုလုလေးက ဝင်းဖန့်စွာ ပေါ်လွင်လျက်။

ဝတ်ဆင်တာနဲ့ လိုက်ဖက်အောင် နောက်တွဲဆံထုံး ထုံးဖွဲ့၍ ပန်းပွင့်ကြီးကြီးတစ်ပွင့် ပန်တတ်သည်။

တင်ပါးအောက်ရောက်သော မို့ဆံပင်က ထုံးဖွဲ့လိုက်ရင် မို့ကိုယ်နေဟန်ကြော့ကြော့နှင့် ဟန်ချက်ညီသောအနေအထားဖြစ်၏။

မို့နဲ့တူအောင်ဆိုပြီး ယုယတို့ လိုက်ပြင်ပါသည်။ သို့သော်လည်း မိုက မို။ ယုယက ယုယဖြစ်လျက်။ နောက်ဆုံးတော့ ဒင်းတို့လက်လျှော့ကာ။ အဆင်ပြေရာဝတ်စုံ ရွေးဝတ်၏။

လိုအပ်လျှင် ကုမ္ပဏီတံဆိပ်ပါသော အပြင်ခံ ထပ်ဝတ်လိုက်ရင်ဖြစ်ဖြစ် အပြင်ခံမဝတ်ရင်ဖြစ်ဖြစ် မိုက ကြည့်လိုက်တိုင်း ရှင်းရှင်းထင်ပေါ်ကာ လန်းဆန်းသောပန်းကလေးနှယ် လှကြွလို့ရယ်။

ဆံပင်ခြောက်အမြန်အောင် ရှန်ပူနဲ့သာ လျှော်လိုက်ရသည်။ နှင်းဆီရနံ့ ရှန်ပူက မို့ဆံပင်မှာ သင်းလျက်။

ရေချိုးပြီးမှ ဆံပင်အုံကို ဘီးနဲ့ရှင်းပြီး အလျားလိုက် ချ၏။ အိမ်နေရင်ဝတ်သော ဂါဝန်တစ်ပတ်ရစ်ကို ထုတ်ဝတ်၏။

မိုတို့အိမ်က တစ်ထပ်တိုက်ပုလေးသာ။ အိပ်ခန်း သုံးခန်း။





ဘုရားခန်းနှင့် တစ်ဆက်တည်းဧည့်ခန်း။ မီးဖိုဆောင်မျှသာ ပါသည်။

အိမ်သာနဲ့ရေချိုးခန်းတော့ အခန်းတိုင်းမှာ ပါသည်။

မမစံနဲ့ ခဲအိုက တစ်ခန်း။ မေမေနဲ့ဖေဖေက တစ်ခန်း။ ဖေဖေဆုံးသွားတော့ မေမေတစ်ယောက်တည်းရယ်။ ဒါပေမဲ့ မမသမီးကြီးကေရီတော်ဝင်လေးက မေမေနဲ့ ညအိပ်သည်။

မိုက သီးသန့်တစ်ခန်းနေ၏။

တိုက်ပုလေး ငယ်ပေမယ့် မိုတို့မိသားစု လွတ်လွတ်လပ်လပ်နေလို့ရပေသည်။ တိုက်ကြီးတာကြီးနဲ့နေသော အိမ့်ယုယကတော့ မိုရယ်နှန်းကျပ်လိုက်တာဟု မို့ဆီလာလည်တိုင်း ပြောနေကျစကားဖြစ်သည်။

အင်းလေ။ အခြေအနေချင်းမှ မတူတာ။

ယုယမိဘက ရွှေသူဌေးလေ။ ရွှေအရောင်းစင်တာလေးခုဆောင် ပိုင်သည်။

ယုယက အေးအေးသက်သာစွာ၊ ရွှေဆိုင်မထိုင်။

ဝါသနာမပါဟုဆိုကာ ယုယအမျိုးသား ကိုသောင်းညွှန့် မြို့ဆိုကြားထဲမှ ပင်ပန်းသော ဧည့်လမ်းညွှန်အလုပ် ဝင်လုပ်ခြင်းရယ်။ မိုနဲ့ ကုမ္ပဏီအတူမို့ ရင်းနှီးလျက်။

လုပ်ဖော်ကိုင်ဖက်အားလုံးထဲမှာ ယုယနဲ့မို အရင်းနှီးဆုံးဖြစ်သည်။

"မို ယောက်ျားယူရင် တိုက်ကြီးတာကြီးပိုင်တဲ့သူကိုယူ၊ ဒါမှ



www.burmeseclassic.com

www.burmeseclassic.com



မို့ဆီလာလည်တဲ့အခါ ယုယ မွန်းကျပ်မနေမှာ”

“အမယ်၊ ရှင် မွန်းကျပ်မနေအောင် မိုက တိုက်တာကြီးတဲ့ သူကို ရှာယူရဦးမယ်၊ အဲ့လိုလား”

“အေးပေါ့ဟ”

“ယူပါဘူး၊ မိုက မိုချစ်တဲ့သူဆို တဲစုတ်စုတ်နဲ့ ဖြစ်ပစေ ယူမှာပဲ”

“အမယ်၊ တဲစုတ်စုတ်နဲ့ကောင်ကိုတော့ မယူပါနဲ့ မိုရယ်၊ တဲစုတ်လေး ပြိုကျသွားရင် ဒုက္ခ၊ ဟင့်အင်း မဖြစ်ဘူး၊ ယုယရဲ့ ဦးလေး အငယ်ဆုံးလေးကို ယူလိုက်”

“ဘာ ဘာပြောတယ်၊ ယုယဦးလေးနဲ့”

“ဟုတ်တယ်လေ၊ ယုယဦးလေဆိုပေမယ့် ယုယထက် တစ်နှစ်ပဲ ကြီးတာ၊ ဘွားဘွားဆုံးပြီးကတည်းက ဦးလေးက တစ်ယောက်တည်း တိုက်ကြီးမှာ နေရတာ ပျင်းလို့ဆိုပြီး ယုယတို့တိုက်မှာ ပြောင်းနေတာလေ၊ တိုက်ကြီးက သော့ပိတ်ထားရတာ၊ ဦးလေးနဲ့ယူရင် တိုက်ကြီးပေါ် မို့ ဖိမ်နဲ့ နေ့ပ်ရုံပဲ၊ ဦးလေးကလည်း ရွှေသူဌေးလေ၊ မို့ Guide လုပ်စားစရာ မလိုဘူး၊ ရွှေသူဌေးမ လုပ်ရုံပဲ”

“ဟွန်း ခုမှ အောင့်သွယ်တော်ကြီးနဲ့ လာတွေ့နေတယ်”

“တကယ်ပြောတာ၊ မိုသာ ခေါင်းညိတ်ရင်”

“တော်ပါ ရှက်စရာကြီး”





“ဘာရှက်စရာရှိလဲ၊ ယောက်ျားယူတာပဲဟာ မရှက်နဲ့ သူလည်း မရှက်၊ ကိုယ်လည်းမရှက်၊ အဲဒီတော့မှ ဗီလင်တက်တာ”

“သွားစမ်းပါ၊ ပြောရင်း ပြောရင်း စည်းလွတ်လာပြီ၊ အဲဒါ ကြောင့် ရှင်တို့လို ယောက်ျားယူထားတဲ့ မိန်းကလေးတွေနဲ့ စကားမပြော ချင်တာ၊ စကားပြောရင် ဟိုမလွတ် ဒီမလွတ်နဲ့”

“အရသာလေ၊ အရသာ”

အိမ့်ယုယက မျက်နှာပိုးမသေ။ လျှာဖျားလေးထုတ်ပြပြီး အရသာဆိုတာကို ဖိမ်ခံရှုတ်ပြနေသေး။

မို့ အမြင်ကတ်ကာ ပေါင်ကြောဆွဲလိမ်လိုက်မှ အော်ဟစ်ရင်း စကားကြောဖြတ်၏။

ယုယက အဲသလို သူငယ်ချင်း။

မိုကတော့ မို့အခန်းကျဉ်းလေးနဲ့ ဖေဖေ ပင်စင်ယူပြီး ဆောက်လုပ်ပေးတဲ့ ဒီတိုက်ပုလေးကို သဘောကျသည်။

မိသားစုဝင်အားလုံး နီးနီးကပ်ကပ်လေးမို့ နွေးနွေးထွေးထွေး ရှိတယ်လေ။

ဂါဝန်ဝတ်ပြီး မှန်တင်ခုံရှေ့ထိုင်ကာ ခြေလက်လည်ပင်းနှင့် မျက်နှာကို အသားလိမ်ခရင်မ် လိမ်း၏။

လိုးရှင်းနံ့လေး မွှေးပျပျ။

နှင်းဆီနံ့သင်းသော ဆံပင်ကလည်း တြိုင်လှိုင်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



မိုစိတ်၊ မိုကိုယ်လေး တကိုယ်ကို လန်းဆန်းစင်ကြယ်နေတော့သည်။ ထို့နောက် အခန်းထဲမှထွက်ကာ။

✿ ✿ ✿



## အခန်း (၆)

"မိုကို ပေးစရာရှိသေးတယ်၊ နေဦး မမစံ ယူပေးမယ်"

စားပြီးသောက်ပြီးတာနဲ့ မို အိပ်ငိုက်လာသည်။ မိသားစု ဝိုင်းဖွဲ့ပြီး ဗီဒီယိုဇာတ်ကားကြည့်နေရာမှ မိုထလျှင်။ မမစံ သတိတရပြောရင်း အခန်းထဲ ဝင်သွားသည်။

မမစံ အခန်းထဲက ပြန်ထွက်လာတော့ ပန်းနုရောင်ပါကင်ပေပါနှင့် ထုပ်ထားသော ပါဆယ်ခပ်ရှယ်ရှယ်တစ်ထုပ်။

"ဘယ်သူပေးတာလဲ မမစံ"

"လူရွယ်လေးတစ်ယောက်ပဲ၊ မိုနာမည်နဲ့ လာပို့သွားတာ နှုတ်ခင်းကတည်းက"

www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း ဘယ်သူမှန်း မသိဘူး"

"ယုယပဲဖြစ်မှာပေါ့ မှီရယ်၊ မှီသူငယ်ချင်း တစ်ခါတစ်ရံ မထင်မှတ်တာတွေ လုပ်တတ်တယ် မဟုတ်လား၊ ကဲ မှီဘာသာမှီ သွားဖွင့်ကြည့်တော့၊ မမစံ ဇာတ်လမ်းဆက်ကြည့်ဦးမယ်"

မမစံ ဧည့်ခန်းထဲ ပြန်ဝင်သွားသည်။ မှီက ပါကင်ကလေးကိုင်ကာ အိပ်ခန်းထဲ တန်းဝင်သည်။

ပါကင်ကြောင့်ထင်တယ်။ အိပ်ဒိုက်တာ ပြယ်ချင်ချင်။

မမစံပြောသလို ယုယပဲဖြစ်မယ်။

တစ်ခါတုန်းကလည်း ဒင်း ဒီလိုပဲလုပ်ဖူး၏။ မှီနာမည်နဲ့ ပါကင်တစ်ထုပ်ရောက်လာလို့ မှီ စိတ်လှုပ်ရှားစွာ ဖွင့်ကြည့်ပါသည်။

ပါဆယ်တွင်းမှ စာတစ်စောင်ထွက်လာမည်။

ဖွင့်ဖတ်ကြည့်တော့ –

မှီ။ အိပ်ပျော်အောင်အိပ်။ ဒါပဲ။

လက်မှတ်နေရာမှာ ယုယဟု ရေးထားသည်။

အဲဒီတော့မှ ယုယ အစုတ်ပလုတ်မ နောက်မှန်း သိတော့သည်။

ခုလည်း ဒင်းလက်ချက်ပဲ ဖြစ်မယ်။

ဟုတ်တယ်ဆိုရင်တော့ ဒင်းကိုလည်း မှီ တစ်ခုခု နောက်ပြောင်ရမည်ဟု တွေးကာ။





ခုတင်ပေါ် တင်ပါးလွှဲထိုင်၍ ပါကင်ဖွင့်၏။ ပါကင်တွင်းမှာ အသည်းပုံကတ္တီပါ ထွက်လာသည်။

ဖွင့်ကြည့်လိုက်တော့ မီးရောင်ကြောင့် လက်ဖြာသော အလင်းရောင်က မှီမျက်လုံးပင် ကျိန်းရှမတတ်။

ဘုရားရေ။

မှီ ရင်ဘတ်ဖိမတတ် အံ့ဩရ၏။

သရဖူပုံ စိန်ပွင့်ခြယ်ထားသော ရင်ထိုးတစ်ခု။ မှီ မှင်တက်ငေးမောသွားသည်။

ဒီရင်ထိုးက ရွှေနဲ့စိန် အစစ်တွေဖြစ်မှန်း မှီ သိလိုက်သည်။ မမစံယောက္ခမဆီက၊ မမစံ ငှားပြီး ဆင်ပေးလိုက်သော သရဖူပုံစံထက် လက်ရာပိုကြွ၏။

စိန်ပွင့်သွေးတာကအစ လှ၏။

ဒါကြောင့် မီးရောင်ထိသည်နှင့် အလင်းရောင် ပြန့်ထွက်လာခြင်း။

နေပါဦး။ ဒီလောက်တန်ဖိုးကြီးတဲ့ပစ္စည်းကို ဘယ်သူက လာပေးခိုင်းတာလဲ။

ဘုရားရေ။

လိပ်စာမှားပြီး ရောက်လာတာလား။

ပါကင်ပေါ်က လိပ်စာကို ပြန်လှန်ကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com



တော်ဝင်မှီ။

ပြီးတော့ မှီတို့ အိမ်လိပ်စာအတိအကျ။

အလို။

မှီ အံ့ဩလွန်းလို့ ကိုယ်လုံးလေးပင် ခွေလုမတတ် ဖြစ်ရလေသည်။ သရေဖူလေးကို ပြန်ချုရင်း စာရွက်ခေါက်ကို ကမန်းကတန်း ဖွင့်ဖတ်၏။

"တော်ဝင်မှီ"

မောင်ခေါ်တာ ထူးတဲ့အတွက် ကျေးဇူးတင်တယ်လို့

ထပ်ပြောပါရစေ။

ဘုရားရေ။

ညီညာဝိုင်းစက်သော စာလုံးလေးတွေကြားမှ သူ့မျက်နှာ ဘွားခနဲ ပေါ်လာသည်။

ထို့ပြင် –

လက်မှတ်နေရာမှာ ရေးထိုးထားတဲ့ နာမ်စား။

မောင်တဲ့လား။

မဟုတ်ဘူး။ ဟင့်အင်း။

ယုယပြောတော့ Edger တဲ့။

အိုး Edger ဖြစ်ဖြစ် မောင်ဖြစ်ဖြစ်။

ခုတင်ပေါ် ထိုင်နေရာမှ မှီ ဝုန်းခနဲ ထကာ အားသွင်းထား





သောဖုန်းကို ချက်ချင်း ဖြုတ်ယူသည်။

ရှင့်ဟာတွေ ရှင် အခု ပြန်ယူဟု ပြောပစ်လိုက်မယ်ဆိုသည့် စိတ်ကူးဖြင့် ဖုန်းနံပါတ်ကို နှိပ်ဖို့ပြင်သည်။

တကယ်တမ်း ဖုန်းနံပါတ် နှိပ်မလို့ဖြစ်ပြီးမှ သူ့ဖုန်းနံပါတ် ဒီမှ မသိတာ။

နေဦး ယုယတော့ သိနိုင်တယ်။ ယုယကို မေးရင်ကော။

ယုယလည်း သိမတဲ့လား။ မသိလို့ ကုမ္ပဏီလှမ်းမေးရင်ကော။ ဘာကိစ္စလဲ။ ဘာညာ မေးလာဦးမယ်။

အဲဒီတော့မှ မှီ့ပါးစပ်နဲ့မှီ သတင်းပေးသလို ဖြစ်နေမှာလေ။

ဟင့်အင်း။

ဒီကိစ္စ လူသိမခံနိုင်။

သူ့ကြောင့် မှီ အစအနောက်ခံနေရတာ ရှက်လှပြီ။ ဒီကိစ္စ ပြီးတော့ ရှက်စရာ ဖြစ်နေလိမ့်မယ်။

အဓိက သူ့ပစ္စည်း သူ့လက်ထဲ ပြန်ထည့်။

နောက် ဘယ်တော့မှ ဒါမျိုး မပြုမူပါနဲ့လို့ပြော။ ပြီးရင် ချာခနဲ ပြန်လှည့်ခဲ့။

ဟုတ်ပြီ။

မှီစိတ်ကူးမိသည့်အတိုင်း စာခေါက်နဲ့ရင်ထိုးကို ကတ္တီပါဘူးသဲ ပြန်ထည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကတ္တီပါဘူးကို လက်ကိုင်အိတ်ထဲ အသင့်ထည့်ကာ။

မို အိပ်မပျော်နိုင်တော့ပါ။

သူ့ပုံရိပ်တွေ အထပ်ထပ်မြင်ရင်း။

✿ ✿ ✿



## အခန်း (၇)

"ဟော မို၊ မိုရောက်လာတာနဲ့ အတော်ပဲ၊ ခုပဲ မို့ဆီ ဖုန်းဆက်ရေလို့"

ကုမ္ပဏီသည့်ကြိုခန်းဆီ မို ခြေချမိသည်နှင့် Boss ၏ ရုံးခန်းအရေးမ သီသီကျော် လှမ်းပြောလေသည်။

သီသီကျော့်အလုပ်စားပွဲဆီ မို လျှောက်သွားရင်း –

"ညီရောက်လို့လား မမသီ"

"Boss က တွေ့ချင်လို့တဲ့"

"ဘာ ဘာပြဿနာဖြစ်လို့လဲ မမသီ"

မိုတို့ရဲ့တိုးကုမ္ပဏီသူဌေးကြီး ဦးကြွယ်က တော်တော်နှုံးကိုစွ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဘယ်ဝန်ထမ်းနှင့်မျှ တွေ့လေ့မရှိပါ။

သက်ဆိုင်ရာတာဝန်ခံတွေနဲ့သာ ကိစ္စပြီးတတ်သည်။

ဖြေရှင်း၍ မရသော၊ ကိုင်တွယ်ရခက်သော၊ ပြဿနာကြီးကြီးမားမားဖြစ်လာမှ သက်ဆိုင်ရာတာဝန်ခံက Boss ကို တင်ပြကာ၊ ထိုသို့သောကိစ္စကြီးကိုမှ ဦးကြွယ်က ဝန်ထမ်းနှင့် ထိပ်တိုက်တွေ့၏။

Boss နဲ့တွေ့ပြီးတဲ့ ဝန်ထမ်းအများစုကလည်း အလုပ်ပြုတ်တာ များလေသည်။ ထိုအကြောင်းတွေ သိနှင့်တာမို့ မို စိုးရိမ်တကြီးမေး၏။

သီသီကျော်က သူမလည်း ဘာမှမသိတာမို့။

"မသီလည်း ဘာပြဿနာမှ မကြားမိဘူး၊ ဦးကြွယ်က ဒီနေ့မှ အကြောင်းမကြားဘဲ ပေါက်ချလာတယ်၊ လာတာနဲ့ မိုကို မေးတယ်၊ မို foreigner တွေကို လေဆိပ်ဆင်းကြိုတယ်လို့ မမသီ ပြောတယ်၊ အဲဒါနဲ့ ဖုန်းခေါ်ကြည့်စမ်းတဲ့၊ မမသီလည်း ဖုန်းခေါ်မလို့လုပ်တုန်း မို ရောက်လာတာပဲ"

"မိုလည်း foreigner တွေကို ဟိုတယ်ပို့ပြီးတော့ ဒီကို တန်းလာတာ၊ မိုတော့ အလုပ်ပြုတ်ပြီလား မသိဘူး မမသီရယ်"

"ဒီလောက်လည်း စိတ်ပူမနေပါနဲ့၊ စိတ်အေးအေးထားပြီး သွားတွေ့လိုက်၊ ရုံးခန်းထဲမှာ ဦးကြွယ် ရှိနေတယ်၊ ညွှန်သည်လည်း မို့တယ်၊ သတိရှိရှိသွားဦး မို"





"ဟုတ်၊ ကျေးဇူးတင်တယ် မမသီရယ်"

မမသီ စာစာနာနာ ပြောသည်။ မမသီကို မို ကျေးဇူးတင်ကြောင်း ပြောရင်း စိုးရိမ်နေသော မျက်နှာလေးကို ဣန္ဒြေထိန်းလိုက်ရသည်။

အလုပ်ထုတ်တော့လည်း ထွက်ရုံပေါ့။

ဘာတတ်နိုင်မလဲ။

လောလောဆယ် အတည်ငြိမ်ဆုံးရင်ဆိုင်ဖို့ လိုအပ်သည်လေ။ သို့ကြောင့် တည်ငြိမ်သော မို့ရဲ့မူပိုင်ဟန်လေးဖြင့် ဦးကြွယ်ရုံးခန်းရှေ့ ခဲ့၏။

အသက်ကိုဝအောင်ရှူသွင်းကာ ရင်ဆိုင်ရန် အားအင်အသစ်ပြည့်တင်းပြီး အခန်းတံခါးခေါက်၏။

"ဝင်ခဲ့"

ချက်ချင်းပဲ ဦးကြွယ်၏ကြည်လင်သောအသံ ကြားရသည်။ ကြွယ် အသံကြည်နေတာမို့ မို ပို၍တည်ငြိမ်သွား၏။ ထို့နောက် အနက်ရောင်မှန်တံခါးကြီး တွန်းဖွင့်ကာ မျက်လွှာစင်းချလျက် ဝင်သည်။

လေအေးပေးစက် ဘယ်လောက်တောင် အရှိန်တင်ထားသည် သိပါ။ ဦးကြွယ်ရုံးခန်းထဲ ခြေချမိသည်နှင့် မို့တစ်ကိုယ်လုံး အေးခနဲ သွား၏။

"လာ သမီး"



www.burmeseclassic.com

www.burmeseclassic.com



ဦးကြွယ်၏လှိုက်လှဲသံကြောင့် မို့ အသက်ဝဝရှူကာ ဦးကြွယ်ကို ကြည်လင်စွာ ပြုံးပြပြီး . . .

"Boss ခေါ်တယ်ဆိုလို့"

"ဟုတ်တယ်၊ သမီးကို Edger စကားပြောချင်လို့တဲ့"

"ရှင်"

"သမီးတို့ ပြောနှင့်ကြ၊ အန်ကယ် အပြင်ခဏထွက်မယ်"

ပြောပြီး ထိုင်ရာမှထသော Boss ကို မို့ ထိတ်ပျာဟန်နှင့် မော့ကြည့်မိ၏။ ဦးကြွယ်က တည်ငြိမ်စွာ ပြုံးပြပြီး ထထွက်သွားဖို့ ပြင်သည်။

"ဘော့စ်"

မို့ အထိတ်တလန့် ခေါ်လိုက်ပေမယ့် အသံထွက်ပေါ်မလာချေ။

Boss က သူ့ကို လက်ပြ၍ နှုတ်ဆက်ထွက်သွား၏။ ဘုရားရေ၊ မို့ စိတ်တွေ အေးခဲလာသလို ခံစားရ၏။

သူ ဆိုဖာရှည်ပေါ်မှ ထလာလျှင် မို့ကိုယ်လေးက ရေခဲရိုက်ထားသော ငါးတစ်ကောင်နှယ် အေးခဲတောင့်မတ်လျက်။

မို့ လက်ဆွဲအိတ်လေးကို တင်းနေအောင် ဆုပ်ကိုင်မိစဉ် မို့ စိတ်ကိုမို့ ပြန်လည်မာန်တင်လိုက်နိုင်သည်။

ဟုတ်တယ်။





မာန်မတင်း၍ မရပါ။

သူနဲ့မို့ တွေ့ရမယ့်အကြောင်း ရှိသလို၊ ပြတ်ပြတ်သားသား ပြောထုတ်ဖို့ ကြိုတင်စီစဉ်ထားပြီးသား။

"တော်ဝင်မို့"

သူ့ခေါ်သံက ကြည်လင်ပေမယ့် အရှိန်အဝါတစ်မျိုး လွှမ်းနေသည်။ သူခေါ်ပေမယ့် မို့ မထူးပါ။

လက်ဆွဲအိတ်ဆွဲဖွင့်ပြီး ကတ္တီပါဘူး ထုတ်သည်။

မို့ ချက်ချင်းမထူးတော့ မို့နား သူ တိုးလာသည်။ ထိုအခါ လိမ္မော်ရနံ့လိုလို၊ သံပရာရနံ့လိုလို မွှေးရနံ့တစ်မျိုး သူ့ကိုယ်ငွေ့နှင့်အတူ ပျံ့လွင့်လာသည်။

မို့ မရှုရှိုက်ဖြစ်။

အသက်အောင့်ထားလိုက်သည်။

"ရော့ ဒီမှာ ရှင့်ပစ္စည်း"

မို့ စိမ်းစိမ်းကြီးပြောရင်း ကမ်းပေးလိုက်သည်။

သူက ကတ္တီပါဘူးနှင့် မို့ကို တစ်လှည့်စီကြည့်ရင်း –

"မို့ကို မြတ်နိုးလို့ မောင် လက်ထပ်ခွင့်တောင်းတာပါ"

"ဘာရယ်"

မို့တစ်ကိုယ်လုံး ဆတ်ခနဲ တုန်ခါသွား၏။ သူ့ကိုလည်း ပြူးပြူးပြဲပြဲ ကြည့်၏။ အကြည့်ချင်းအဆုံးမှာ ရူးရှူးမှုတွေဖြစ်တည်လျက်။ သူ့



www.burmeseclassic.com

www.burmeseclassic.com



အကြည့်ကို မို တာရှည်မခံနိုင်။ မို ခေါင်းလေး တွင်တွင်ရမ်းမိ၏။

"မောင့်ကို လက်ခံပေးပါ မိုရယ်"

သူ့အကြည့်က မို့စိတ်ကို ယိုင်နဲ့စေသလိုလိုဖြစ်ရုံမကသေး ကတ္တီပါဘူးနှင့်အတူ မို့လက်တစ်ဖက်ကို ပိုင်ပိုင်ရဲရဲ ဆွဲယူခြင်းခံရ၏။

"မို"

သူ့လက်ချောင်းတွေမှ မို့တစ်ကိုယ်လုံး ပူနွေးကာ တစ်ဖက်နှင့် ကိုင်ထားသော လက်ကိုင်အိတ်လေး မို့လက်ထဲမှ လွတ်ကျ၏။

"အို"

ကယောင်ကတမ်းနှင့် မို့လက်ကို မို ပြန်ဆွဲယူသည်။ သူက တင်းနေအောင် ဖျစ်ဆုပ်ရင်း လက်ဆွဲအိတ် မရှိတော့သည့် မို့ကျန်လက် တစ်ဖက်ကို ဆွဲယူပြန်သည်။

ထိုအခါ မို့မျက်နှာ ထူပူသလို ရှက်ဒေါသလည်း ရန်းကြွလာ သည်။

ထို့ကြောင့် –

"ဖယ်၊ လွှတ်"

မို ရုန်းသော်လည်း သူ အရေးမထား။ စူးရှသောအကြည့်နှင့် အတူ မို့ကို ဆွဲဖက်လျှင် –

"တောက်"

မို့ဒေါသက မြွေဟောက်တစ်ကောင်လို ရုတ်ခြည်း ပါးပျဉ်း





ထောင်ပြီးသားဖြစ်ကာ သူ့ရင်ဘတ်ကို ဆောင့်တွန်းပစ်၏။

တွန်းပစ်သည့်နောက်မှာ ဆိုဖာရှည်ပေါ် အိခနဲကျသံ ကြား၏။

သူ့ကိုယ်တင်မဟုတ်၊ မလွှတ်တမ်းဖက်တွယ်ထားသော သူ့ရင်ခွင်ထဲမှာ မို့ကိုယ်လုံးလေးပါ ပါသွားချေပြီ။

"တောက်၊ ရှင်"

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"တောက်"

မီ ရှက်လိုက်တာ။ ရှက်လွန်းလို့ မီ့မျက်နှာ ဘယ်နေရာ ထိုးထည့်ရမှန်း မသိတော့ပါ။

မီ မှန်မကြည့်ရဲ၊ မီ့မျက်နှာမြင်ရမှာ ရှက်လွန်းနေသည်။ ရှက်လွန်းလို့ မီ ငိုချလိုက်သည်။

ထိုစဥ်ကလည်း ငိုသည်။

ခုလည်း ငိုနေပါသည်။

ထိုနေ့ကတည်းက မီ အလုပ်ထွက်ကြောင်း တစ်ပါတည်း ပြောခဲ့သည်။ နောက်ရက်တွေ အလုပ်မသွားတော့ မေမေတို့ မမစံတို့





အရင်လိုပဲ Foreigner မရှိလို့ နားနေသည်ဟု ထင်သည်။

ဦးကြွယ်တို့လူကြီးတွေ မေမေ့ဆီရောက်လာကြမှ မေမေနဲ့မမစံ သိရှိတော့သည်။

မမစံက မီ့အခန်းထဲ ရောက်လာပြီး –

"မီရယ် ဟိုက လက်ထပ်ခွင့်တောင်းတဲ့ဟာကို"

"လက်ထပ်ခွင့်တောင်းရအောင် မီနဲ့သူက ချစ်သူတွေမဟုတ်ဘူး မမစံ"

မီ မနှစ်မြို့စွာ ပြန်ပြော၏။ ထိုအခါ မမစံ ရယ်ရင်း မျက်စောင်းထိုးသည်။ မီ့ပါးပြင်ထက်မှ မျက်ရည်စတွေကိုလည်း ဝိုင်းကူသုတ်ပေး၍

"ချစ်သူဖြစ်မှ လက်ထပ်ခွင့်တောင်းရတယ်လို့ ဘယ်စာမှာ ဆိုထားလို့လဲ ညီမရဲ့"

"အို မသိဘူး၊ ဘယ်ကမှန်းမသိ၊ ဘာမှန်းမသိတဲ့ တစ်နိုင်ငံသားကို မီက ဘာကိုယုံပြီး လက်ထပ်ရမှာလဲ မမစံ"

"သူ့အကြောင်း ညည်း မသိသေးလို့ပါ၊ ဒီမှာ မမ ပြောပြမယ်"

"မပြောနဲ့၊ မသိဘူး၊ မီ ဘာမှမသိဘူး၊ ဘာမှလာမပြောနဲ့၊ မီ အလုပ်ထွက်လိုက်ပြီ၊ အိမ်မှာပဲ နေတော့မယ်၊ ဒီအကြောင်း လာမပြောနဲ့ မမစံ၊ မီ ရှက်တယ်၊ မီရှက်တာပဲ သိတယ်"

မီ ပြတ်ပြတ်ပြောပြီး တစ်ဖက်စောင်းလှဲအိပ်ကာ စောင်ကို ခေါင်းမြီးခြုံထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့မှ မမစံ သက်မချသည်။ ထို့နောက် စိတ်လျှော့ပြီး မို့အခန်းထဲမှ ထွက်သွား၏။

မမစံ မရှိတော့မှ မို စိတ်ရှိလက်ရှိ ငိုချင်းရှည်ချသည်။

"ဟီး"

✿ ✿ ✿



## အခန်း (၉)

"ဟိတ်"

"အမေ့"

မို လန့်ဖျန့်ကာ သောက်လက်စအအေးပါ သီးကုန်သည်။ …အးခွက်ကို ပြန်ချရင်း တစ်သျှူးဖြင့် နှုတ်ခမ်းတစ်ဝိုက် စိုကုန်သော …အးတို့ကို အရင်တို့သုတ်ရသည်။

"အမယ် ဘာလန့်စရာပါလဲ၊ မှန်းစမ်း လန့်ရတဲ့အရှိန် ဒီကရီ …လောက်လဲလို့"

"ဟဲ့ ရှင်တို့ ဘယ်လိုဖြစ်နေတာလဲ"

မို စိတ်အချဉ်ဖောက်လေသည်။ မို မျက်နှာထားနှင့် ပြောလော်



www.burmeseclassic.com

www.burmeseclassic.com



လည်း သီတာသိမ့်တို့ မျက်နှာမပျက်။

မို့ တစ်ယောက်တည်း ခြိတ်ထဲဆင်းထိုင်ပြီး ကလေးလို မုန့်တွေစား၊ အအေးသောက်နှင့် စည်းစိမ်ယူနေခြင်း။

မို့ အအေးသောက်ကောင်းတုန်း ဒင်းတို့တစ်သိုက် ရောက်လာခြင်းဖြစ်သည်။

"ဘာဖြစ်နေရမှာလဲ တော်ဝင်မို့ရယ်၊ ပျော်နေတာလေ ပျော်ကြတာ၊ မကြာခင် မင်္ဂလာပွဲ နွှဲရတော့မယ် မဟုတ်လား"

စားပွဲဝိုင်းမှာ ဝင်ထိုင်ရင်း လင်းခ ပြောသည်။

"ဟုတ်ပ့ါ၊ ဒါကြောင့် ဖင်မာတို့တစ်သိုက် ပျော်နေကြတာ ယုယက ညှိသည်နဲ့မို့ ပါမလာတာ၊ ယုယနဲ့တွန်းဆိုင် ပါလာရင် ဒီထက်ပျော်ဖို့ကောင်းဦးမှာနော် သီတာ"

"အစစ်ပေ့ါ"

"နေပါဦး၊ ရှင်တို့တစ်တွေ ဘယ်သူနဲ့ ဘယ်နှခါ မင်္ဂလာဆောင်ဦးမှာလဲ"

မို့ အငေါ်တူးစွာ မေး၏။ ဒင်းတို့အားလုံးက ကိုယ်စီအိမ်ထောင်ကျလို့ မူကြိုသွားတဲ့ ကလေးကိုယ်စီ ရှိနေကြသည်။

ခုမှ ဘာရောဂါထလာမှန်းမသိဘူး။

မို့မေးလိုက်တော့ သီတာသိမ့်၊ ဖင်မာသျှင်နှင့် လင်းခတို့ သုံးယောက်စလုံး မပြော။ မဖြေတဲ့အပြင် ပြုံးတူရယ်မောလျက်။





"ဟွန်း ဘာရယ်စရာပါလို့လဲ၊ ပြောလေ လင်းခ၊ ရှင်က မယားရှိလျက်နဲ့၊ ဘယ်သူနဲ့ မင်္ဂလာပွဲနွှဲမှာလဲ"

"မို့နဲ့"

"ဘာ"

မို့လက်ထဲက အအေးခွက် ပြောက်တက်သွားသည်မှာ လင်းခခေါင်းကို ထုချဖြစ်သည်။

ဖင်မာသျှင်က သူ့လင်တော်မောင် ထိမှာစိုးတာမို့ မို့လက်ကို ဆိုနိမ့် ဆွဲတား၍ –

"မို့နဲ့ဆိုတာ လင်းခ ဆောင်မှာမဟုတ်ဘူး"

"ဘာရယ်"

"ဟုတ်တယ် မို့ရဲ့၊ ငါပြောတာ ပြီးအောင်နားထောင်ပါဦးဟ"

"ဟုတ်သားပဲ မို့၊ လင်းခပြောတာ ဆုံးအောင်နားထောင်ဦး"

သီတာသိမ့်ပါ ထိုလင်မယားဘက်က ဝင်ပြောသည်။ သူငယ်ချင်းတွေကို မို့ မျက်စောင်းထိုးရင်း . . .

"ကဲ ပြော၊ ဘာလဲ၊ ရှင်းရှင်းပြော"

"ပြောမှာပါ"

"ကိုလင်း ရှင့်ပါးစပ်ပိတ်၊ မာ ပြောမယ်၊ ဒီလိုဟာ၊ မင်္ဂလာဆောင်တော့မယ်ဆိုတာ မာတို့အုပ်စုထဲက မင်္ဂလာမဆောင်ရသေးတဲ့ တစ်ဦးတည်းသော အပျိုချောလေး ဟောဒီက တော်ဝင်မို့ဆိုတဲ့မှုံလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ဘာ ဘာ"

"မှီ မှီလေ"

သီတာသိမ့်ပြောသလို လင်းခကလည်း မှီ့ကို လက်ညှိုးထိုး၏။ ဖင်မာသျှင်က ခေါင်းညိတ်၏။

"မှီ ဟုတ်လား။ ရှင်တို့ကို ဘယ်သူပြောလဲ"

မှီ အထိတ်တလန့် တကယ်ဖြစ်လျက် မေး၏။ ထိုသုံးယောက် မျက်နှာလေးတွေ တည်ငြိမ်လေးနက်ဟန်ပြောင်း၍ –

"အို၊ ကုမ္ပဏီတစ်ခုလုံး ပြောနေကြတယ်လေ၊ မှီနဲ့ Edger မောင်နဲ့ မင်္ဂလာဆောင်တော့မှာတဲ့"

"ဘာ ဘာ၊ Edger မောင်နဲ့ မှီနဲ့၊ ဟုတ်လား"

"ဟုတ်တယ်လေ၊ အဲဒါကြောင့် မှီ အလုပ်နားထားသတဲ့၊ ဦးကြွယ်တို့က ရှယ်ဖြစ်အောင် စီစဉ်မှာတဲ့၊ မှီမင်္ဂလာပွဲနေ့ ကုမ္ပဏီတော် ရက်ပိတ်ပေးမယ်တဲ့"

"ဘုရားရေ၊ မှီ မှီက"

မှီ ခေါင်းတွင်တွင်ယမ်းကာ ထိုင်နေရာမှ ဝုန်းခနဲ ထရပ်လိုက် သည်က သတိလက်လွတ်ကြီး။

"ဟုတ်ပါတယ်၊ ထိုင်ပါဦး မှီရယ်၊ မင်္ဂလာဆောင်မယ့်ကိစ္စ မှီ ဒီလောက်စိတ်လှုပ်ရှားနေစရာ မလိုပါဘူး"

သီတာသိမ့်နှင့် ဖင်မာသျှင်က မှီ့ကိုဆွဲချကာ ထိုင်စေသည်။





မှီ တောင့်တောင့်ကြီး ထိုင်မိရင်း ခေါင်းတွင်တွင်ယမ်း၏။

"မ မဟုတ်တာတွေ၊ မှီ စိတ်လှုပ်ရှားတာ မဟုတ်ဘူး၊ မှီ ဘယ်သူနဲ့မှ မင်္ဂလာမဆောင်ဘူး၊ မှီ့ဘာသာမှီ အလုပ်ထွက်ပြီး အိမ်မှာ နေတာလေ၊ ဘယ်သူက ဒီသတင်း ဖွတာလဲ၊ ပြောစမ်း၊ ဘယ်သူ ဒီ သတင်းဖွတာလဲ"

မှီ တကယ်လန့်ဖျပ်စွာ ပြောတော့မှ သီတာသိမ့်တို့ တစ်ယောက် မျက်နှာ တစ်ယောက်ကြည့်ပြီး အသံတိတ်မေးခွန်းတွေ မေးနေကြသည်။

"ပြောလေ၊ ဒီသတင်း ဘယ်သူဖွတာလဲ"

မှီ မရအရ မေးသည်။

ဖင်မာတို့ တိတ်ဆိတ်နေရာမှ လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။ ကုမ္ပဏီမှာ ကြားလာသောသတင်းက အတိအကျ။

ဖိတ်စာတောင် မြင်ခဲ့ပြီးပြီ။ ကာယကံရှင်က မဟုတ်ကြောင်း ဆိုလာတော့ မအံ့သြဘဲမနေသာ။

"အဲ ဟိုလေ ဖိတ်စာတောင် ငါတို့ မြင်လာသေးတယ်ဟ၊ ဒါ ကြောင့် နောက်ရအောင်ဆိုပြီး ငါတို့သုံးယောက် မှီ့ဆီ လာခဲ့တာ၊ နေပါဦး ဘာမှမသိတာလား"

လင်းခ ရှင်းပြသလို ပြော၏။ အဖြစ်အပျက်အမှန်ကိုလည်း သိလိုစွာ မေးသည်။

မှီ ခေါင်းခါလျက် –

www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး၊ မို ဘာမှမသိဘူး"

"မို့မေမေနဲ့ မို့မမစံ ဘာမှမပြောဘူးလား"

"မို အပြောမခံ့ဘူး"

"အဲဒါကြောင့်ဖြစ်မယ် မို"

"ဘာကိုလဲ၊ မိုအပြောမခံတော့ ကျိတ်ပြီး စိစဉ်လိုက်တာ ဖြစ်မယ်၊ ဖိတ်စာက တကယ်ပဲ မြင်ခဲ့တာ၊ ဖိတ်တော့ မဖိတ်ရသေးဘူး။ ဖိတ်ရမယ့်လူကို ဦးကြွယ် ရွေးနေတုန်းတဲ့၊ မယုံရင် မို့မေမေကို မေးကြည့်ပါလား"

"ဟင်း"

မို ဝမ်းနည်းစွာ ငိုချလိုက်သည်။

"ဟော့တော်"

သူငယ်ချင်းတွေမျက်နှာ ပျာယာခတ်မတတ် အံ့သြကုန်သည်။ တကယ်ပဲ မိုမသိဘဲ စီစဉ်လိုက်မှန်း ခုမှ သဘောပေါက်၏။ မို ငိုချတာ မြင်ရတော့လည်း သူငယ်ချင်းတွေ စိတ်မကောင်းကြပါ။

"မိုရယ်၊ မာတို့တော့ လိုက်မမီတော့ဘူး၊ တကယ်ပါဟယ်"

"ဟင်း"

✿ ✿ ✿



## အခန်း (၁၀)

"မိုရယ် အဲလိုမလုပ်ပါနဲ့၊ အားလုံး အရှက်တကွဲ ဖြစ်ကုန်မယ်လေ"

"ဟင့်အင်း"

မို အံကြိတ်ရင်း ခေါင်းယမ်း၏။

ယုယလက်ထဲရောက်နေသော မို့ခရီးဆောင်အိတ်ကို မို ပြန်ဆွဲလု၏။

"ပေးစမ်းပါ ယုယရယ်၊ မို့ဘဝအတွက် မို့စိတ်နဲ့မို့ ဆုံးဖြတ်ပါရစေ"

"မိုဆုံးဖြတ်တာ စိတ်လိုက်မာန်ပါဖြစ်နေတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ စိတ်လိုက်မာန်ပါဖြစ်ရမှာလဲ၊ မို့ကို အသိမပေးဘဲ မမစံနဲ့ မေမေ သူ့ကိုလက်ခံတယ်၊ လက်ခံရုံမက သူ့အစီအစဉ်မှန်သမျှ ကို လိုက်လျောတာက မို့ဘဝကို ချုပ်ကိုင်တာနဲ့ မခြားဘူး၊ ဒါကြောင့် မို့ ဘယ်သူ့မျက်နှာမှ မကြည့်နိုင်ဘူး"

မို့ သည်းမခံနိုင်စွာ ပြောလျှင် ယုယ သက်မလေးချ၏။ တစ် ဖွတ်ထိုးဆန်နေသော သူငယ်ချင်းကို ယုယ ဘယ်လိုဖျောင်းဖျရမလဲဆို တာပဲ တွေးရသည်။

ထို့ကြောင့် အဝေးပြေးကားဂိတ်တွင်း ခရီးဆောင်အိတ်ဆွဲပြီး ဝင်သွားသည့် မို့နောက် ယုယ အမှီလိုက်ကာ။

အဝေးပြေးကားပေါ်တက်ဖို့ အဆင်သင့်ဖြစ်နေသော မို့ခရီး ဆောင်အိတ်ကို အရင်ဆွဲယူပြီးမှ စကားဆိုခြင်း။

"ကဲပါ မို့ရယ်၊ မို့စိတ်ထဲမှာ ဘာတွေဖြစ်နေလဲဆိုတာ ယုယ သိပါတယ်၊ ကဲလာ မို့စိတ်နဲ့မို့ ဘယ်မှထွက်သွားစရာမလိုဘူး၊ ယုယ ကူညီမယ်၊ လာပါ သူငယ်ချင်းရယ်၊ လာပါ။ ဟိုမှာ သူများတွေ ကွက် ကြည့်ကွက်ကြည့်နဲ့ ရှက်စရာကြီး"

ယုယပြောရင်း အတင်းဆွဲခေါ်သည်။ မို့ ပေကတ်ချင်ပေမယ့် ပတ်ဝန်းကျင်က ဝိုင်းကြည့်နေသောမျက်လုံးတွေကို ရှိန်တာမို့ ယုယ ဆွဲခေါ်ရာနောက် တရွတ်တိုက်ပါလျက် –

"ကဲ လာ ကားပေါ်တက်"





မို့ မတက်ချင်။

"တက်ပါ မို့ရယ်"

ယုယ မရအရ မို့ကို ကားပေါ်တွန်းတင်ပြီး ခေါ်ဆောင်လေ သည်။

မို့မျက်နှာကို ဆွဲပုတ်ထားရင်း –

"မို့ ဘယ်လိုမှ လက်မခံနိုင်ဘူး။ မေမေနဲ့မမစံ ဘာမက်နေ မှန်း မသိဘူး"

ပြောပါစေ။ မို့စိတ်နဲ့မို့ ပြောပါစေလို့ ယုယ လွှတ်ပေးထား လိုက်သည်။ မို့ပြောသမျှ ခေါင်းတညိတ်ညိတ်ပြုရင်း ကားကို ယုယ ကိုယ်တိုင် မောင်းထွက်ခဲ့သည်။

မို့ထင်နေသလို အန်တီနှင့်မမစံ ဘာကိုမှမက်လို့ မဟုတ်ပါ။ မို့ကိုမှ မက်မက်မောမောဖြစ်နေသော သူ့ကို သားမက်အဖြစ် လက်ခံ သိခြင်းသာ။

သူကလည်း မို့မေမေနဲ့ မမစံ လက်ခံလောက်တဲ့အနေအထား ရှယ်လေ။

မို့ဆန္ဒကို မမေးမမြန်းတဲ့ စီစဉ်တာက မို့စိတ်ကို သိနေလို့။

"လာ မို့"

ဒယ်ဒီ နှစ်ချုပ်နှင့်ငှားထားသည့် အပန်းဖြေစံအိမ်လှလှလေး ရှိအရောက် ယုယ ကားရပ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



မို့ကို ယုယ ကားပေါ်မှခေါ်ချသည်။ မို မဆင်း။ ကားပေါ်မှာ ပေကပ်ထိုင်နေသော သူငယ်ချင်းကို ယုယ ပြုံးကြည့်၍ –

"လာပါ သူငယ်ချင်းရယ်၊ မို ဒီအိမ်လှလှလေးမှာ ကြိုက်သလောက်နေလို့ရတယ်၊ တခြား ဘယ်မှလျှောက်သွားစရာမလိုဘူး၊ လာပါ မိုရယ်"

ယုယ ချော့ချော့မော့မော့ ခေါ်လွန်းလို့ မို ကားပေါ်မှ ဆင်းလေသည်။ ယုယက မို့အဝတ်အိတ်ကို ဆွဲယူပြီး ဘန်ဂလိုတံခါးသော့ဖွင့်ပြီး ဦးစွာဝင်သွားသည်။

ဒီဇိုင်းဆန်းသော ဘန်ဂလိုအိမ်လေးကို မို အငေးသားကြည့်နေလိုက်သည်။

ဆေးရောင်စုံသုတ်ထားသော ခပ်ယိုင်ယိုင်ပုံစံ တိုက်ပုလေးက ချစ်စဖွယ်ကောင်းနေသည်။

ရုတ်တရက်ကြည့်လျှင် ကမ္ဘာလုံးကြီး ခပ်စောင်းစောင်း လိမ့်နေသော ဒီဇိုင်းနှင့်။

"လာပါ မိုရဲ့"

မို့ခရီးဆောင်အိတ်ကို အခန်းထဲ အရင်သွင်းသည်။ ပြီးမှ မို့ကို အိမ်လေးထဲ ယုယ ဆွဲခေါ်သည်။

မို အိမ်တွင်းခြေချသည်နှင့် စိတ်ထဲမှာ တစ်မျိုးလေး ကြည်သာသာဖြစ်၏။





အပြင်ပိုင်း ဒီဇိုင်းက ဆန်းသလို အတွင်းပိုင်းအပြင်အဆင်က ကျောက်ဂူလိုလို၊ ဘာလိုလို လိုဏ်ပုံသဏ္ဌာန်ပြုလုပ်ထားသည်။

စိမ်းမြသော သစ်ပင်ကြီးတွေပုံစံမျိုး နံရံမှာ ပန်းချီရေးထားတာမို့ တကယ့်တောအုပ်ထဲက ကျောက်ထွင်းလိုဏ်ဂူလိုလို။

ဆန်းသစ်သော ထိုအပြင်အဆင်ကြောင့် မို့စိတ် ကြည်သာသွားခြင်းဖြစ်ဟန်တူသည်။

လိုဏ်ပေါက်ဝလိုပေမယ့် အတွင်းဘက်မှာ အခန်းဖွဲ့ထားတာက ကျယ်ဝန်း၏။ ပရိဘောဂတွေကလည်း ဒီဇိုင်းလှသည်။

ဧည့်ခန်း၊ နားနေခန်း၊ အိပ်ခန်း၊ မီးဖိုခန်းနှင့် စတိုခန်းတောင်ပါသေး။ အခန်းတိုင်းမှာ သက်ဆိုင်ရာ ပရိဘောဂများနှင့်။

"မို သဘောကျလား"

မို ခေါင်းလေးဆတ်မိ၏။

"ဘယ်သူ့စိတ်ကူးနဲ့ ဆောက်လိုက်တာလဲဟင် ယုယ"

"မို သဘောကျရင် ပြီးတာပဲ၊ စိတ်အေးလက်အေးနေ၊ ဟုတ်ပြီလား"

"ယုယကော"

"ယုယက နေလို့ဘယ်ဖြစ်မလဲ"

"ဒါ ဒါဆို မို တစ်ယောက်တည်းပေါ့"

"မနေရဲဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



နှီးနှုတ်ခမ်းလေးစုကာ နားနေခန်းဆိုဖာမှာ ထိုင်ချလိုက်သည်။ ယုယ အတဲခတ်မိတာမို့။

"မို့ နေမရဲရင် မို့ အဖော်ရအောင် ယုယ စီစဉ်ပေးမယ်လေ"

"ဘာစီစဉ်မှာလဲ၊ ယုယနော်"

"ဟဲ့ ယုယက ကောင်မလေးတစ်ယောက် ခေါ်ပေးမှာလေ"

"သိပါဘူး။ ရှင့်မျက်နှာက စပ်ဖြဲဖြဲနဲ့"

ယုယ ရယ်မောကာ မို့လက်မောင်းကို ချစ်စဖွယ် ဖျစ်ဆုပ်၍ –

"စိတ်ချပါ၊ မို့ စိတ်ညစ်အောင် ဘာမှမလုပ်ပါဘူး"

"အဲဒါဆို ပြီးရော၊ ကဲ ရှင် ပြန်ချင်ပြန်တော့၊ မေမေတို့ကို အသိမပေးနဲ့နော်"

"စိတ်ချပါ မို့ရယ်၊ ဒါပေမဲ့ မို့မေမေတော့ ခေါင်းမီးတောက်အောင် ရှာနေမှာပဲ သနားတယ်"

"အို မသနားနဲ့"

"မို့ရယ်၊ မို့အမေပဲဟာ'

"ဘာအမေလဲ၊ ဖွတ်စီစဉ်ပြီးတော့၊ မမလည်း ဘာထူးလဲ၊ တကယ်ဆို ကိုယ့်သမီး, ကိုယ့်ညီမသဘော ဖြစ်ရမယ့်ဥစ္စာ"

ယုယ ပြန်မလို့ ထရပ်ပြီးမှ ပြန်ထိုင်ချသည်။ စကားလမ်းကြောင်းက သူ့ဆီ ဦးတည်လာပြီမို့ –





"အင်း သူ့ကို သဘောကျလက်ခံလိုက်တာ အကြောင်းမဲ့တော့ မဟုတ်ဘူးလို့ ယုယ ထင်တယ်"

"အောင်မာ၊ ဘာအကြောင်းမဲ့တာလဲ"

"အင်း ယုယ သိသလောက်တော့ ဦးကြွယ်က၊ ဦးကြွယ်သမီး ...ယမုံနဲ့ ဖြစ်စေချင်တာ၊ သူက မို့မှမို့ ဖြစ်နေလို့ ဦးကြွယ်က နှစ်ဖက် ...ကြားက စီစဉ်တာလေ၊ မို့ထင်သလို သူက အင်္ဂလိပ်စစ်စစ်မဟုတ်ဘူး၊ ...လိပ်မြန်မာ ကပြား၊ သူ့ဒယ်ဒီက အင်္ဂလိပ်စစ်စစ်၊ သူ့အမေက ...မာစစ်စစ်၊ ရုပ်ရည်ကျတော့ သူ့ဒယ်ဒီနဲ့ တစ်ထပ်တည်း"

"အိုး၊ ဘာဖြစ်ဖြစ် သူ့အကြောင်း မပြောပါနဲ့တော့၊ ကဲ ပြန်ပါ ...တော့"

မို့ နားမထောင်ချင်တော့ပါ။

ယုယကို ဆွဲထစေပြီး အပြင်ကိုရောက်တဲ့အထိ ခေါ်ထုတ်ခဲ့...ည်၊ ယုယက မို့ နားမထောင်ချင်တာမို့ ဆက်မပြောတော့ပါ။

ကားပေါ် အလိုက်သင့်တက်ကာ လက်ပြနှုတ်ဆက်၍ ကား...င်းထွက်သွားလေသည်။

ယုယ ထွက်သွားမှ မို့ သက်မလေးချကာ ကမ္ဘာလုံးပုံ တိုက် ...လေးရှေ့မှ ခုံတန်းလေးမှာ ထိုင်ချ၏။

မို့ တစ်ကိုယ်တည်း စိတ်လွတ်ကိုယ်လွတ် ဘယ်လောက် ...င်းလိုက်သလဲ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း မေမေတို့ စိတ်ပူနေမှာတော့ စိတ်မကောင်းတ

အမှန်ရယ်။

မို တစ်ခါမှ မိဘမောင်နှမ စိတ်ပူအောင် မလုပ်ဖူးပါ။

ခုမှ။

✿ ✿ ✿



## အခန်း (၁၁)

"ဟင်"

မို့နားထဲမှာ ချိုးချိုးချွတ်ချွတ်အသံတွေ ကြားနေရသည်။ ထို

သံကြောင့် လန့်လန့်ဖျပ်ဖျပ်လေး နိုးလာ၏။

ဖဲမွေ့ရာအိအိကြီးမှ မို ခေါင်းထောင်ကြည့်သည်။

မီးထွန်းထားတာမို့ လင်းချင်းနေသော အိပ်ခန်းလေးက မို

ဘာ အိပ်တဲ့အတိုင်း။

ဟော ကြားရပြန်ပြီ။

ခြေသံလိုလို၊ စကားပြောသံလိုလို။ ထို့ပြင် တစ်ခုခု ထိတွေ့သံ

တေးဂီတသံပါ ရောထွေးကာ။ သဲသဲကွဲကွဲမဖြစ်တော့ ဘာသံမှန်း



www.burmeseclassic.com

www.burmeseclassic.com



မသိ။ ခွဲခြားရခက်လှပြီ။

ထိုအသံက တိုးတိုးသဲ့သဲ့ ကြားနေဆဲ။

ထို့ကြောင့် မို ငေါက်ခနဲ ထလိုက်သည်။ ဒီတိုက်ထဲမှာ မို တစ်ယောက်တည်း မဟုတ်လား။

ကြောက်ပေမယ့် ရဲဆေးတင်ပြီး မို နေလိုက်တာ မေမေတို့ အစီအမံကို ဆန့်ကျင်စိတ်တစ်ခုတည်းနှင့်။

ဒါကြောင့် မို သတိကြီးစွာထားရင်း မို့ကိုယ်မို ရဲစိတ်တင်းကာ။ အိပ်ခန်းထဲက ထွက်သည်။ ညကတည်းက မီးအားလုံး ဖွင့်ထားသည်မို့ အခန်းပြင် လမ်းကြောင်းတစ်လျှောက် လင်းကာ။ အခန်းတိုင်းလည်း မီးရောင်ဖွေးနေသည်။

အသံလာရာဆီ ခြေလှမ်းတဖြည်းဖြည်း တိုးကပ်သွား၏။ နား နေခန်းရဲ့အနောက်ဘက် နံရံတစ်ဖက်နိမ့်နေသော ကျောက်ဂူလိုလိုအခန်း ဘက် ရွှေ့လျားကာ နားစွင့်သည်။

ထိုအခန်းနားရောက်တော့ ထိုအသံတွေ ပိုကျယ်လာသည်။ ပို၍လည်း ပီသသဲကွဲစွာ ကြားရ၏။

နံရံပေါက်ဝမှ မို ခေါင်းထိုးကြည့်တော့ –

"ဘုရားရေ"

မို့တစ်ကိုယ်လုံး ဆတ်ခနဲတုန်ကာ နံရံမှာ ကျောကပ်လျက် ဖြစ်သွားလေပြီ။





မို မယုံနိုင်အောင်လည်း ဖြစ်ရသည်။

ထိုအခန်းကလည်း အိပ်ခန်းကျယ်တစ်ခု။ ထိုအိပ်ခန်းမှာ လှဲ ...ပ်ရင်း နိုင်ငံခြားရုပ်ရှင်ဇာတ်လမ်းကြည့်နေသောသူ။

သူ။

ဘယ်ကဘယ်လို ဒီအခန်းထဲရောက်နေရတာလဲ။

ဘုရားရေ။

မို ငိုချင်လာသည်။

မို့နဲ့ယှဉ်ယှဉ်သာ သိတာ။ ဒီနေရာလေးကို သူ ဘယ်လိုဖြစ်လို့ ...ာက်နေရတာလဲ။ ယုယ ပြောလိုက်လို့လား။

ပြောလိုက်တာဆိုရင်။

ဟင့်အင်း။

မို ရှောင်နေတာ။ သူနဲ့ မိနီးစပ်ချင်လို့လေ။

ခုတော့ တစ်မိုးတည်းအောက်မှာ။ ဟင့်အင်း။ မဖြစ်ဘူး။ မို ...ခန်းထဲက ထွက်သွားမှဖြစ်မယ်။ ဟုတ်တယ်။

မို အိပ်ခန်းလေးဆီ ပြန်သွားပြီး မို့အဝတ်အိတ်မို ဆွဲယူသည်။ ...နောက် သုတ်ခနဲ့ ပြေးထွက်ကာ။ ဝင်ပေါက်တံခါးကို ဆွဲဖွင့်၏။

ထိုစဉ် –

"မို"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



မှီကိုယ်လေး ဆတ်ခနဲတုန်ကာ နောက်ပြန်လှည့်ကြည့်မိသည်။ သူက ထိုအခန်းမှာ မှီဆီ လှမ်းလာရင်း –

"မှီ ဘယ်သွားမလို့လဲ"

"မှီစိတ်နဲ့မှီ ဘယ်သွားသွား"

သူ မျက်မှောင်ကြုတ်လျက်။ မလွယ်ပါလားဆိုသော အမြင်မျိုးနှင့် စိုက်ကြည့်သည်။

မှီ အရေးမထား။

တံခါးလက်ကိုင်ကို လှည့်ဖွင့်၏။

တံခါးဖွင့်မရကြောင်း သိလိုက်တော့ မှီမျက်နှာလေး ရဲမှည့်သွား၏။ ခံပြင်းစိတ်နှင့်လည်း သူ့ဘက်လှည့်ပြီး –

"ရှင်"

ဟုသာ ဆိုရသေးသည်။ သူ ကျောခိုင်း၍ ထိုအခန်းတွင်း ပြန်ဝင်သွား၏။

မှီနှုတ်ခမ်းကို တင်းတင်းကိုက်၍ ဒေါသဖြင့် သူ့နောက် လိုက်သွားပြီး –

"တံခါးဖွင့်ပေးစမ်းပါ"

"မှီမေမေနဲ့ မှီအစ်မကို မောင် ပြောပြီးသား၊ မောင်နဲ့မှီ အတူရှိနေတယ်၊ စိတ်မပူနဲ့လို့"

"ဟာ"





မှီမျက်ဝန်းမှာ ဒေါသကြောင့် မှောင်လဲ့သွားသည်။

"တောက်"

မှီ ဒေါသပေါက်ကွဲကာ လက်ထဲဆွဲထားသော ခရီးဆောင်အိတ်နဲ့ ပစ်ပေါက်လိုက်သည်။

ပြီးတော့ ချာခနဲလှည့်ကာ မှီအခန်းထဲ မှီဝင်ရင်း တံခါးကျက်ကျအောင် ပိတ်ပြီး ငိုချ၏။

တောက်။

မုန်းတယ်။

တအားမုန်းတယ် သိရဲ့လား။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

''အတော်နားလည်ရခက်တဲ့ မိန်းကလေး''

''ဟုတ်ပါ့ မေမေရယ်၊ ပြောတုန်းကတော့ ဆတ်ဆတ်ထိမခံ ဖြစ်နေလိုက်တာ၊ ခုတော့ သူပဲ ဒင်းနောက် လိုက်သွားသတဲ့''

''ရှက်ဖို့ကောင်းတယ်ဆိုတာ အဲဒါပဲ သမီးကြီးရယ်''

''မေမေကသာ ရှက်နေတာ၊ မေမေ့သမီးက ရှက်စရာလို့ မထင်ဘူးလေ''

''တော်ပါတော့ မမနဲ့ မေမေရယ်''

မေမေနဲ့ မမစံ အပြန်အလှန်ပြောနေကြတာက မို့ သူ့နောက် လိုက်သွားသတဲ့။





''နောက် မဟုတ်လို့လား''

''အိုး မေမေတို့ ဘာမှမသိဘဲနဲ့''

''ဟဲ့ ဘာမသိရမှာလဲ၊ အဝတ်အိတ်ဆွဲပြီး ထွက်သွားတာ၊ ဘယ်ဆီသွားလို့ သွားနေမှန်း မသိလို့ မေမေ ခေါင်းပူအောင် လိုက်ရှာနေရတာလေ၊ ညည်းလေးက''

''တော်ပါတော့၊ မပြောပါနဲ့တော့ ဟီး''

မို့ ပြန်ချေပလို့ မနိုင်တော့ပါ။ နောက်ဆုံး ငိုချလေသည်။ ထိုအခါ အမေဖြစ်သူနှင့် အစ်မဖြစ်သူ နှုတ်ဆိတ်လိုက်၏။

သို့သော်လည်း ငိုယိုပြီး အခန်းထဲတိုးဝင်သွားသော မို့ကို အားမလည်စွာ လှမ်းကြည့်ဆဲ။

''ကဲ မေမေ့အစီအစဉ် ရှိတဲ့အတိုင်းသာ လုပ်ပေတော့''

မမစံ၏နှုတ်ဆော်မှု။ မို့ မကြားချင်တော့ပါ။ ငိုယိုရင်း နားပိတ်ထား၏။ ထို့နောက် အခန်းတံခါးကို ဆောင့်ပိတ်၍ တစ်ညတာ ခွဲခွာခဲ့သော မို့မွေ့ရာပေါ် မို့ လှဲချလိုက်သည်။

ဘာကြောင့် ဒီလိုတွေ ဖြစ်ရတာလဲ။

မို့ လိုက်မမီတာလား၊ ဒါမှမဟုတ် နုံအ,တာလား။

ဘာကြောင့် သူက မို့ တစ်ယောက်တည်း ပုန်းနေတဲ့ဆီ ဆိုက်ဆိုက်ရောက်ခဲ့တာလဲ။

ယုယကို ဒေါသဖြစ်ဖြစ်နဲ့ မေးမိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"မှီရယ် အပြစ်တင်ချင်လည်း တင်ပါတော့၊ ဦးကြွယ်မေးတော့ ယုယ ရှောင်လွှဲလို့ မရဖြစ်သွားတယ်၊ အဲဒါနဲ့ ပြောပြလိုက်တာ၊ မှီ့ကို စိတ်မချလို့ဆိုပြီး သူ လိုက်ခေါ်တာ၊ မှီ အိပ်နေပြီဆိုလို့ သူ စောင့်နေတာ တဲ့၊ မှီ့မေမေတို့ကိုလည်း သူပဲ ဖုန်းဆက်ပြောတာ၊ မှီနဲ့သူ အတူတူ နေတယ်၊ စိတ်ပူမနေဖို့ကိုလေ၊ အခြေအနေက ထင်သလို မဖြစ်တော့ တာပါ၊ နောက်ပြီး အဲဒီကမ္ဘာလုံးအိမ်က ယုယဒယ်ဒီ ဘော့စ်တစ်ယောက် ဆီက နှစ်ချုပ်နဲ့ ငှားထားတာ၊ သူက အဲဒီဘော့စ်ဆီက ဝယ်ယူထား တာတဲ့"

"ကျွတ်၊ တော်ပြီ ဘာမှမပြောနဲ့တော့၊ မှီ့ကိုယ်မှီ့ပဲ ဒေါသထွက် တယ်၊ တော်ပြီ ရှင်တို့နဲ့လည်း မပတ်သက်တော့ဘူး၊ မှီ့တစ်ယောက် တည်း နေမယ်၊ ဘယ်သူမှ လာမခေါ်နဲ့"

မှီ ဖွတ်တရွတ်ပြောရင်း အားလုံးကို ရှောင်နိုင်ခဲ့သည်။ သို့ သော် မေမေနဲ့မမစံ တစ်မျိုးထင်ကာ။ အဆင်သင့်ဖြစ်နေသော မင်္ဂလာ စိတ်စာအတိုင်း စီစဉ်လေသည်။

ခုတော့ မှီ့မှာ ရှောင်လို့မရ။ ကွယ်လို့ မလွယ်နှင့်။ ထွက်ပေါက် မဲ့လှသော လှောင်အိမ်ထဲမှ သမင်ပျိုမလေးနှယ်။

ဒါကြောင့် တစ်ယောက်တည်း စိတ်ရှိဒိုရင်း။ ဒီလိုနှင့်ပင်။

✿ ✿ ✿



## အခန်း (၁၃)

ရှက်စိတ်က ခုချိန်ထိ မပြယ်။

မင်္ဂလာပွဲတစ်လျှောက်လုံး ရှက်မျက်ရည် တစို့စို့ ဖြစ်လို့နေ သည်။

အားလုံး ပျော်ပျော်ရွှင်ရွှင်ဖြစ်နေသမျှ မှီသာ မျက်နှာလေး ပုတ်၍ နှုတ်ခမ်းကို တင်းအောင်စေ့လျက်။

ဘယ်သူနဲ့မှလည်း စကားမပြော။

ဧည့်သည်တွေကိုလည်း ပြုံးမပြ။

အဲဒါတောင် မှီ့ကို သိပ်လှတဲ့ သတို့သမီးလေးဟု တွေ့မှဆိုက ချီးကျူး၍မဆုံးတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



မို့မှာ မြန်မာမဆန်သော သူ့ရုပ်ရည်ကို ပို၍မျက်မှန်းကျိုးလာသည်။ သူ့စိတ်ဓာတ်လည်း သူ့ရုပ်လိုပဲ နေမှာပေါ့။

ကြည့်ပါလား။

သူ့ကိုယ်သူ ပိုင်နိုင်သူကြီးလို မျက်နှာမော့နေလိုက်တာ။ မြင်ပြင်းကတ်တယ် တကယ်။

ဒါကြောင့်မို့ မင်္ဂလာပွဲပြီးကတည်းက သူ့လက်ကို ဆောင့်အောင့်ဖြုတ်ချ၏။

"မို့"

သူခေါ်သော်လည်း လှည့်မကြည့်ပါ။ ယုယကို လက်ဆွဲခေါ်ပြီး ဟိုတယ်နောက်ပေါက်က နိုးထွက်သည်။

သူတော့ ဘယ်လိုဖြစ်ပြီး ကျန်ရစ်ခဲ့မည်မသိပါ။

"ဟဲ့ မို့ ဘယ်သွားမလို့လဲ"

ယုယ စိုးရိမ်စိတ်နှင့် နားမလည်စွာ မေးသည်။ မို့လည်း ထွက်လာခဲ့ရတာ။ ဘယ်သွားလို့ ဘယ်လာရမှန်းမသိဖြစ်ကာ။

"မို့လည်း မသိဘူး"

"အိုး မသိဘဲနဲ့ဟယ်၊ မင်္ဂလာဝတ်စုံတကားကားနဲ့ လျှောက်သွားနေလို့ ဘယ်သင့်တော်မလဲ"

"မသိဘူးဟာ၊ မို့ သူ့နားမှာ မနေချင်ဘူး"

"အိုး အဲလိုရှောင်လို့ ဘယ်ကောင်းမလဲ"





"ကောင်းကောင်း မကောင်းကောင်း မို့ မသိဘူး။ လောလောဆယ် သူ့နားမှာမရှိရင် ပြီးရော"

"ကဲ လာ"

နောက်ဆုံး ယုယပဲ လက်လျော့သလို လိုက်လျောရကာ ဟိုတယ်အနောက်တက်တွင် ထွက်ပေါက်လမ်းမှာ ရပ်ထားသော မာစီဒီကားဆီ လျှောက်သွားပြီး အကူအညီတောင်းသည်။

ထိုဒရိုင်ဘာလည်း လိုလိုလားလား ခေါင်းညိတ်၏။

ဒါနဲ့ နှစ်ယောက်သား ကားပေါ်တက်လျှင် ကားမောင်းသမားက ကားကို လျှောခနဲ မောင်းထွက်သွားလေသည်။

နှစ်ယောက်သား တစ်ယောက်လက်တစ်ယောက်ဆုပ်ကိုင်ထားသား။ လွတ်ပြီဆိုသည့်စိတ်နှင့် ပေါ့ပေါ့ပါးပါး ဖြစ်လို့သွားသည်။

"သူတော့ ယုယကို စိတ်ဆိုးတော့မှာပဲ မို့ရယ်"

"ဆိုးပစေ"

"ဟွန်း၊ မို့က ပြောအားရှိတာပေါ့၊ ဦးကြွယ်က ယုယကို ပြစ်တင်တော့မှာ သေချာတယ်"

"ဂရုစိုက်စရာလား"

"အေးပါဟယ်၊ မို့သဘော၊ အခုကယ် မြွတ်သီရိသုံးလမ်းကထွင်အိမ်နော်"

ယုယက သူမတို့နေသော တိုက်လိပ်စာကို ကားဒရိုင်ဘာအား



www.burmeseclassic.com

www.burmeseclassic.com



ပြောသည်။ ကားဒရိုင်ဘာ ခေါင်းတဆတ်ဆတ်နှင့်။

စိတ်သဘောကောင်းလေခြင်းလို့ မှီ ချီးကျူးမိသည်။

ချီးကျူး၍ပင် မဆုံးသေး။

ကားလေး တုံ့ခနဲရပ်လို့ ကြည့်လိုက်တော့ ယုယတို့တိုက်မဟုတ်

'ဆင်စွယ်ဘုံနန်း' ဟု ရွှေရောင်ကမ္ပည်းထိုးထားသော သုံးထပ်တိုက်ကြီး

၏ ဆင်ဝင်အောက်မှာ။

"ဟင်"

မှီနဲ့ယုယ ကားပေါ်မှ အားရဝမ်းသာ ဆင်းလိုက်မှ မျက်လုံး

ပြူးရလေသည်။

ကားဒရိုင်ဘာကို ယောင်နန‌နှင့် ပြန်ကြည့်မိလျှင်

"ဘော့စ်က ဒီကိုပို့ခိုင်းလို့ပါ"

"ဘာ"

"ဘာ"

မှီနဲ့ယုယ ချောက်ချောက်ချားချားလေးဖြစ်၏။ ဒရိုင်ဘာလူကြီး

က ဆက်ပြောလေသည်။

"ဒီက မယုယတို့ ဟိုတယ်နောက်က ထွက်မယ်တဲ့ အဆင်သင့်

စောင့်နေပါ၊ ပြီးရင် ဆင်စွယ်ဘုံနန်းကို ပို့လိုက်ပါတဲ့၊ အဲဒါကြောင့်"

"ဟင်"

စကားမဆုံးသေးခင် မှီတို့ သဘောပေါက်လေသည်၊ သို့သော်





မှီ ပြန်လှည့်ပြေးခွင့်မသာ။

သူ့ကားက မှီတို့ကားနောက်မှာ လိုက်လာပြီး ရပ်လျှင် –

"မှီရယ်"

ယုယ ဘာမှမတတ်နိုင်တော့ပါ။

"မှီ အဆင်ပြေရဲ့လား"

သူ ကားပေါ်မှ ဆင်းလာရင်း မေး၏။ ထိုမေးခွန်းကို မှီ့ကို

အရွဲ့တိုက်မေးသလို ခံစားရလေသည်။

ထို့ကြောင့် မှီ အံတင်းတင်းကြိတ်၍ စိမ်းစိမ်းကားကား ကြည့်

လိုက်၏။

"မပြောဘူး၊ မှီ မေမေတို့ဆီ ပြန်မယ်"

"ပြန်မယ်ဆို မောင်လိုက်ပို့မယ်၊ ခုတော့ နားပါဦး မှီ၊ မှီ ပင်

ပန်းနေပြီ"

ပြောရင်းဆိုရင်း မှီ့လက်ဖျားလေးကို ဆွဲယူလေသည်၊ မှီ ရုန်း

ပေမယ့် သူ လွှတ်မပေး။

"မယုယကို ကျေးဇူးတင်ပါတယ်၊ ကိုသက် မယုယကို ပြန်ပို့

ပေးလိုက်"

ယုယနှင့်ဒရိုင်ဘာကို တစ်လှည့်စီ သူပြော၏။ တစ်ဆက်တည်း

လည်း မှီ့လက်ဖျားလေးကို ပိုင်ပိုင်နိုင်နိုင် ဆွဲဆုပ်လျက် –

"လာ မှီ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုကာ တိုက်ထဲခေါ်သွားလေသည်။

ကျွတ်။

မှီအဖြစ်က ရှောင်ပြေးလေ ပိတ်မိလေဖြစ်ကာ။ အဲဒါ ဘာကြောင့်ပါလဲ။

ပြောကြပါကွယ်။

✿ ✿ ✿



## အခန်း (၁၄)

"မှီ"

ခေါ်သံသဲ့သဲ့ ကြားရ၏။ မမစံအသံမှန်း မှီသိသော်လည်း မျက်
…င့်ဖြစ်ပါ။ အိပ်ချင်စိတ် ကြီးစိုးနေသည် မဟုတ်လား။

"ဟဲ့ မှီ၊ ညည်းက ဒီမှာ အိပ်နေရတယ်လို့၊ ထထ"

မှီပခုံးစွန်းကို မမစံ လှုပ်ခါရင်း နိှုးပြန်သည်။ မှီ မျက်လုံးမဖွင့်ဘဲ
…နေတော့ပါ။ မျက်လုံးကို လက်ခုံဖြင့် ပွတ်ရင်း –

"ဘာလဲ မမစံရာ၊ မှီ အိပ်နေတဲ့ဟာကို"

"ဟဲ့ မှီ ဟိုမှာ ထိုင်စောင့်နေတဲ့သူကို အားနာပါဦး။ ညည်းလေး
…ဲက ထွက်မလာမချင်း ထိုင်စောင့်နေတာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူလဲ၊ ဘာလို့စောင့်နေတာလဲ"

"ဟယ်တော်၊ မို ညည်း ဘယ်လိုဖြစ်နေတာလဲ၊ ညည်းကို ဘယ်သူစောင့်မှာလဲ၊ ညည်းလင်တော်မောင်ပေါ့ဟဲ့"

"လင်တော်မောင်"

မို အိပ်ချင်မူးမူးနှင့် ရွတ်လျှင် မမစံ မျက်စောင်းထိုး၏။

"ဟုတ်တယ်လေ၊ ညည်းလင် Edger မောင်"

"ဟင်"

Edger မောင်ဆိုသော နာမည်ကြောင့် မို မျက်နှာကြီး ရှုတ်တွကာ။ ခုမှပဲ အခြေအနေကို ပြန်လည်သတိထားမိ၏။

မို ပြန်ချင်တယ်ဆိုလို့ ဆင်စွယ်ဘုံနန်းမှာ ခဏနားပြီး မို့ကို သူကိုယ်တိုင် လာပို့သွားတာလေ။

သူလာပို့ပြီးပဲ။ ဘာလို့ ပြန်လာခေါ်ရတာလဲ။

ညဥ့်အိပ်ချိန်ရောက်နေတဲ့ဟာကို။

"ဟင်မနေနဲ့ ထ၊ လိုက်သွားတော့၊ ညဥ့်ပဲ တစ်နာရီထိုးတော့ မယ်၊ သူ့ခမျာလည်း ညည်းလိုပဲ ညေ့စ်ပွဲနဲ့ ညဒင်နာပွဲနဲ့ ဆက်တိုက် ညေ့ခံထားရတာ ပင်ပန်းနေမှာလေ၊ သူလည်း နားချင်မပေါ့၊ ထထ လိုက်သွားတော့"

"ဟင့်အင်း မို မသွားချင်ဘူး မမစံ၊ သူ့ပြန်ခိုင်းလိုက်"

"ဟဲ့"





တော်ဝင်စံ မျက်လုံးပါ ပြူးချင်လာသည်။ ဒီညီမနဲ့တော့ ခက် ပြီ၊ ဘယ်သတို့သားက မင်္ဂလာဦးညမှာ သတို့သမီးမပါဘဲ အိပ်ချင်ပါ့မလဲ။

"မမကလည်း ပြောလိုက်လေ"

"အိုး ပြောလို့ရမလား မို့ရဲ့၊ ညည်းဟာလေ တစ်ဖက်သားကို စိတ်အနှောင့်အယှက်ပေးဖို့ဆို ထိပ်ဆုံးကပဲ၊ မို့နဲ့သူ လင်မယားဖြစ်နေပြီ ဆိုတာလည်း ခေါင်းထဲ ထည့်ထားဦး"

"ဘာလင်မယားလဲ၊ မမစံနော်"

"နောက် မဟုတ်လို့လား"

"သူ အကွက်ချ စီမံသမျှ မို နာခံနေရမှာလား"

"ခက်တော့တာပဲ မို့ရယ်၊ မို ကလေးမဆန်ချင်ပါနဲ့ကွယ်၊ ထ ပါ ညီမရဲ့၊ တော်ကြာ မေမေနိုးလာရင် ညည်းကို ဆူနေလိမ့်မယ်၊ သူလာခေါ်ပြီဆို လိုက်သွား၊ မနက်ကျရင် ပြန်လာပေါ့ ညီမရယ်၊ နော် သွား ထ"

တော်ဝင်စံ ချော့ချော့မော့မော့ပြောရင်း ညီမကို ဆွဲထစေသည်။ ညီမကို စိတ်လိုက်မာန်ပါ ပြောလို့မရမှန်း သူမ သိ၏။

ဒါကြောင့် ချော့မော့ကာ ဆွဲထစေပြီး –

မို စိတ်ပျက်လက်ပျက်ဖြစ်ကာ ဆံပင်တွေကို ဖွပစ်ရင်း –

"မမကလည်း မို သူနဲ့ မနေချင်ဘူး"

"အေးပါ၊ မမစံ နားလည်ပါတယ်၊ သူ့လည်း မမစံပြောပြီး



www.burmeseclassic.com

www.burmeseclassic.com



သား၏ ညီမလေးဆန္ဒအတိုင်း နေခွင့်ပေးပါလို့ သူက မှိုသဘောတဲ့လေ''

''သေချာလို့လား မမစံရဲ့''

''ဪ သေချာပါတယ်ဆို၊ ကဲ လာ''

တော်ဝင်စံ ပြောရင်းဆိုရင်း ညီမဖြစ်သူကို ခုတင်ပေါ်က ဆွဲ

ခေါ်လာသည်။ စိတ်လောစွာ ထိုင်စောင့်နေသောသူက မမစံနောက်

တွန့်ဆုတ်တွန့်ဆုတ် ပါလာသော မှို့ကို မြင်တော့ စိတ်သက်သာရာရွ

ပြုံး၏။

''လာပြီ Edger မောင်ရဲ့၊ မှိုက အိပ်ပျော်နေလို့ပါ၊ လာ၊ မှို

ကို ကားပေါ်ထိ မမ လိုက်ပို့မယ်''

''ဒါပဲနော် မမစံ''

''အင်းပါဆို၊ မောင်ရေ မမစံညီမကို အလိုလိုက်ပါကွယ်''

မမစကားမဆုံးခင် သူက ခေါင်းညိတ်ကာ ရှေ့က ထွက်သွား

သည်။ ဒရိုင်ဘာအသင့်ရှိသော ကားနောက်ခန်းမှာ သူ ဝင်ထိုင်လျှင်

မမကလည်း မှို့ကို သူ့ဘေးမှာ ထိုင်စေသည်။

မှို့မျက်နှာလေး စူပွရင်း သူ့ကို အစိမ်းရောင်မျက်စောင်းချည်

ထိုးနေမိသည်။

ကားထွက်သွားတော့ ရင်ထဲမှာ ငြိမ့်ခနဲတုန်ကာ။

တော်ဝင်စံက ခုမှ သက်မချနိုင်သည်။

ဒီညီမနဲ့တော့ ခက်ပါရဲ့။





သူမတို့တုန်းက ဒီလိုမဟုတ်ပေါင်။

မင်္ဂလာဦးညဆိုတာ ရင်တခုန်ခုန်နှင့်။

စိတ်လှုပ်ရှားမှုတွေရော၊ ခံစားမှုအသစ်တွေရော ပေါင်းစပ်ကာ

ဇင်တော်မောင်ရဲ့ရင်ခွင်ထဲ နှစ်မြုပ်မတတ် နိုတွယ်ရင်း ခံစားရသော

မင်္ဂလာဦးဖီလင်မှာ ဖိန်းတိန်းတိန်း ရှိန်းတိန်းတိန်းနှင့်။

ခုချိန်ထိတောင် စွဲဆဲ။ ငြိတွယ်ဆဲလေ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

"တီ တီ တီ"

အဆက်မပြတ် မှီဖုန်းလေ မြည်နေပါသည်။ ကြားပေမယ့် မကိုင်။ ကျောခိုင်း၍ ဆိုဖာထောင့်မှာထိုင်ရင်း ဒူးပေါ်လက်နှစ်ဖ ယှက်တင်လျက် မျက်နှာလေး မှောက်ထားလိုက်သည်။

"မှီရေ မှီဖုန်း မြည်နေတယ်"

ရေချိုးခန်းထဲက ထွက်လာသောသူက ပြောရင်း မြည်နေသော လက်ကိုင်ဖုန်းကို စားပွဲပေါ်မှ ယူလာပေးသည်။

"ရော့ မှီ၊ ပြောလိုက်လေ"

"မပြောဘူး"





မှီ တုံးတိပြောလိုက်၏။ ပြောပုံက စိတ်ဆိုးနေမှန်း သိသာမှု ချော်နှာလိုမျက်နှာရှုဖြစ်နေသော သူ့မျက်နှာ တစ်မျိုးပြောင်းသွား၏။

ထိုအခါ မြည်နေသော ဖုန်းကို သူ ပိတ်ပစ်လိုက်သည်ဖြစ်မယ်။

ဖုန်းသံလေး တိတ်သွား၏။ သို့သော် သူ့အသံက တိတ်မနေ။ မှီကို စိုက်စိုက်ငုံ့ကြည့်၏။

"မောင့်ကို စိတ်ဆိုးနေလား"

စိတ်ဆိုးနေတာ မဟုတ်ဘူး။ ရှုံနေတာလို့ စိတ်ထဲက ပြန်ပြော သည်။

"ပြောလေ မှီ"

ဟုဆိုရင်း မှီထိုင်နေသော ဆိုဖာခုံလက်တန်းမှာ သူ တင်ပါးလွှဲ၍ ထိုင်သည်။ တစ်ဆက်တည်းလည်း မှောက်ထားသော မှီမျက်နှာလေး ကို ဆွဲလှန်ဖို့ ကြိုးစားသည်။

"ရှင်နော်"

သူ့လက်ကို မှီ ဖယ်ချသည်။

မှီကိုယ်နဲ့ ထိထိတိုက်တိုက်ဖြစ်နေသော သူ့ကိုယ်နှင့် ဝေးရာ သထွက်သွားဖို့ မှီ ဆိုဖာပေါ်မှ ထမလိုပြင်လျှင် –

"မှီ"

ခေါ်ရင်း မှီကို ဆွဲဖက်လေသည်။

"ကျွတ်"



www.burmeseclassic.com

www.burmeseclassic.com



မို့အသားဆိုင်တွေ ရိုးတိုးရွတ လှုပ်ရှားကုန်သည်။

"ဖယ်ပါ"

ရုန်းဖယ်ရင်း မို့ပြော၏။ သူက အရေးမဆိုက်တာလား၊ ဘာလားမသိ မို့ ရုန်းထွက်လို့မရအောင် တင်းအောင်ပွေ့ဖက်ထားလိုက်သည်။

အဲဒီအပြုအမူတွေကြောင့် သူ့ကို မို့ ရွံတာ။

နောက်ပြီး သူ့အနေအထိုင်က နည်းနည်းရိုင်းလွန်းသည်ဟု မို့ ထင်သည်။ ကြည့်ပါလား ရေချိုးခန်းထဲက ထွက်လာကာ သဘက်ကခါးမှာ ပတ်ထားရုံသာ။

ဗလာကျင်းနေသော သူ့ခန္ဓာကိုယ်ဖွံ့ဖွံ့ကြီးကို မို့ မကြည့်ရဲ။ ပြီးတော့ အမွေးအမျှင်တွေကလည်း သန်လိုက်တာ။

ရင်ဘတ်မှာရော ချိုင်းမှာရော လက်ဖျံမွေးတွေကလည်း ရှည်လို့၊ ပန်းနုရောင်ဖွေးသန့်ပိုလင်းနေသော သူ့အသားပေါ်မှာ အနက်ရောင်အမွေးတွေက ခပ်ရိုင်းရိုင်း ထင်ပေါ်လျက်။

ဆွဲဖက်ခံလိုက်ရသည်နှင့် မို့ခမျာ မနေတတ် မထိုင်တတ်၊ ထိုသို့ ပြုတတ်လွန်းတာကို မို့ မနှစ်မြို့။

ခုလည်းကြည့်။

သူ့လက်ချောင်းတွေက –

မို့ သည်းမခံချင်တော့ပါ။ ထို့ကြောင့် အော်ငေါက်မိ၏။





"ရှင့် ဘယ်လိုဖြစ်နေတာလဲ"

"စိတ်မဆိုးပါနဲ့ မို့ရယ်"

"ဟွန်း၊ စိတ်ဆိုးတာထက် ပိုတယ်ရှင့်၊ သိရဲ့လား"

"ဘာဖြစ်လို့လဲ မို့"

"ဘာဖြစ်ရမှာလဲ၊ ရှင် ဘာလုပ်လဲ၊ ရှင် သိသိကြီးနဲ့"

မို့ တွန်းထိုးပြီး ပြောလိုက်တော့ သူ အသံထွက်အောင် ရယ်သည်။ သူ့ရယ်သံဝါကြီး မို့ မျက်စောင်းထိုးပစ်၏။

သူ အရယ်မရပ်ဘဲ မို့ကို ပွေ့ပွေ့ပိုက်ပိုက်ပြု၍ သူ့ကိုယ်ကိုဆိုဖာပေါ် ဆိုင်ချသည်။ ရေချိုးပြီးစမို့ သူ့ကိုယ်မှ လိမ္မော်နံ့သင်းသောဆပ်ပြာရည်မွှေးရနံ့တို့ ရနေသည်။

"မို့ရယ်"

ဟု ယစ်ယစ်မူးမူး ရေရွတ်၍ မို့ပါးပြင်နုနုကို တဖျစ်ဖျစ် ကိုင်

"ရှင်နော်၊ ပြောလေ ကဲလေ လုပ်မနေနဲ့"

"ချစ်တာကိုး"

"ဘာ"

"ချစ်တာကိုး မို့ရဲ့"

"ဘာချစ်တာလဲ၊ လူကို အတင်းကာရော"

မို့ ငြူငြူစူစူ ပြောလို့ပင် မဆုံးသေး။ သူ့မျက်လွှာလေး နေခုန်



www.burmeseclassic.com

www.burmeseclassic.com



မြူးတူးစွာ စင်းချ၍ မှီလည်တံရှည်နှင့်ရင်ခွင်ကြား သူ ခေါင်းထိုးထည့်ကာ တရှိုက်ရှိုက် နမ်း၏။

"ရှင်"

မှီ့ရင်ခွင်လေး ရှိန်းခနဲ ဖိုလှုပ်သွားကာ မှီ့လက်ချောင်းတွေက သူ့ပေါင်ကို ဆွဲလိမ်လိုက်၏။

"အား"

သူ တုန်တက်မတတ် နာကျင်စွာ အော်လိုက်သော်လည်း သူ့အော်သံက ကြည်နူးမှုတွေနှဲ့။

အော်အော်။ ကြိုက်သလိုအော်။ မှီ တအားဆွဲလိမ်ပစ်၏။ လိမ်ထားမိသော မှီ့လက်ချောင်းတွေက မာကျောတောင့်တင်းသော သူ့ပေါင်တံ မဟုတ်။

သူ ရှုန်းဖယ်လျှင် ပေါင်တံပေါ်မှ မှီ့လက်ချော်ကာ သူ့ခါးမှာ ပတ်ထားသော သဘက်ကွဲကြောင်းအလယ်မှ နူးအိပျော့ပျောင်းသော ရွှေနှလုံးအိမ်ဖြစ်နေလေသည်။

"အဲ"

မှီတစ်ကိုယ်လုံး ကြက်သီးဖြန်းခနဲ ထ၏။

"လွှတ်"

"ကျွတ်၊ မှီပဲ တအားလိမ်ထားပြီတော့"

"အိုး"





မှီ့မျက်နှာလေး ရဲရဲမှည့်မှည့်ဖြစ်လေပြီ။ ဆွဲလိမ်ထားသော မှီ့လက်ကို ဖျတ်ခနဲလွှတ်ရင်း သူ့ရင်ခွင်ကိုလည်း တွန်းပစ်၏။

"ရွံ့တယ် ရှင့်"

မှီ ဗလုံးဗထွေးပြောကာ သူနှင့်ဝေးရာ ပြေးထွက်မိပြီ။

သူနှင့်ဝေးရာ ရောက်ခဲ့ပေမယ့် ကြည်နူးလှိုက်အိလျက်။ တသသဖြစ်နေသော သူ၏ရယ်မောသံလွင်လွင်လေး မှီ ကြားနေဆဲ။

ထိုအခါ

မှီ့ရင်ခွင်မှာ ဖိုလှိုက်လှိုက်ဖြစ်နေသည်မှာ တော်ရုံမပြယ်။

လေပြည်ခတ်သောကြောင့် လှုပ်နွဲ့နေသော ပန်းညှာလေးနှယ် ယိမ်းတိမ်းတိမ်းဖြစ်လျက်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

"ခြော် မိန်းမ ဒီမှာလာပြီး စားပုန်းခုတ်နေတာကိုး"

ကြီးကြီးစိန်ဆိုင်မှာ အကျအန မုန့်ဟင်းခါး ထိုင်စားနေသော တော်ဝင်မို။ မို့ကိုမြင်လိုက်သည်နှင့် ယုယ ရန်တွေ့ချင်စိတ်လေး ပေါ်၏။

ထို့ကြောင့် လက်ကလေးတစ်ဖက် ခါးထောက်မိသည်။ ခြေ လှမ်းလေးပါ သွက်သွက်လျှောက်ရင်း မို့နောက်ရပ်ကာ။ မို့ပခုံးလေးကို ဖျတ်ခနဲ ရိုက်၏။

"အဲ"

မို့ ဆတ်ခနဲဖြစ်ပြီး မုန့်ဟင်းခါးသီးလုမတတ် ဖြစ်၏။

လှည့်ကြည့်တော့ အိမ့်ယုယ။





ရန်လိုချင်သော ယုယမျက်နှာလေး ပြုံးစူလို့ထားသည်ကို မို့ အလေးမထားနိုင်။ မျက်စောင်းထိုး၍ –

"ဘာလဲ၊ လူကို လာရိုက်နေတာ၊ ဒီမှာ သီးကုန်ပြီ"

"အမယ် မို့ကပဲ ပြောရတာရှိတယ်"

"ပြောမှာပေါ့"

"ဟွန်း"

ယုယ ထိုင်ခုံမှာ ဝင်ထိုင်၍ မို့ကို တန်ပြန်မျက်စောင်းထိုး၏။ မို့နှုတ်ခမ်းတစ်ဝိုက်ကို တစ်ရှူးနဲ့ တို့သုတ်၍ –

"ဟုတ်တယ်လေ၊ ရှင်လုပ်လို့ ဒီမှာ သီးကုန်ပြီ၊ နေစမ်းပါဦး ဘယ်ကဘယ်လို ဒီရောက်လာတာလဲ"

"ညည့်သည်တွေ ပန်းခြံတွင်း လျှောက်ပတ်ချိန်ပေးထားတုန်း ခိုက်ဆာဆာနဲ့ ဒီဘက်လှည့်လာတာ"

"အဲဒါဆိုလည်း စားပေါ့၊ ဒေါ်ကြီးစိန် မုန့်ဟင်းခါး ငါးဖယ်ကြော်နဲ့ တစ်ပွဲပေးပါဦး"

မုန့်ဟင်းခါးမှာပေးလိုက်တော့ ယုယ အနည်းငယ် ကျေနပ်သွားဟန်တူသည်။ သို့သော်လည်း မုန့်ဟင်းခါး ဆက်စားဖို့ ဟန်ပြင်သော မို့လက်ကို တံတောင်နဲ့ တို့၏။

"ဘာလဲ ယုယရဲ့"

"ရှင်က ယောက်ျားရပြီးမှ သွေးကြီးနေတာပေါ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာရယ်"

မို ဇွန်းကိုပြန်ချရင်း ယုယကို ဘုကြည့်ကြည့်သည်။ ယုယက မမှုသလိုပင်။ ဒေါ်ကြီးစိန် ကမ်းပေးသော မုန့်ဟင်းခါးပန်းကန်ကို ဆွဲယူသည်။

စားချင်စိတ်ကို နှိုးဆွသော မုန့်ဟင်းခါးနံ့မွှေးမွှေးကို တစ်ရှိုက်ရှူပြီး –

"ဘာရယ်လို့ ပြန်မမေးနဲ့ မိုရယ်၊ မို သွေးကြီးနေတယ် မဟုတ်လား၊ ယောကျ်ားကောင်းကောင်း ရလို့လေ၊ အေးပေါ့လေ ဘော့စ်ကို ရတဲ့သူဆိုတော့"

"အောင်မာ ရှင် ဘာတွေပြောနေတာလဲ ယုယရယ်"

"ရှင် သွေးမကြီးဘူးဆိုရင် ယုယဖုန်းခေါ်တာ ကိုင်မှပေါ့၊ ခုတော့ ယုယ ဖုန်းခေါ်သလောက် ရှင်မကိုင်ဘူးလေ၊ အဲဒါ သွေးကြီးတာ မဟုတ်လို့ ဘာလဲ"

"ဩော် ဒါလား"

မို မျက်နှာလေး မှိန်ဖျော့သွား၏။ မျက်ဝန်းထဲမှာလည်း သူ့ကို မြင်ယောင်လာသလို စိတ်ဆိုးချင်တာတွေ ပွထလာသည်။

"ဆောရီးပါ ယုယရယ်"

မို ခပ်တိုးတိုး ရွတ်၏။

"ရပါတယ် မိုရယ်၊ သူနဲ့ရလို့ အခြေအနေပြောင်းလဲတာ ယုယ





ဝမ်းသာပါတယ်၊ ဒါပေမဲ့ မို အရင်လို မဆက်ဆံတော့ စိတ်မကောင်းဖြစ်ရတာပေါ့"

ယုယဆိုလာတော့ မို မုန့်ဟင်းခါး ဆက်စားချင်စိတ်မရှိတော့ပါ။ ယုယကို အရင်လိုပဲ ခင်မင်စွာ ပြန်ကြည့်၍ –

"ဆောရီးဟာ၊ မို့စိတ်ထဲမှာ အဲလိုရှိတာ မဟုတ်ဘူး၊ ယုယ ဖုန်းမှန်းလည်း မသိဘူး၊ ဖုန်းမြည်တာ ကြားတယ်၊ မို မကိုင်တာက ဟိုလေ သူ့ကို စိတ်ဆိုးနေတာနဲ့"

"သူ့ကို စိတ်ဆိုးတာ၊ ဘာကြောင့် ဆိုးတာလဲ"

မို ချက်ချင်းမဖြေဖြစ်။

ယုယ မေးခွန်းနောက်မှာ မို့မျက်နှာလေး သရိုးသရီဖြစ်ကာ ရှက်ချင်သလိုလို၊ အလိုမကျချင်သလိုလိုဖြစ်ကာ ငြူစူသည့်ဘက် ပြောင်းလဲသွားသည်။

စားလက်စ မုန့်ဟင်းခါးကိုလည်း မမြင်ချင်ဖြစ်ကာ။ မုန့်ဟင်းခါးဖိုး ရှင်းပြီး ထထွက်၏။

"ဟဲ့ နေဦးလေ"

ယုယ ဟန့်တားပေမယ့် မို့ခြေလှမ်းတွေ ရပ်မသွား။ ပန်းခြံထောင့်ဘက်ရှိ လူရှင်းသောခုံတန်းလေးမှာ သွားထိုင်နေလိုက်သည်။

မို ဘာကြောင့် စိတ်ဆိုးချင်တာလဲ။

အကြောင်းပြချက်ကို မို ပြောမထွက်သလို မို့နှုတ်ကလည်း



www.burmeseclassic.com

www.burmeseclassic.com



ပြောရဲမှာ မဟုတ်ပါ။

ဟုတ်တယ်လေ။

မမပြောတုန်းက မှီသဘောဆန္ဒအတိုင်း မှီ နေခွင့်ရမယ်တဲ့။ မမရှေ့မှာတော့ သူက ခေါင်းညိတ်ပြီးတော့။

သူ့ပိုင်နက်လည်းရောက်ရော သူ။ သူက။

အိုး။

မမြင်ချင်ဘူး၊ မခံစားချင်ဘူးဆိုခါမှ။

လက်မောင်းလေးနှစ်ဖက်ကို ဆုပ်ကိုင်ပြီး မှီ့ကျောပြင်ကိုမွေ့ရာနှင့် ထိကပ်အောင် လှဲစေလျှင် မှီ ထိတ်ခနဲ့ တုန်သွား၏။

"ရှင်"

မှီ ရုန်းဖယ်ပေမယ့် ရုန်းပွင့်သွားသော မှီ့ နှုတ်ခမ်းနှစ်လွှာကို အနမ်းဖြင့် သိမ်းပိုက်လိုက်သည်က အတန်ကြာ။

ဆတ်ဆတ်တုန်ယင်သော ခံစားချက်ဖြင့် မှီ ခေါင်းခါငြင်းမိသေးသည်။

သို့သော် –

သူ့ရင်ခွင်ကျယ်ကြီး လွှမ်းခြုံထားသလို သူ့ခန္ဓာကိုယ်၏ထိတွေ့လှုပ်ရှားခြင်းတွေက မှီ့အာရုံကို တထိတ်ထိတ်ဖြစ်စေလျက်။

သွေးဆောင်ယုယသော သူ၏အလိုကြီးခြင်းနောက်မှာ မှီ့ရဲ့အပျိုစင်ဘဝလေး ပါတော်မူချေသည်။





အဲဒီအတွက် မှီ့ရင်မှာ ကြည်သာမက်မောသော ခံစားချက်တွေဖြစ်တည်မလာ။

ရှုံ့ရှာစိတ်တွေ တဖွားဖွားဖြစ်လျက်။

သူ့ကိုလည်း မမြင်ချင်။ သူ့မျက်နှာကိုလည်း မကြည့်ချင်။ ဘယ်သူ့နဲ့မှလည်း ရင်မဆိုင်ချင်ဖြစ်ကာ။

"မှီ"

မုန့်ဟင်းခါးမစားတော့ဘဲ ယုယ လိုက်လာမှန်း မှီ သိပါသည်။ ခေါ်သံလည်း ကြားပါသည်။

ရှက်သောမျက်နှာလေးက ခုချိန်ထိ အရှိန်ကောင်းနေဆဲ။ ရှုံ့ရှာစိတ်က ခုချိန်ထိ လွှမ်းမိုးနေတာမို့ ယုယကို ကျောပေးနေလိုက်သည်။

ယုယက ခုံတန်းမှာ ဝင်ထိုင်၍ မှီ့ပခုံးလေးကို စာနာစွာဖက်သည်။

"မှီရယ် ယုယတို့မိန်းမသားတွေ မင်္ဂလာဆောင်ပြီးသွားရင် ကိုယ့်ကိုယ်ကိုယ် မပိုင်တော့ဘူး၊ သူတို့ ပိုင်ရှင်ဖြစ်သွားပြီ၊ သူတို့ပိုင်နေမှတော့ အလှထိုင်ကြည့်ရုံနဲ့ မပြီးတော့ဘူး၊ သူတို့စိတ်က တောင်းဆိုလာတဲ့အတိုင်း ထိတွေ့ပိုင်ဆိုင်လိုက်ကြတာ ယောကျ်ားတွေရဲ့သဘာဝ။ အဲဒီအတွက် ယုယတို့မိန်းမသားတွေ စိတ်ဆိုးနေလည်း သူတို့က ပြုံးပြုံးလေး စောင့်ကြည့်နေမှာပဲ၊ စောင့်ကြည့်ရုံမကပါဘူး၊ နောက်ထပ် အကြိမ်ကြိမ်အခါခါအတွက် အခြေအနေတွေ သူတို့ ဖန်တီးရယူဦးမှာပဲ သူငယ်



www.burmeseclassic.com

www.burmeseclassic.com



ချင်းရယ်''

"အဲဒါတွေကြောင့် သူ့ကို ရွံတာ"

စက်ဆုပ်စဖွယ် မှီပြောလျှင် ယုယ မသိမသာ သက်မချရှာသည်။ ချစ်သူဖြစ်ပြီးမှ အိမ်ထောင်ပြုကြသူများအတွက် ဒီကိစ္စက နှစ်ဦးနှစ်ဖက် ကြည်သာသော ပျားရည်ဆမ်း ဖီလင်ရယ်။

အစိမ်းသက်သက် အိမ်ထောင်ပြုမိရင်တော့ မိန်းမသားတို့ခံစားချက်က သာယာကြည်နူးမှုတွေထက် မနှစ်မြို့စရာ၊ မသတီစရာဖြစ်ရသည်ကမဆန်း။

အခု မှီကလည်း အဲဒီအတွက် မကြည်မသာဖြစ်နေခြင်းရယ်ယုယလည်း မိန်းမသားပေမို့ မှီ့ရင်ထဲမှ ဖြစ်တည်မှုကို ကိုယ်ချင်းစာသည်။

ယောကျ်ားတစ်ယောက်နဲ့ မိန်းမတစ်ယောက် အိမ်ထောင်ပြုကြတယ်။ မင်္ဂလာဆောင်ကြတယ်ဆိုတာက မိမိတို့ကိုယ်တွင်းမှာ ရှိနေသည့် နိုးထနေသော လိင်စွမ်းအင်ကို ရှင်သန်ခွင့်ပေးလိုက်တဲ့သဘောပါပဲ။

ထိုလိင်စွမ်းအင် ရှင်သန်မှုကနေ နှစ်ကိုယ်ကြား ချစ်ကြည်နူးတွေ ပေါက်ပွားပြီး ဂုဏ်သိက္ခာရှိသော အိမ်ထောင်ရှင်များအဖြစ် ရပ်တည်ကြသည်က အခြေခံကျသော မိသားစုဘဝအစ မဟုတ်ပါလား။

မိသားစုဘဝအစကို ဖန်တီးနေသောအဖြစ်ကို မှီ လက်မခံနိုင်





သေးလို့သာ ခုလို သူ့အပေါ် မသတီဖြစ်နေခြင်းဟု ယုယ နားလည်ပါသည်။

ဒါကြောင့် သူငယ်ချင်းကို ဝါရင့်အိမ်ထောင်သည် မိန်းမသားပီ ယုယ ပို၍ နားလည်ပေးနိုင်ပါသည်။

"မှီရယ် ရွံတယ်ဆိုတဲ့ မှီ့စိတ်ခံစားချက်ကြီးကို ဖယ်ထုတ်လိုက်စမ်းပါ"

"အောင်မာ၊ ရှင်က မှီ့ကို"

မှီ ပြောခွင့်မသာ၊ ရန်တွေ့ချင်သလို ပြောလိုက်သော စကားအဆုံးထိ မရောက်တော့ပါ။

မှီ့နှုတ်ခမ်းလွှာလေးကို ယုယ လက်ဖဝါးလေးနှင့် ဖိပိတ်၍ပြောသည်။

"ကဲပါ၊ စိတ်လိုက်မာန်ပါဖြစ်နေလို့ ဘာထူးမှာလဲ မှီရယ်၊ ချိုစင်လေးလို ကက်ကက်လန်ဖြစ်နေလို့မှ မရတော့တာ၊ ဖြစ်လာတဲ့အခြေအနေပေါ်မှာ သာယာညွှတ်နူးစိတ် ဝင်တတ်အောင်သာ ကြိုးစားလိုက်ပါ၊ ကဲ ယုယသွားမယ်၊ ဟိုမှာ ဧည့်သည်တွေ ထွက်လာနေကြပြီ"

ယုယ ပြောချရင် ပြောပြီး ထထွက်သွား၏။

မှီ နှုတ်ခမ်းစူလျက် ယုယကို ဆဲပစ်လိုက်သည်။

"ယုယစုတ်မ။ သူ့လိုပဲ လင်စိတ်ပြင်းပြတဲ့ မိန်းမထင်နေလားဟွန်း"



www.burmeseclassic.com

www.burmeseclassic.com



မို့ အံလေးကြိတ်၏။ ထို့နောက် မကျေမချမ်းဖြစ်သောစိတ်
မျက်နှာလေးကို မော့ထားလိုက်သည်။

"စိတ်ချ၊ ဘယ်တော့မှ မကြည်သာနိုင်ဘူး"

ဟု ရင်ထဲမှ ပြောမိလျက်သား။

✿ ✿ ✿



## အခန်း (၁၇)

"ဟော့ မောင် ဟိုမှာ မင်းမဒီလေး မဟုတ်လား"

သူနဲ့ကျောင်းနေဖက်ဖြစ်သော ဇေကမ္ဘာ မျက်စနှင့် လှမ်းပြ၍ ...သည်။

သူက ပန်းပုပစ္စည်းတွေ ကြည့်နေရာမှ ငဲ့စောင်းကြည့်၏။ ...တ်ကက်၏အပေါ်ထပ်ကို ရွှေလျားလှေကားနှင့် တက်သွားနေသော ...ဘ်ဝင်မို့။

ရယ်မောရွှင်မြူးစွာ စကားတွေပြောနေသည်က ဘေးနားယှဉ် ...နေသော လူရွယ်တစ်ယောက်နှင့်။ ထိုလူရွယ်က မို့ပြောသမျှကို ပြုံးပြုံး ...ကြည့်နေတာက သူ့စိတ်ကို မခံနိုင်အောင် ကလိထိုးနေသည့်နှယ်။



www.burmeseclassic.com

www.burmeseclassic.com



"မှီ"

သူ့ရင်ထဲမှ လွှတ်ခနဲ ခေါ်မိလျှင် –

"မောင်"

ဖောက်မ္ဘာခေါ်သံက သူ့ကို ကျေနပ်ကြည်နူးနိုင်အောင် သတိပေ လိုက်သလိုပင်။

"ဩော် အင်း သူငယ်ချင်း။ မင်း ကိုယ့်ဖနီးကို မင်္ဂလာပွဲတုန်းက တစ်ခါပဲ မြင်ဖူးတယ်၊ မှတ်မိသားပဲကွ"

သူ ဗလုံးဗထွေးနှင့် ကျေနပ်မပျက်အောင် ပြောမိသွားသည် ဖောက်မ္ဘာက ပခုံးလေးတပင့်ပင့်နှင့်။

"မှတ်မိတာပေါ့ကွ၊ မင်းမဒီက သာမန်မိန်းမလှနဲ့မတူဘူး ထူးခြားတဲ့အလှမာန်ရှိတယ်၊ တစ်ခါမြင်ဖူးရုံနဲ့ မှတ်မိအောင် ဆွဲဆောင်နိုင် တဲ့အလှရှိတယ်"

"ကျေးဇူးပဲ သူငယ်ချင်း"

"ရပါတယ်ကွ၊ ကိုယ်က ရုတ်တရက် မြင်လိုက်တော့ အံ့ဩ လို့ပါ၊ ပြီးတော့ မင်းကိုလည်း အံ့ဩတယ်"

"ဘာဖြစ်လို့"

သူက ရွှေမင်းသမီးပန်းပုရုပ်ကြီးကို ယူကြည့်လိုက်သည် ဖောက်မ္ဘာက မှီနဲ့ ထိုလူရွှယ်အပေါ်ထပ်ရောက်၍ လူရိပ်ပျောက်ကွယ်သွား သည့်အထိ ကြည့်ပြီးမှ –





"ဘာဖြစ်ရမလဲ၊ မင်းက မင်းမဒီနဲ့ တွဲသွားရမှာတောင် တွန့် ဘိုနေတာမဟုတ်လား၊ မင်္ဂလာဆောင်ပြီးကတည်းက ဘယ်သွားသွား မင်းတစ်ယောက်တည်း"

ဒါတော့ ကိုယ့်အကြောင်းနဲ့ကိုယ်ဟု ရင်ထဲမှာပဲ ပြောကာ။

"ကဲ မင်းအတွက် ဟောဒီရွှေမင်းသမီးရုပ်တုလေး ပေးမယ်၊ သဘောကျရဲ့လား ကြည့်ဦး"

စကားလမ်းကြောင်းပြောင်းချင်၍ သူ့လက်ထဲမှ ရွှေမင်းသမီး ပန်းပုရုပ်ကို ဖောက်မ္ဘာလက်ထဲ ထည့်သည်။

ဖောက်မ္ဘာက နှစ်ပေခန့်ရှိသော သစ်သားပန်းပုရုပ်ကို ပွေ့ပိုက်၍ "ဒီလို အလှကြည့်ရုံအရုပ်မျိုးကို ကြိုက်တော့ ကြိုက်ပါတယ်"

"ကြိုက်ရင် ယူလေကွာ"

ဖောက်မ္ဘာ မျက်မှောင်လေးပင့်၍ –

"မင်းမဒီလေးလို အသက်ရှိတဲ့ မင်းသမီးလေးမျိုးဆိုရင်"

"မင်း"

နဂိုကတည်းက သူများနဲ့ တွဲသွားတာမြင်ရလို့ ရင်ထဲဆူး စူးနေ တဲ့ကြားထဲ ဖောက်မ္ဘာက အတည်နောက်လာတော့ အူက တိုသထက် တိုလာသည်။

ဖောက်မ္ဘာ စကားဆုံးအောင် ပြောခွင့်မသာ။

မျက်မှောင်စိမ်းစိမ်းနှင့် ဖောက်မ္ဘာကို စားတော့ဝါးတော့မတတ်



www.burmeseclassic.com

www.burmeseclassic.com



သူ စိုက်ကြည့်၏။

ဖေကမ္ဘာက အဂ္ဂါမောင်စိတ်ကို သိနေတာမို့ တဟားဟား [illegible]
ရယ်ကာ။

"ကိုယ်ပြောရုံလေး ပြောရသေးတာပါကွာ၊ ဟိုမှာ တွဲသွားတဲ့ [illegible]
ငနဲကိုတော့ မင်း လွှတ်ထားပြီးတော့"

"ကျွတ်"

မှီနဲ့ ပတ်သက်ရင် သူ့စိတ် အနည်းငယ်မျှ ထိပါးမခံနိုင် [illegible]
နောက်ပြောင်နေသော သူငယ်ချင်းကို မဆီမဆိုင် ပြောနေမိသည့် သူ [illegible]
အဖြစ်ကို သူ နားမလည်နိုင်ဖြစ်ကာ။

သူငယ်ချင်းကတော့ နားလည်မှုရှိစွာ။

"ကဲပါ၊ မင်းရွေးပေးတဲ့ ဒီပန်းပုရုပ်လေးပဲ ကိုယ်ယူမှာပါ"

"ယူကွာ"

သူ သုန်မှုန်စွာပြောရင်း ကောင်တာဆီ သွားပြီ ငွေရှင်းပေ [illegible]
လိုက်သည်။

ပြီးတော့ စိတ်လိုက်မာန်ပါနှင့် အပေါ်ထပ်တက်သွားဖို့ စက် [illegible]
လှေကားဆီ ခြေဦးလှည့်လျှင် –

"မောင်"

"ဘာလဲကွာ"

"လာစမ်းပါ"





သူ့ကို ဖေကမ္ဘာ အပေါ်ထပ်တက်ခွင့်မပေး။ သူ့လက်မောင်းကို
[illegible]ပြီး တခြားအရောင်းစင်တာဘက် ဆွဲခေါ်သွားသည်။

"မင်း လိုတာရပြီးပဲကွာ၊ ဘာလိုချင်သေးလို့လဲ"

"မင်းတို့ ပြဿနာဖြစ်ကြမှာကို မမြင်ချင်လို့ကွ၊ လာစမ်းပါ"

သူ့ကို မရအရဆွဲခေါ်သွားတဲ့ ဖေကမ္ဘာနောက် သူ ပါခဲ့ရသည်။
[illegible]သော် ရင်ထဲမှာမကြည်။

နှလုံးသားထောင့်တစ်နေရာမှာ စူးချွန်လေး ထိုးစိုက်ခံနေရ
[illegible]လို တဆစ်ဆစ်နှင့် မျက်၏။

မှီ။

မောင်နဲ့ဆို ဘာကြောင့် ကြည်သာတော်မမူရတာလဲ။

ပြောစမ်းကွာ။

✿

စီးကရက်ကို မျက်လုံးမှိတ်ကာ တရှိုက်မက်မက် ဖွာ၏။ ထို့
[illegible]က် နှုတ်ခမ်းလွှာကြားမှ မီးခိုးငွေ့တွေ မှုတ်ထုတ်လျက်။

လွင့်လူးခွေခေါက်နေသော မီးခိုးငွေ့များက လေထု[illegible]မှာ



www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်း ပြယ်လွင့်ကာ မျောလွင့်နေဆဲ။

စီးကရက်ဖွာလိုက်၊ ဗောဒကာအရက်လေး သောက်လိုက်

အမြည်းဝါးလိုက်နှင့် သူ့စိတ်ကို သူ လမ်းကြောင်းပြောင်းနေမိသည်

မြင်လွှာမှာ ထင်ထင်ပေါ်နေသော မှီနှင့်ထိုလူရှယ်ပုံရိပ်

ဖျောက်ဖျက်နိုင်ဖို့ ကြိုးစားကာ ခပ်များများသောက်၏။

သူ ဘယ်လောက်ကြာအောင် သောက်ဖြစ်သည်မသိပါ။

နောက်ဆုံးတော့ မြင်ကွင်းက ဝေးဝါးနေသည်။ ဘာကိုမှ ထိ

မိမိ ခံစားလို့မရစွာ ယစ်ထွေလျက်။

ထို့နောက် ဇောကမ္ဘာ သူ့ကို အိမ်တိုင်ရာရောက် လာပို့သွာ

တာကို ဝိုးတဝါးသိ၏။

အိပ်ခန်းထဲအရောက်မှာ မှီ့ကို မသဲမကွဲ သူ မြင်နေသည်

"မှီ"

လို့ သူခေါ်လိုက်ပေမယ့် မှီ ထူးလား၊ မထူးလား သူ အာ

မရပါ။ လူက ယိုင်ထိုးကျတာမို့ မှီရာ လှမ်းဆွဲ၏။

"အိုး ရှင် ဘယ်လိုဖြစ်နေတာလဲ၊ မူးရင် မူးတဲ့အတိုင်း သွာ

အိပ်တော့လေ"

ဆိုဖာပေါ်မှာ စာအုပ်ထိုင်ဖတ်နေသော မှီ၏ မနှစ်မြို့သံ။

ပြီးတော့ စိတ်ပျက်စွာ ဆွဲလွဲ၍ သူ့ကို ခုတင်ပေါ်တွန်းပစ်သည်

မှီ့အမူအရာ။





သူ့နှလုံးသားထဲမှာ ဓားထက်ထက်နှင့် ဆွဲခြစ်ခံရသလို ထိရှ

ကုန်သည်။

မူးနေတဲ့ အရှိန်ကြောင့်လား၊ ဝမ်းနည်းလို့ပဲလား၊ ရင်ထဲမှာ

ထိသွားကာ မျက်ရည်တို့ ဝေကျ၏။

ထိုအခါ မြင်လွှာမှာ ပို၍ဝါးနေကာ မှီ့ကိုသာ တငေးငေးကြည့်

ရင်း သူ အိပ်ပျော်သွားခဲ့သည်။

သူ့အိပ်မက်ထဲမှာတောင် မှီက သူ့ကို ကျောခိုင်းထား၏။

ဘာဖြစ်လို့လဲ မှီ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

နိုးနိုးချင်း သူ့ခေါင်းထဲ အုံခဲနေသလို ခံစားရ၏။ မျက်လုံးကို မဖွင့်ဘဲ ဘေးကို လက်နှင့် စမ်း၏။

ထိတွေ့သောအရာကို ဆွဲယူ၍ ရင်ခွင်ထဲထည့်ကာ ပွေ့ဖက်လျှင် အရင်လို နွေးအိသောခန္ဓာကိုယ်အတွေ့ကို မခံစားရ။ ကိုယ်သင်းရနံ့လည်း မွှေးမြမနေ။

အေးစက်စက် ပြောင်တင်းတင်းအရာ။

မျက်လုံးဖွင့်ကြည့်လိုက်တော့မှ ဖက်လုံးရှည်ကြီးဖြစ်မှန်းသိလျှင် ရင်မှာ လိုဏ်ပေါက်လို ဟာ၏။

ထို့ကြောင့် –





သူ့ခေါင်းထဲ ပို၍အုံခဲသလို ခံစားရပြီး –

ခုနေခါ မှိုကို ပွေ့ဖက်ပြီး တစ်ရှိုက်နမ်းခွင့်ရရင် သူ့ဝေဒနာ သက်သာသွားနိုင်သည်ဟု သူ ယူဆသည်။

မှိုကို သူ အိပ်ရာထချိန်တိုင်း မြင်တွေ့ခွင့်ရလိုခြင်းနှင့် ပွေ့ဖက်နမ်းရှိုက်ခြင်းသည် သူ့ချစ်ခြင်း၏ပြယုဂ်တစ်မျိုး ဖြစ်လေသည်။

မှိုက သူ့ချစ်ခြင်းကို မက်မောဖွယ် မခံစားတတ်ခြင်းက သူ့နှလုံးသားအတွက် ဝမ်းနည်းဖွယ်ကောင်းလှသည်။

ထို့ပြင် သူ့ရဲ့မနက်ခင်းတိုင်းက ထိုချစ်ခြင်းကို လပ်ဟာနေလျှင် –

"မှို"

မှိုကို တွေ့လိုတွေ့ငြား အခန်းထဲ ဝေ့ကြည့်မိသည်။ မှို အရိပ် မှိုအသံလေးပင် မကြားရတော့ ရင်မှာ ပို၍ ဟာလာဟင်းလင်းဖြစ်ကာ။

ဆွဲဖက်ထားမိသည့် အေးစက်စက် ဖက်လုံးရှည်ကို ပစ်ပေါက်၍ အိပ်ရာပေါ်မှ ကုန်းရုန်းထ၏။

ထို့နောက် ကမူးရှူးထိုးနှင့် အိမ်ထိန်းကို အော်ခေါ်သည်။

"ဒေါ်စိုး၊ ဦးသက်"

ဘဲလ်လည်း အဆက်မပြတ်တီး၏။ တစ်မိနစ်ပင် မကြာ အပေါ် [illegible]တက်လာသော ခြေသံတွေ ကြားရသည်။

"လာ လာပါပြီ သားရယ်"



www.burmeseclassic.com

www.burmeseclassic.com



ထူးသံနှင့်အတူ ဒေါ်စိုး အခန်းတံခါး ဖွင့်ဝင်လာသည်။

"သား မောင် ဘာဖြစ်လို့လဲ သား၊ ဒေါ်စိုး ဘာလုပ်ပေးရမလဲ"

ဒေါ်စိုးက သူ့အိမ်တော်ထိန်းပီသစွာ ပျာယာခတ်မတတ် မေးလာသည်။ ဦးသက်လည်း အခန်းထဲ ဝင်လာပြီး–

"မောင် ဦးသက်လာပြီ၊ ဘာခိုင်းမလို့လဲ"

"မှီကော"

သူသိချင်တာ၊ မြင်ချင်တာ မှီပဲ မဟုတ်လား။

သူ မေးလိုက်တော့ ထိုလူကြီးနှစ်ယောက် အ,တိအ,တ အမူအရာတွေ ဖြစ်ကုန်သည်။

ဒီအမူအရာမျိုးကို သူ မနှစ်သက်ပါ။

မေးရင် ဒက်ခနဲဖြေမှ ကြိုက်သည်။

"ပြောလေ၊ မှီကော"

ဒေါ်စိုး မျက်လွှာချ၍ –

"မနက်အစောကြီး ထွက်သွားတယ်"

"ဘာ"

"ဟုတ်တယ် မောင်၊ ဦးသက်တောင် မေးလိုက်သေးတယ်၊ ဘယ်သွားမလို့လဲလို့"

"ဘာပြောလဲ မှီက"





"အလုပ်သွားဖို့တဲ့"

"ဘာ"

"ဟုတ်တယ်၊ လိုက်ပို့ပေးမယ် ပြောပါသေးတယ်၊ မပို့နဲ့ပြောပြီး လာကြိုတဲ့ကားနဲ့ မှီ လိုက်သွားတယ်"

"တောက်"

သူ တောက်ခတ်တော့ ဦးသက်နှင့် ဒေါ်စိုး မျက်နှာမလှ ဖြစ်သွားသည်။

"သွားတော့"

သူ အံကြိတ်ရင်း ပြောလိုက်သည်။ ဦးသက်နဲ့ဒေါ်စိုး ထွက်သွားတော့ သူ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း မှီ့ဖုန်းနံပါတ်ကို ခေါ်သည်။

ဖုန်းက ခေါ်ဆို၍မရနိုင်ပါချေ။

ထို့နောက် ဦးကြွယ်ဖုန်းကို ခေါ်သည်။

သူသေချာပြောထားလျက်နဲ့ မှီ့ကို အလုပ်ဆင်းခွင့်မပေးပါနဲ့၊ မာလာဦးမှာ အေးအေးချမ်းချမ်းနားပါစေလို့။

ဦးကြွယ်က စိတ်ချပါတဲ့။

ခုတော့ မှီက အလုပ်ဟုဆိုပြီး ထွက်သွားသတဲ့။ ဦးကြွယ်ဖုန်း တန်းခနဲ ဝင်သည်။ တစ်ပြိုင်နက်တည်းလည်း ဖုန်းထူးသံ ကြားရ၏။

"ဟဲလို Goodmorning မောင်၊ ဆို ဘာကိစ္စ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိစ္စရှိမှာလဲဗျာ၊ ဦးကြွယ်ကို မောင် သေချာပြောထားသားနဲ့"

"ဘာလဲ"

"မို့ကို အလုပ်နားထားဖို့လေ"

"ဦးကြွယ် နားခိုင်းထားတယ်၊ ညှော်တာဝန်ချပေးတဲ့ မန်နေဂျာကို အန်ကယ် သေချာပြောပြီးသား။ စိတ်ချ။ မောင့်ဆန္ဒကို ဦးကြွယ် ဘယ်တုန်းက လွန်ဆန်ဖူးလို့လဲ၊ မောင်တို့ မင်္ဂလာဦးကိစ္စ ပိုပြီးတောင် အလေးထားသေးတာကွာ"

"အခု မို့ မရှိဘူးဗျ၊ အစောကြီး ထွက်သွားတယ်၊ ဦးသက် ပြောတော့ အလုပ်ဆင်းဖို့ လာကြိုတဲ့ကားနဲ့ လိုက်သွားသတဲ့"

"ဟင်"

"ဟင်မနေနဲ့ ဦးကြွယ်၊ ခုချက်ချင်း မို့ကို လှမ်းခေါ်ပေးစမ်းပါ"

သူ ပြောပြီး ဖုန်းပိတ်လိုက်လျှင် ဦးကြွယ် ဗျာများသွားသည်။ ဟုတ်ရဲ့လား။ သီသီကျော်ကို သေချာခေါ်မေးရမည်။

"ဟင့်အင်း ဦးကြွယ်၊ မို့ ကုမ္ပဏီမလာဘူး၊ ဦးကြွယ်ပြောထားလို့ မို့အတွက် ညှော်တာဝန် ဘာမှစီစဉ်မထားဘူး"

"ဒါဆို"

"အဲဒါတော့ သီသီလည်း မသိဘူး ဦးကြွယ်"





ဦးကြွယ်တစ်ယောက် ခေါင်းစားရလေပြီ။

မိုက ကုမ္ပဏီမလာဘဲ ဘယ်အစီအစဉ်နဲ့ ထွက်သွားတာလဲ။ ဒါကိုပဲ ခေါင်းကိုက်မတတ် တွေးနေရသည်။

မင်္ဂလာဦးမှာ ပျားရည်ဆမ်းခရီး မထွက်ဘဲ လင်ယောကျ်ားကို ချန်ထားပြီး ဘယ်ညှော်သည်နဲ့ ခရီးထွက်နေတာလဲ။

တော်ဝင်မှီရယ် –

မင်းလေးကြောင့် လူကြီးတန်မဲ့ ငါ ခေါင်းခဲရနေပြီကွာ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

"တီ တီ တီ"

ဖုန်းက အဆက်မပြတ် မြည်နေသည်။ ညော့သည်တွေနဲ့မို့ မို ဖုန်းမကိုင်အားပါ။

ဖုန်းမြည်သံက ညော့သည်တွေကို စိတ်အနှောင့်အယှက်ဖြစ်စေသည်။ ထို့ကြောင့် –

"တောက်"

ဖုန်းခေါ်နေတာမကိုင်လို့ တင်းနေရတဲ့အထဲ စက်ပိတ်လိုက်တော့ သူ့ရင်ထဲမှာ ထောင်းခနဲ ပေါက်ကွဲ၏။

ထို့ကြောင့် နောက်ထပ်ဖုန်းနံပါတ်တစ်ခုကို နှိပ်ကာ ဖုန်းတန်





နေဝင်ပြီး နောက်ထူးသံကြား၏။

"ဟဲလို"

"မမစံ ကျွန်တော်ပျ"

အံကြိတ်သံမပါအောင် သူ မနည်းမနောထိန်းလျက် ပြောသည်။ မမစံက အလေးအနက်ဟန်ဖြင့် –

"ပြော မောင်၊ မောင်လေးပြော၊ မမစံ နားထောင်နေတယ်"

"မမစံ ညီမ"

"မို မို ဘာဖြစ်လို့လဲ"

ညီမနာမည်ပါလာတော့ တော်ဝင်စံ စိုးရိမ်စိတ်ဖြစ်လေသည်။ အသက်တစ်ချက်ဖိရှူ၍ –

"မို ဘာဖြစ်ရမှာလဲ၊ ကျွန်တော့်အပေါ် မို အလေးအနက်မရှိတာ ဘာကြောင့်လဲ မမစံ၊ မို ကျွန်တော့်ကို ဂရုမစိုက်တာ ဘာသဘောလဲ"

"ဟင် ညီမလေးက"

"ဟုတ်တယ်၊ အခု မို ဘယ်သွားနေလဲ၊ ဘယ်လာနေလဲ၊ ကျွန်တော် ဘယ်လိုမှ ဆက်သွယ်လို့ မရဘူး မမစံ"

"ကျွတ်၊ ဒီကောင်မလေးနဲ့တော့ ခက်တော့တာပဲ၊ နေဦး မောင်လေး မမစံ ဆက်သွယ်ကြည့်မယ်"

တော်ဝင်စံ ခပ်လျော့လျော့လေး လျှော့ပြောလိုက်မှ –



www.burmeseclassic.com

www.burmeseclassic.com



"မမစံ အမြန်ဆက်သွယ်ပေးပါ"

ဒါပဲပြောပြီး ဖုန်းချသွားတဲ့ မတ်တော်မောင်ကို မငြိုငြင်ရ ပါ။

"ဘာလဲ သမီးကြီး"

ဒီဖိုင်းထွင်ဖို့ ဝတ်စုံတွေပေါ်မှာ ကျောက်ပွင့်ကြီးများ တွဲချုပ်ေ သော မေမေက မော့ကြည့်ရင်း မေးရှာသည်။

တော်ဝင်စံ စက်ချုပ်ထိုင်ခုံပေါ်မှ ထ၍ –

"မေမေ့သမီးပေါ့၊ ဘယ်သွားပြီး ဘယ်လာနေလဲဆိုတာ မေ ကို ပြောမသွားဘူးတဲ့၊ မောင် ပြောတာလေ"

"ဟွန်း ဒီကလေးမ၊ မြန်မြန်ဆက်ကြည့်စမ်း၊ ဒင်းဖုန်းကိုင် မေမေ့ကိုပေး မေမေ ပြောယူမယ်"

"ဟုတ်ကဲ့ မေမေ၊ မေမေ့သမီးကို မေမေပြောချည်"

တော်ဝင်စံက ညီမကို ဖိမပြောလို့ မေမေပဲ ပြောပါစေ ကြောင့် မို့ဖုန်းကို ခေါ်သည်။ ဖုန်းက ခေါ်ဆို၍မရ အကြောင်းပြန် ပြန်၊ ဇရိယာပြင်ပရောက်နေသည်ဟု ဖြေချင်ဖြေနှင့်။

နောက်ဆုံး စက်ပိတ်ထားသည်ဟူသောအသံ ကြားရ၏။

ဘယ်လိုခေါ်ခေါ် ခေါ်ဆိုလို့မရသည့်အနေအထားမို့ တော်ဝ စိတ်ပျက်လက်ပျက်ဖြစ်လေ၏။

"ရလား သမီးကြီး"





"မရပါဘူး မေမေရာ"

"အဲဒါဆို ယုယဖုန်းကို ခေါ်ကြည့်ပါလား၊ ယုယဆို မို့ ဘာ ဆုပ်လုပ် သိတယ်မဟုတ်လား"

"အေး ဟုတ်သား"

မို့ကို ခေါ်လို့မရတဲ့အဆုံး အိမ့်ယုယကို ခေါ်ရသည်။ အိမ့်ယုယ ၏ဖုန်း ချက်ချင်းကိုင်ပြီး။

"မမစံ ပြောလေ"

ဟု ဆိုသည်။

"မို့ကော မို့ အခု ဘယ်မှာလဲ"

လို့ရင်းကို တော်ဝင်စံ မေး၏။

"မသိဘူး မမစံရဲ့၊ ယုယက ဒီနေ့ နားရက်လေ၊ မို့နဲ့ မတွေ့ ဖြစ်တော့ မသိဘူး၊ မို့ ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ၊ မောင့်ကို စိတ်အနှောင့်အယှက်ပေးနေတာ လေ၊ အခု မောင်နဲ့ မရှိဘူး၊ ဘယ်ထွက်သွားမှန်းမသိဘူး၊ မောင် ဖုန်း ဆက်လို့ မမစံ မို့ဖုန်းခေါ်ကြည့်တယ်၊ မရဘူး၊ အဲဒါနဲ့ ယုယကို ခေါ်မေး တာ၊ ယုယ သိမလားလို့၊ ဒါမှမဟုတ် ယုယနားမှာ ရှိမလားလို့ပါ"

"မရှိဘူး မမစံရဲ့"

"အဲဒါပေါ့ ခက်တာ၊ နည်းနည်းပါးပါး လင်ကို ဂရုစိုက်ပြီး ဘယ်သွားမယ်၊ ဘယ်လာမယ် ပြောသွားရင် ပြီးတဲ့ကိစ္စ၊ မပြောမဆိုပဲ



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထင်တိုင်း လျှောက်သွားနေတော့ အခု မခက်ပေဘူးလား၊ ယုယလည်း မို့ကိုတွေ့ရင် ဖျောင်းဖျပေးစမ်းပါ''

''ယုယလည်း ပြောတာပဲ မမစံရယ်၊ မို့ကိုက ငြူစူနေတာ''

''အဲလို ငြူစူနေလို့ဖြစ်မလား၊ ယောက်ျားလုပ်တဲ့သူကိုလည်း ငဲ့ဦးမှပေါ့၊ တကတည်း မပြောလိုက်ချင်ဘူး၊ ဒါပဲ ယုယ၊ မမစံ မို့နဲ့ အဆက်အသွယ်ရအောင် လုပ်ရဦးမယ်''

''အင်း''

မမစံ ဖုန်းချတော့ ယုယ ပခုံးလေးပင့်ကာ မလွယ်ပါလား မို့ရယ်လို့ ရွတ်မိလေသည်။

''ဘာတဲ့လဲ ယု''

ဒီနေ့ နားရက်မို့ အနားမှာ ကိုကိုရှိပါသည်။ ယုယ ဖုန်းချလိုက်သည်နှင့် ကိုကိုက ယုယပခုံးပေါ် ခေါင်းမှေးတင်ရင်း မေးသည်။

''မို့ပေါ့၊ မောင့်အပေါ် ငြူစူစိတ်နဲ့ အရေးမစိုက်လို့တဲ့''

''ဟွန်း၊ ကိုကိုသာ မို့လို မိန်းမမျိုးနဲ့ ညားရင် အသက်တိုမှာ''

''အမယ်၊ ကိုကိုက ဒါပဲ''

''ဒါပေါ့ ယုယရယ်၊ ယောက်ျားဆိုတာ အစဉ်အမြဲ နှလုံးသားက လန်းဆန်းပြီး မြူးကြွနေဖို့ လိုတယ်၊ အဲဒီအတွက် မိန်းမက ပါရမီဖြည့်နေမှလေ၊ နှလုံးသားလန်းဆန်းမှ ကိုကိုတို့ အရာရာကို ဦးဆောင်နိုင်မယ်၊ မဟုတ်လို့ကတော့ ညှိုးခြောက်ခြောက်ဖြစ်နေမှာကွ၊ ကိုကို





တော့ ညှိုးခြောက်နေတာကို မခံစားနိုင်ဘူး''

ကိုကိုပြောနေတာက ချွဲနေ့ညုနေတာမျိုးမဟုတ်။ ယောက်ျားသဘာဝ ခံစားချင်တဲ့စိတ်အတိုင်း ထုတ်ပြောနေတာမျိုး။

ကိုကိုပြောတာလည်း ယုယ လက်ခံနိုင်ပေသည်။

လင်ယောက်ျားရဲ့အလိုကို ဖြည့်နိုင်ခြင်းသည် မယားကောင်းပီသပေမည်။ ဇနီးမယားကောင်းပီသမှလည်း ဒီလင်ဒီမယား ကြည်သာချမ်းမြေ့သော အိမ်ထောင်ရေးကို ဟန်ချက်ညီညီ ခံစားနိုင်မည်။

အိမ်ထောင်ရေးသုခ ဟန်ချက်ညီမျှမှလည်း အိမ်ထောင်ရေးတည်မြဲမည်။ ချမ်းမြေ့သော မိသားစုဘဝ ဖန်တီးနိုင်မည် မဟုတ်လား။

''ကဲပါ ယုကြောင့် ကိုကို့ဘဝ ဘယ်တော့မှ ညှိုးခြောက်နေရော မလိုပါဘူး''

ချိုမြနေသော ယုယစကားလုံးလေးများက ကိုကို့ရင်ခုန်သံကို မြန်ဆန်စေသည်။

ဇနီးသည် ပခုံးထက်ခေါင်းလေးတင်ထားရာမှ ရင်အုံပေါ် ပြောင်းတင်က မွှေးရှိုက်၏။ ယုက ကြင်နာသောလက်ချောင်းလေးများဖြင့် ကိုကို့ကျောပြင်ကို ယုယနေမိသည်။

လင်မယားဘဝဆိုတာ ခုလို ကြည်သာစွာ တုံ့ပြန်ခြင်းကလည်း သုခတစ်မျိုးပါပဲ။

''မောင်နဲ့မို့ကိုလည်း ကိုကိုနဲ့ယုလိုပဲ တူမျှတဲ့ချစ်ခြင်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



သာယာတဲ့အိမ်ထောင့်အရသာကို ခံစားစေချင်တယ်ကွ"

"ယုလည်း ကိုကို့နည်းတူပါပဲ၊ ဒါပေမဲ့ မီက ခက်တယ်"

"အဲဒီခက်တာတွေရဲ့နောက်မှာ ပြဿနာတက်လာရင်"

"မမစ်လည်း အဲဒါကိုပဲ စိုးရိမ်တာပေါ့ ကိုကိုရယ်၊ ကဲပါ ကိုကို ဒီနေ့ အေးအေးဆေးဆေး အနားယူချင်တယ်ဆို"

ယုယ အလိုက်တသိပြောလျှင် ကိုကိုက ယုယကိုယ်လုံးလေးကို ပွေ့ဖိုက်ပြီး –

"ခုလည်း နားနေတာပဲ ယုရယ်"

ရင်ခုန်ခြင်းဖြင့် ကိုကိုပြောလျှင် ယုယ ကြည်နူးစွာ ရယ်မောရှာတိသားပဲ။

ယုယကို ပွေ့ဖက်ပြီး အကြင်နာတွေ ပေးနေတာကလည်း ကိုကို၏ အနားယူခြင်းတစ်မျိုးပါပဲ။

သို့မို့ကြောင့် ကိုကို၏အနားယူခြင်း ပြည့်မြောက်စေဖို့ ယုယကလည်း။

✿ ✿ ✿



## အခန်း (၂၀)

"သား မောင် တစ်ခုခုစားပါလား။ ဒေါ်စိုး လုပ်ပေးမယ်လေ"

ဒေါ်စိုးစိုး ချော့ချော့မော့မော့ ဆိုပါသည်။ သို့သော် သူမသားအရွယ်ဖြစ်နေသော သားမောင်က အရေးပင်မစိုက်။

အရက်တွေသာ တစ္စပ်စွပ် သောက်လျက်။

မနက်အိပ်ရာထကတည်းက မီမရှိ၍ ဖုန်းချည်းဆက်ကာ ဆုပ် ရှုပ်နေသည်။

ဟိုလူ့ကို ဆက်လိုက်၊ ဒီလူ့ကို ဆက်လိုက်နှင့် ဗျာများစွာ။ ဘာစားပါဆိုတော့လည်း မစား။

ရေမိုးမချိုးသလို၊ ညအိပ်ဝတ်စုံပင် မလဲ။



www.burmeseclassic.com

www.burmeseclassic.com



အပြင်ထွက်သွားပြန်သည်။ မကြာဘူး ပြန်ရောက်လာတော့ ပို၍ပင် ဒေါသကဖောင်းနေသည်။

စားပါသောက်ပါဆိုလည်း မရ။

နေ့လယ်စာလည်း မစား။ ညနေမှာ သားမောင်ကြိုက်တတ်သော ပုဇွန်အချဉ်ရည်ပြုတ်နှင့် ကြက်သားပြားကြော်။ ဒေါ်စိုး ထမင်းပွဲ ပြင်ပေး ကျွေးသော်လည်း မစား။

ဟော ခုတစ်ခါ ညစာစားချိန်ပင် ရောက်ချေပြီ။ ဒင်း မယား မျက်နှာ မမြင်ရသရွေ့ ဘာမှမစားဘူးလို့ အဓိဋ္ဌာန်ထားသည့်နှယ်။

ဒီမိန်းကလေးကလည်း ပြောဆိုပြီး သွားတာမဟုတ်ဘူး။

ခုတော့ အက်ကြောင်းက ပိုကြီးသလိုပင်။

သောက်ပဲ သောက်နေသည်။ သူမကိုယ်တိုင် အမြည်းဖွယ် ရာရာ လုပ်ပေးပါသေးသည်။

သားမောင်က မတို့မထိ။

အရက်သာ သောက်လိုက်၊ ထိုင်လိုက် ထလိုက်၊ ခြံပြင်ဘက် ထွက်မျှော်လိုက်။ ခြံထဲ ပတ်လျှောက်လိုက်နဲ့ သူ့ခမျာ မျောက် ငါး သလို ဂနာမငြိမ်။

နောက်ဆုံး ဒေါ်စိုးပဲ လက်လျှော့ကာ တော်ရာနေရာမှ ကြည့်နေရတဲ့အဖြစ်။

တီ တီ တီ။





ဟော ဖုန်းမြည်သံကြောင့် သားမောင်မျက်နှာ မျှော်လင့်ချက် လက်ခနဲ ဝင်းသွား၏။

နံရံမှာ ချိတ်ထားသော လက်ကိုင်ဖုန်းကို အသောပြေးကိုင် သည်။

"ဟဲလို"

"အေး မောင်ရေ အန်ကယ်လည်း လက်လှမ်းမှီသမျှ စုံစမ်း ကြည့်တယ်၊ ဘာအချိတ်အဆက်မှ မရသေးဘူးကွ၊ မောင်ကော မှီနဲ့ များ ဆက်သွယ်လို့ရသေးလား"

ဦးကြွယ် ပြောလည်း ပြောရင်း မေးလည်း မေးသည်။ သူ မဖြေနိုင်။ ချက်ချင်း ဖုန်းချလျှက်။

ဒေါ်စိုး သက်မတချချ။ ခေါင်းတခါခါနှင့် စိတ်မှာ ပိုပိုလေး၏။ သူက နားနေခန်းထဲဝင်၍ ဆက်သောက်နေလိုက်သည်။

သောက်နေရင်း အတွေးလှိုင်းတို့ လှုပ်လှုပ်ခတ်၏။

မှီ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

နှလုံးသားခံစားမှုဟာ ငယ်စဉ်ကတည်းက စွဲငြိနေသော သူ့ဘဝနဲ့ ဆက်စပ်နေလိမ့်မည်ဟု သူ ဘယ်တုန်းကမှ ထင်မှတ်မထားခဲ့ပါ။

မေမေက မြန်မာ၊ ဒယ်ဒီက အင်္ဂလန်နိုင်ငံသား။

ဒယ်ဒီနဲ့မာမီ အကြောင်းပါပြီးကတည်းက အင်္ဂလန်မှာ အခြေကျကာ သူ့ကို မွေးဖွားခဲ့သလို၊ အင်္ဂလန်မှာပင် သူ လူလားမြောက်ခဲ့သည်။

သို့သော်လည်း –

မေမေပြောပြသော မြန်မာ့ရွှေမင်းသမီးများအကြောင်းကို ညအိပ်ရာဝင်ပုံပြင်အဖြစ် သူ့နားမှာ စွဲနေခဲ့သည်။





ဒါ့ပြင် –

မင်းသမီးရုပ်ပုံ သစ်သားပန်းပုရုပ်ကလေးများကို မေမေ လက်ဆောင်ဝယ်ပေးတိုင်း သူ ချစ်မြတ်နိုးတတ်ခဲ့သည်။

ထိုင်မသိမ်းနှင့် မြန်မာဆန်သောဝတ်ဆင်မှုကို ပုံဖော်ထားသော န်းချီပန်းပုရုပ်တွေများစွာကို မြတ်နိုးစွာ စုဆောင်းထားခဲ့သည်။

"မေမေ မေမေတို့ မြန်မာမိန်းကလေးတွေက ဒီလိုပဲ ဝတ်ဆင်သလား"

ဟု သူ မေးခဲ့သည်။

မေးတိုင်းလည်း ဟုတ်တယ်ဟုသာ ဖြေခဲ့သည်။

"သား အပြင်မှာ တွေ့ချင်လိုက်တာ"

"တွေ့ရမှာပေါ့ သားရယ်၊ နောင်နှစ်လောက် မေမေတို့ မြန်မာပြည် အလည်သွားဖို့ သားဒယ်ဒီနဲ့ တိုင်ပင်ထားပြီ၊ သားကျောင်းပိတ်ရင် သွားကြမယ်လေ၊ အဲဒီတော့ သားမြင်ရမှာပေါ့"

မေမေ ထိုသို့ပြောလျှင် စိတ်ကူးယဉ်ကာ ငေးမောနေခဲ့သည်။ သို့သော် ကံကြမ္မာက မေမေ့ဆန္ဒကို မျက်နှာသာပေးမလာ။

မေမေပြောပြီး လပိုင်းပင်မကြာ။ ကားအက်ဆီးဒင့်ဖြင့် မေမေ ဆုံးလွန်သွားခဲ့သည်။ ထိုစဉ်က သူ ရှစ်နှစ်သားအရွယ်သာ။ သူ့ကို ထိန်းသိမ်းစောင့်ရှောက်ဖို့ ဒယ်ဒီက မေမေ အပျိုဘဝတုန်းက မေမေ့ရဲ့ အထိန်းဖော်ဖြစ်တဲ့ ဒေါ်စိုးကို ဆက်သွယ်ခေါ်ယူကာ။



www.burmeseclassic.com

www.burmeseclassic.com



နဂိုကတည်းက ဒယ်ဒီနဲ့ယူလို့ မေမေ့မိဘများ မေမေ့ကို အဆက်ဖြတ်ထားသည်မို့ မေမေ ဆုံးပါးခြင်းက သူနဲ့ မြန်မာပြည် ပို၍ဝေးကွာလျက်။

ဒယ်ဒီ့ရင်ခွင်တွင်းသာ သူ ကြီးပြင်းခဲ့ရသည်။

မေမေပြောသော ရွှေမင်းသမီးပုံပြင်နှင့် ရွှေမင်းသမီးရုပ်တုလေး တွေသာ သူ့အတွက် အမှတ်တရ ကျန်ရစ်ခဲ့သည်။

ဒယ်ဒီကတော့ သူအရွယ်ရောက်မှ မြန်မာပြည်ခေါ်သွားမည်ဟု ဆိုသည်။

သို့သော်လည်း စီးပွားရေးလုပ်ငန်းတွေ လောဘကြီးသော ဒယ်ဒီက သူ ဘွဲ့ရသည်အထိ မြန်မာပြည်သွားမယ့်လေသံ မဟာနိုင်အောင် လုပ်ငန်းတွေကြား ချာလပတ် လည်နေခဲ့သည်။

သူလည်း သွားမည်ဟု ဇွတ်ပူဆာခြင်းမရှိခဲ့။

ကျောင်းပြီးလို့ မြန်မာပြည်ပြန်သော ဖေကမ္ဘာက တစ်ခေါက် လောက် လာခဲ့ဖို့ အတင်းခေါ်ပါသည်။ ဒယ်ဒီ ခွင့်မပြုပါ။

သူ့ဘဝက ဒယ်ဒီနဲ့သူ နှစ်ယောက်တစ်ကမ္ဘာ။ ဒါ့ကြောင့် ဒယ် ဒီ့စကားဆို မြေဝယ်မကျနားဆင်ခဲ့သည်။

မေမေဆုံးပါးသွားသော်လည်း နောက်အိမ်ထောင်မပြုသော ဒယ်ဒီ့ကို သူ ပို၍လေးစားသည်။ မေမေ့အပေါ် ဒယ်ဒီ ထိုမျှအထိ ချစ် မြတ်နိုးတာကိုလည်း သူ ဂုဏ်ယူနေခဲ့သည်။





မြန်မာပြည်နဲ့ပတ်သက်တာဆိုလို့ သူ့သွေးတစ်ဝက်ရယ်၊ မေမေ ကြောင့် မြန်မာစာဖတ်တတ်ပြီး မြန်မာစကား ကျွမ်းကျင်အောင်ပြော ဆဲတတ်တာရယ်၊ မေမေပြောပြတဲ့ ရွှေမင်းသမီးပုံပြင်နှင့်ရုပ်တုလေးတွေ သာ ပိုင်ဆိုင်တာက လွဲ၍ပေါ့။

မြန်မာပြည်က မေမေ့အမျိုးတွေနဲ့ လုံးဝကင်းကွာနေခဲ့သည်။

သူ ဘွဲ့ရပြီးတော့ ဒယ်ဒီ၏ လေကြောင်းကုမ္ပဏီမှာ အလုပ် ဝင်စေသည်။ သူ အလုပ်ကျွမ်းကျင်လာတော့ အာရှလေကြောင်းလိုင်း ဗျူးဖွင့်ရုံမက အရှေ့တောင်အာရှ ဆယ်နိုင်ငံလုံးမှာ ကုမ္ပဏီရုံးခန်း ဖွင့် နှစ်ဖို့ အစီအစဉ်လုပ်ရုံ ရှိသေးသည်။

နှလုံးရောဂါနှင့် ဒယ်ဒီ ရုတ်တရက် ကွယ်လွန်ပြန်သည်။ ထိုအခါ ချုပ်မှာပဲ သူ တာဝန်တွေ ယူခဲ့ရသည်။

မြန်မာပြည်နှင့် ကြာလေ ဝေးလေဆိုသလိုဖြစ်ကာ။

ဒယ်ဒီနှင့်မေမေ လဲလျောင်းရာ အင်္ဂလန်မြေမှ သူ မခွာဖြစ်။ ဒယ်ဒီ့ကို သတိရတိုင်း ဒယ်ဒီနဲ့မေမေ ယှဉ်တွဲရှိနေသော သင်္ချိုင်းဂူလေး ဆီ သူ သွားပြီး အလွမ်းဖြေသလို မေမေ့ကို သတိရတိုင်း ရွှေမင်းသမီး ရုပ်တုလေးတွေကို ငေးမောကြည့်ရင်း သူ့ဘဝဟာ တစ်ထီးတည်း ဖြစ်နေ သည်။

"သားမောင် သားမေမေရဲ့ဇာတိမြေသွားချင်လည်း တစ်ခေါက် လောက် သွားပေါ့ကွယ်၊ ဟိုမှာ ဆွေမျိုးတွေလည်း ရှိတာပဲ၊ သူတို့ကလည်း



www.burmeseclassic.com

www.burmeseclassic.com



သားမောင်ကို တွေ့ချင် မြင်ချင်မှာပဲ၊ သွားမယ်ဆို ဒေါ်စိုး အဆောက်အအွယ် လုပ်ပေးမယ်၊ သားဒယ်ဒီကလည်း သားကို ခေါ်သွားမယ် ပြောဖူးသားပဲ သားဒယ်ဒီ ရုတ်တရက် ဆုံးပါးသွားလို့သာ''

သူ သက်မရှည်လေးချကာ မမြင်ဖူးသော ဆွေမျိုးတွေကို လွမ်း သလိုလိုဖြစ်လာသည်။

မေမေ သိပ်သွားချင်ရှာသော ဇာတိမြေ၊ မေမေပြန်မရောက်ခဲ့ မေမေ့ဇာတိမြေကို ခေါ်သွားမယ်ဆိုသော ဒယ်ဒီလည်း ကွယ်လွန်၊

နောက်ဆုံး ဒေါ်စိုးစိုး၏အစီအစဉ်ဖြင့် ပထမဦးဆုံးအကြိမ် မေမေ့၏ဇာတိမြေ ရောက်ခဲ့သည်။

မေမေ့မိဘနှစ်ပါး မရှိတော့ပြီ၊ မေမေ့ရဲ့မောင်နဲ့အစ်ကိုမိသား တခြားမေမေ့ရဲ့ဆွေမျိုးတွေနဲ့ ဆုံတွေ့ရကာ သူ့ဘဝ ပျော်ရွှင်သလို ဖြစ်လာသည်။

ဦးကြွယ်က မေမေ့အစ်ကို၏ယောက်ဖတော်စပ်သူ။ ဦးကြွယ် ဆက်စပ်မိလို့ ဒယ်ဒီ ကွယ်လွန်လို့ ရပ်ထားခဲ့သော အရှေ့တောင်အာ လေကြောင်းကုမ္ပဏီကို အကောင်အထည်ဖော်ဖို့ စိတ်အားထက်သန် ကာ။

အချိန်တိုအတွင်း ဖြစ်မြောက်အောင် စီစဉ်နိုင်ခဲ့တာ ဦးကြွယ် အစွမ်းကုန်ကူညီမှုကြောင့်ဆိုလည်း မမှား။

အမျိုးတွေကလည်း မိဘမရှိတော့တဲ့သူ့ကို ကြင်နာကြပါသည်





ဒီလိုနှင့်။

မှတ်မှတ်ရရပြောရလျှင် လေကြောင်းကုမ္ပဏီရုံးခန်းဖွင့်ပြီး တစ် ပတ်တင်းတင်းပြည့်သောနေ့။

အင်္ဂလန်ရုံးချုပ်ကို သူ ပြန်ဖို့ လေဆိပ်ညှိဆောင်တွင်းမှာ သူ ရှိနေချိန်။

ဂျာမနီနိုင်ငံသားခရီးသည်တွေကို စောင့်ကြိုခေါ်ဆောင်သွား သော မို့ကို စတင်တွေ့ရလျှင် သူ့နှလုံးသားမှာ သန္ဓေတည်နေသော မွှေးသမီးလေး အသက်ဝင်လာသလို ခံစားရ၏။

ခရမ်းရောင်အခံမှာ ပန်းရောင်အပွင့်အခက်ကလေးများပါသော ပြည်တွင်းဖြစ်ချည်သားကို ချုပ်ဝတ်ထားသော သူမ။

ခါးတိုလက်ပြတ်အကျီလေးက ရင်ဖုံးယောင်ယောင်ဖြစ်ကာ သေးနိမ့်နိမ့်ဝတ်လျက်။ တစ်ပွင့်တည်းသော ပန်းရင့်ရောင်နှင်းဆီပွင့်ကြီး ပန်ထားသော သူမအား သူ့မျက်ဝန်းကိုသာမက သူ့နှလုံးသားကိုပင် ငြင်လို့ သွား၏။

အလုပ်ကိစ္စတွေ အရေးကြီးနေလို့ သူ အင်္ဂလန်ပြန်ခဲ့ရသည်။ သော် စိတ်အာရုံနှင့်နှလုံးသားက မြန်မာပြည်မှာ။

ဦးကြွယ်ကိုတော့ ဖုန်းဆက်ပြီး စုံစမ်းခိုင်းခဲ့သည်။

သူမပုံစံအပြင်ဆင်ကို ပြောလိုက်သည်နှင့် ဦးကြွယ်က အဖြေနဲ့ ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"မြန်မာဝတ်စုံနဲ့ ပန်းတစ်ပွင့် ပန်တတ်တာဆိုလို့ အန်ကယ်တို့ တိုးကုမ္ပဏီမှာ တစ်ယောက်တည်းရှိတယ်၊ အဲဒါ မို့ တော်ဝင်မို့ပဲ၊ ဘာလို့ မေးတာလဲ၊ ဆောရီး Edger အန်ကယ် သဘောပေါက်ပြီ"

သူ ဘာမှဖွင့်မပြောရသေး။ စုံစမ်းခိုင်းရုံနဲ့တင် ဦးကြွယ် သဘောပေါက်ကာ အားတက်သရော ဆိုလေသည်။

"အန်ကယ် ကူညီမှာပါကွာ၊ အခြေအနေအိုကေရင် Edger ကို အန်ကယ် အကြောင်းကြားပါ့မယ်"

သူလည်း အင်္ဂလန်ရုံးချုပ်မှာ အချိန်ကြာခဲ့သည်။

ထိုအတောအတွင်း ဆွေမျိုးတွေက သူ့ကို ဦးကြွယ်သမီးနှင့် စကားစကြသည်။ ဦးကြွယ်ကို အားနာသော်လည်း သူ ငြင်းဆန်ခဲ့ကာ ဦးကြွယ်ကို တောင်းပန်ခဲ့ရသည်။

ဦးကြွယ်က –

"အန်ကယ်က ဒါတွေကို မမျှော်မှန်းပါဘူး၊ အဓိက မောင့် စိတ်ဆန္ဒအတိုင်း ဖြစ်ရင်ပြီးရော၊ မောင်အလုပ်တွေပါးရင် ပြန်လာခဲ့လေ၊ မို့နဲ့ဆုံအောင် အန်ကယ် ဖန်တီးပေးမယ်"

ဦးကြွယ် ဖုန်းဆက်ပြီး အားတက်သရော ပြော၏။

ထိုအခါ သူ့နှလုံးသား ပို၍ ရင်ခုန်လှုပ်ရှားရကာ ရုံးချုပ်၏ အလုပ်တွေ ဖြေရှင်းပြီး ဒယ်ဒီလက်ထက်ကတည်းက ယုံကြည်ရသော အန်ကယ်ဒေးဗစ်ကို ခေတ္တလွှဲအပ်ပြီး သူ ရန်ကုန်ပြန်ခဲ့သည်။





မင်္ဂလာဒုံလေဆိပ်ကို ခြေချရုံရှိသေးတယ်။

ဂျပန်လေကြောင်းကုမ္ပဏီတစ်ခုမှ ဦးဆောင်ပုဂ္ဂိုလ်တစ်ဦး ရန်ကုန်လာမည်။ လေဆိပ်မှာစောင့်ကြိုနှုတ်ဆက်ပါဟု အန်ကယ်ဒေးဗစ် အကြောင်းကြားသည်နှင့် သူ လေဆိပ်ထဲမှာပင် နားနားနေနေ အချိန်ဖြုန်းကာ။

နောက်နှစ်နာရီကြာရင် ဘန်ကောက်လေကြောင်းလိုင်းနှင့် ပါလာမည့် ဂျပန်ကပုဂ္ဂိုလ်ကို သူ တစ်ပါးတည်း စောင့်နေခဲ့သည်။

သူ စောင့်နေစဉ် –

ဧည့်သည်တွေကို လေယာဉ်ပေါ်ရောက်သည်အထိ လိုက်ပို့သော မို့ကို မထင်မှတ်ဘဲ မြင်ရလျှင် သူ့မျက်ဝန်းသည် ရင်ခုန်မှော်ထဲ ဆိုက်ဆိုက်ရောက်၏။

မို့ဆီမှာ သူအကြည့်တို့ နာရီပိုင်းမက ကြာသွားခဲ့သည်။

သူကြည့်နေတာကို မို့ ခံစားသိနှင့် သိသလား ဘာလားမသိ။ သူ ကြည့်နေမှန်း မို့ သတိထားမိလေပြီ။

သတိထားမိတာတွေရဲ့နောက်မှာ မို့မျက်နှာလေး နေခက်ခက် နဲ့ မနှစ်မြို့သော မှုဟန်ပြောင်းလဲသွားကာ သူ့မြင်ကွင်းထဲက ရှောင်ထွက်သွားလေသည်။

မောင့်မြင်ကွင်းထဲက မို့ ရှောင်ကွင်းသွားလို့ရရင် ရမယ်။ မောင်နှလုံးသားနဲ့ ဖွဲ့တည်းထားသော ဘဝထဲကတော့ မို့ ရှောင်လွှဲသွားနိုင်မှာ မဟုတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ်။

ရှောင်လွှဲခွင့် မပေးနိုင်ဘူး မှီ။

အဲဒါ မောင့်ရင်ထဲက မြွတ်နိုးချစ်။

✿ ✿ ✿



## အခန်း (၂၂)

"ကျွဲ"

ကားရပ်သံကြားလျှင် သောက်လက်စအရက်ခွက်ကို ပြန်ချမိ

ည်အထိ သူ့စိတ်မှာ ကပျာကယာ ဖြစ်လို့သွားသည်။

မှီ ပြန်လာပြီဆိုသောအသိစိတ်ဖြင့် ဗိုန်းခနဲ့ထလျှင် သူ့ကိုယ်

ခ်ယိုင်ယိုင်ဖြစ်၏။

အရက်ရှိန်ကြောင့် မူးနေတာမို့ ခြေလှမ်းတွေ မမှန်။

သောက်ခန်းထဲမှ ညေ့ခန်းဆီ ဝရန်းသုန်းကား ထွက်ခဲ့သည်။

ခါမှ နွမ်းလျစွာဆင်း၍ ညေ့ခန်းဆီ လှမ်းဝင်လာသော မှီ့ကိုမြင်

သူ ဣန္ဒြေမဆည်နိုင်ဖြစ်လေပြီ။



www.burmeseclassic.com

www.burmeseclassic.com



မှီကိုမြင်ရလျှင် သူ့ရင်မှာ လပြည့်ဝန်းကြီး မြင်ရသလို ခံစား[...] သည်မို့ မှီဟု တောင်းတမက်မောဖွယ် ခေါ်ဆိုလိုက်သည်။

ထိုအခါ –

"ဘာလဲ ရှင်က"

မှီပြန်မေးသံက စိတ်ပျက်ငြီးငွေ့ဖွယ်။ မာဆတ်ဆတ် အမေး[...] သော မှီရှေ့မှာ မှုးယိုင်နေသော သူ့ကိုယ်ကြီး တောင့်မတ်မတ်ဖြစ်[...]

မှီကို မယုံနိုင်စွာ ငေးကြည့်ဖြစ်သည်။ အံ့ဩစိတ်ဖြင့်လည်း –

"မှီ၊ မှီ မောင့်ကို ဘယ်လိုပြောလိုက်တာလဲ၊ မှီ ဘယ်သွား[...] တယ်၊ ဘယ်လာတယ် သတင်းမရလို့ မောင် ဘယ်လောက်စိတ်ပူနေတာ[...] ထင်လဲ"

"အပိုတွေ လာမပြောနဲ့ ဦးအဂ္ဂါမောင်"

ဘုရားရေလို့ သူ့ရင်ထဲမှ တလိုက်မိသည်။ တစ်ဆက်တည်[...] လည်း သူ့ရှေ့မှ ရှောင်ကွင်းကာ၊ အပေါ်ထပ် တက်သွားလေသည်။

"မှီ"

ကြေကွဲသွားသော သူ့ရင်ထဲမှာ ခေါ်သံ ဟုန်းခနဲ ခုန်ထွ[...] သွားသည်။ မှီ လှည့်မကြည့်သလို ထူးလည်း မထူး။

သူ့ရင်မှာ ပေါက်ကွဲရမှာလား။

ခံပြင်းရမှာလား။ သူ့ကို အလေးအနက်မထားသော မယား[...] ကို ဒေါသဖြစ်ရမှာလား။





ဝေခွဲရခက်သော်လည်း သူ့ခြေလှမ်းတွေ မှီနောက်လိုက်သွားဖို့ [...]ြင်လျှင် –

"သားမောင်ရေ"

အခြေအနေကို စောင့်ကြည့်နေသော ဒေါ်စိုး နှုတ်ဆိတ်မနေ [...]သာ။ သူ့အပါးလာပြီး သူ့လက်မောင်းကို စာနာစွာ လှမ်းဆွဲ၍ –

"သားရယ်၊ သား စိတ်လျှော့လိုက်ပါ၊ မှီ ပြန်လာပြီပဲ၊ သား [...]ပြောလို့ ပြဿနာဖြစ်ရင် သား ဒီထက်ပိုစိတ်ညစ်ရမယ် ကလေးရယ်၊ [...]ါ်စိုးပြောတာ နားထောင်ပါ သားရယ်၊ နော်၊ မှီလည်း ပြန်ရောက်ပြီပဲ [...]စာအတူတူစားပေါ့၊ ဒေါ်စိုး ပြင်ဆင်လိုက်မယ် ဟုတ်ပြီလား"

ဒေါ်စိုးပြောလျှင် မှုးရီနေသော သူ့ခြေလှမ်းတွေ တွေဝေကာ [...]တန့်သွားသည်။ ဒေါ်စိုး စိတ်ချလက်ချနှင့် ထမင်းစားခန်းဆီ သွား၏။

ထိုအခါ သူ့ခြေလှမ်းလေးလေးဖြင့် အပေါ်ထပ်ဆီ ရွေ့လှမ်း [...]။ သူ့ကို မကြည့်လင်သော မှီ ဘယ်လိုတုံ့ပြန်ဦးမှာလဲ။

သိချင်စိတ်ဖြင့် အိပ်ခန်းတံခါးဟဖွင့်ပြီး အခန်းထဲ ချောင်း [...]ြည့်၏။

ရေချိုးရန် အင်္ကျီချွတ်နေသောမှီ။

ခါးပြည့်ဇာဘော်လီကိုချွတ်ကာ ထဘီရင်ရှားဝတ်၏။ ဖွံ့ထွား [...]သော ရင်အုံသည် ထဘီအောက်မှာ ရုန်းကြွနေလျှင် သူ့မျက်ဝန်း မှေး[...] [...]ဆင်းသွားသည့်အထိ မှီ့အပေါ် သူ့စိတ်တွေ ညွတ်ယိုင်သွားသည်ဟု



www.burmeseclassic.com

www.burmeseclassic.com



ထင်သည်။

"မှီ"

သူ့စိတ်ကို တားလို့ဆီးလို့မရပါ။ ထို့အတူ မှီနဲ့လည်း ကတောက်ကဆ မဖြစ်လိုပါ။

မှီ့ရဲ့ကြည်သာမှုကိုသာ သူ လိုချင်ပါသည်။

ထို့ကြောင့် အသံဖျော့ဖျော့လေးဖြင့် သူခေါ်၍ ရှေ့တိုးလျှင် မှီ့အကြည့်က ပို၍စိမ်းလဲ့သွား၏။

မလုံသောစိတ်ဖြင့်လည်း တဘက်တစ်ထည် ဆွဲယူပြီး ရင်မှာလွှမ်းလျက်။

"ဒီမှာ ရှင့်ကို မှီ ရှင်းရှင်းပဲပြောမယ်၊ မှီ့ကို မချုပ်ချယ်ပါနဲ့ မှီ့အလုပ် မှီလုပ်ပါရစေ၊ ရှင့်ဘက်က ပါဝါရှိတယ်ဆိုပြီး မှီ့အလုပ်ကို မနှောင့်ယှက်နဲ့၊ ရှင်သိထားဖို့က တိုးကုမ္ပဏီက ဦးကြွယ်ကုမ္ပဏီတစ်ခုတည်း ရှိတာမဟုတ်ဘူး။ တခြားကုမ္ပဏီတွေ အများကြီး၊ မှီ့အတွက် အလုပ်မရှားဘူး"

"မှီ၊ မောင် ပြောမယ်"

"မပြောနဲ့၊ ရှင် ဘာမှထပ်မပြောနဲ့၊ ရှင့်မှာ ကိုယ်ချင်းစာစိတ် မရှိဘူး၊ အတ္တနဲ့ရမ္မက်စိတ်ပဲရှိတာ"

"အတ္တနဲ့ ရမ္မက်စိတ်"

တဲ့။ ထိုစကားလုံးက သူ့နှလုံးသားတည့်တည့် ထုတ်ချင်းပေါ





သွားစေသည်။ ထို့ကြောင့် သူ့ကိုယ်ကြီး ယိုင်လုမတတ်ရယ်။

"မှီရယ်"

"လာမညှနဲ့၊ ရှင့်ကို မှီ နည်းနည်းလေးမှ ခံစားလို့မရဘူး၊ ကြောင့် မှီ့ကိုယ်ပိုင်ခံစားခွင့်တွေ ဆုံးရှုံးရတယ်၊ မှီ့ဆန္ဒမပါဘဲ ရှင်နဲ့ င်းနေရတယ်၊ ရှင်က ရှင့်အတ္တနဲ့ရှင် ယူလို့ရတယ်၊ ရှင့်ဆန္ဒနဲ့ရှင် င်းလို့ရတယ်ဆိုပြီး မှီ့အလုပ်အကိုင်ကိုပါ ပိတ်ပင်လာတာ မှီ သည်း င်ဆုံးပဲ။ နောက်ဆုံး ပြောလိုက်မယ်၊ မှီ အလေလိုက်နေတာ မဟုတ် မှီ့အလုပ် မှီလုပ်တာ၊ ရှင့်ကို မချစ်မနှစ်သက်ဘဲ ပေါင်းနေရတဲ့ တစ်ယောက်ရဲ့ရင်ထဲက စက်ဆုပ်ခါးသီးမှုကို ရှင် လျစ်လျူရှုချင် က်ပါ၊ မှီ့ရဲ့စိတ်ထွက်ပေါက်ဖြစ်တဲ့ မှီ့အလုပ်ကိုတော့ မပိတ်ပင်နဲ့"

စကားလုံးတွေက မြားသွားလေလား၊ ဓားသွားလေလား ခွဲခြား ပေမယ့် သူ့နှလုံးသားကိုတော့ ထက်ခြိမ်းခွဲခံရသော ဒဏ်ရာတို့ ည်ကုန်သည်။

အစိမ်းပြတ်ပြောပြီး ရေချိုးခန်းထဲ တန်းဝင်သွားသော မှီ့နောက် သူ မကြည့်ဖြစ်အောင် သူ့နှလုံးသား ဘုန်းဘုန်းလဲ၏။

ဘာတဲ့။

"ရှင့်ကို မှီ နည်းနည်းလေးမှ ခံစားလို့မရဘူး"

ဟုတဲ့။

"ရှင့်ကို မချစ်မနှစ်သက်ဘဲ ပေါင်းနေရတဲ့ မိန်းမတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ ရင်ထဲက စက်ဆုပ်ခါးသီးမှုကို''

တဲ့။ သူ ခေါင်းတွင်တွင် ယမ်းပစ်လိုက်သည်။

ဟင့်အင်း။

ဒီစကားလုံးတွေ မှီပြောတာ မဟုတ်ပါဘူး။ မှီ မပြောခဲ့ပါဘူး။

ခေါင်းခါနှင်ထုတ်သော်လည်း မရ။

နားထဲသာမက နှလုံးသားထဲ စွဲစွဲငြိကာ။

ခါးသီးမှုတဲ့။

သူ့ခြေလှမ်းတွေ နောက်ကြောင်းပြန်လည်သွားလေပြီ။

သူ့အချစ်၊ သူ့ခံစားမှု၊ သူ့နှလုံးသားမှ မြတ်နိုးတွယ်တာ

တွေက စက်ဆုပ်ခါးသီးဖွယ် ဖြစ်နေရော့သလား။

ဟုတ်လား မှီ။

စက်ဆုပ်ခါးသီးဖွယ်တွေလား။

✿ ✿ ✿



## အခန်း (၂၃)

"မှီ လာ၊ ဒီမှာ ဒေါ်စိုး အဆင်သင့်ပြင်ထားပြီးပြီကွယ်"

မှီ ရေမိုးချိုးပြီး အောက်ထပ်ဆင်းလာသည်။ ဗိုက်က ဆာနေ

တာမို့ ထမင်းစားခန်းဆီ တန်းဝင်သည်။

ဝင်လျှင်ဝင်ချင်း ဒေါ်စိုး လှိုက်လှိုက်လှဲလှဲ ခေါ်လျက်။

"မှီလည်း ဆာနေတာနဲ့ အဲတော်ပဲ"

မှီ ထမင်းဝိုင်းမှာ ဝင်ထိုင်ပြီး ဟင်းပွဲတွေကို ကြည့်သည်က

နှံ့အကြိုက် ပဲကြီးနှပ်နှင့် ကြက်သားချိုချဉ်ပေါင်းပန်းကန်မြင်တော့ မှီ

လျှာရည်လေးများ လည်ကာ။

ပဲကြီးနှပ်ကို ဒေါ်စိုး အသင့်ခူးထားပေးသော ထမင်းပန်းကန်



www.burmeseclassic.com

www.burmeseclassic.com



ထဲ အရင်ခပ်ထည့်၏။

ထိုအခါ ဒေါ်စိုးလည်း ပူနွေးသော ကြာဆံဟင်းရည်ပန်းကန်လုံးကို မှိုပန်းကန်နား ရွှေ့ပေးပြီး –

"မောင်လည်း ဆာနေရောပေါ့ မှိုရယ်"

ဟု စကားလမ်းကြောင်းစ၏။

စားဖွန်းကိုင်ထားသော မှိုလက်လေး တန့်ကာ။

"သူ ဗိုက်ဆာတာ သူ့ဘာသူ စားပေါ့၊ ဘယ်သူမှ ခွံ့ကျွေးဖို့ ဝါသနာမပါဘူး"

ဟု ရင်ထဲမှာ ဘုပြောကာ မှိုဘာသာမှို စား၏။

"ဟိုလေ မှိုရဲ့၊ မှို မနက်အစောကြီး ထွက်သွားကတည်းက သားမောင်က ဘာမှမစားတာလေ၊ နေ့လယ်စာလည်း မစား၊ မနက်စာလည်း မစား၊ ညစာ စားပါဆိုတာလည်း ဒေါ်စိုး ကျွေးလို့မရဘူး။ သောက်ချည်းနေတာလေ"

"သူ့စိတ်နဲ့သူ သောက်နေတာ သောက်ပစေပေါ့ ဒေါ်စိုးရဲ့"

မှို ခပ်စိမ်းစိမ်း ပြောလိုက်တော့ ဒေါ်စိုး မနှစ်မြို့သလို ကြည့်ပြီး –

"သမီးရယ် လင်ရယ်မယားရယ်ဖြစ်ကြပြီးပဲ တိုင်တိုင်ပင်ပင် ညီညီညွတ်ညွတ်ရှိတော့ ကောင်းတာပေါ့ကွယ်"

"မှိုက ဘာလုပ်လို့ ဘာတိုင်ပင်ရမှာလဲ ဒေါ်စိုး"





"ဘယ်သွားတယ် ဘယ်လာတယ်ဆိုတာလောက်လေးတော့ လင်ယောက်ျားကို ပြောသွားသင့်တယ်လို့ ဒေါ်စိုး ထင်လို့ပါ"

ဟင်းချိုကို ဇွန်းဖြင့် ခပ်သောက်မလို့ ပြင်ပြီးမှ ဖျတ်ခနဲ မှို သွတ်ချလိုက်သည်။

ဖျောင်းဖျသလိုလိုနှင့် သူ့လေသံအတိုင်း လိုက်ပြောနေသော ဒေါ်စိုးကို မော့ကြည့်၍ –

"မှိုအလုပ်က ဒီလိုပဲလေ၊ တစ်နေ့လုံး အပြင်မှာ၊ ညသည်တွေ စိတ်အနှောင့်အယှက်ဖြစ်မှာမို့ မှိုဖုန်း ပိတ်ထားတာ၊ အချိန်တန်ချင်း အိမ်ပြန်လာတာပဲ၊ အဲဒါကို မှိုက ဘာတွေတင်ပြဆွေးနွေးနေရမှာလဲ အဲဒီကိစ္စ သူ့ကို စောစောကပဲ ပြောပြီးသား"

"ကဲပါ၊ ပြောပြီးပြီဆိုလည်း ဒေါ်စိုး မပြောတော့ပါဘူး။ လာသာဆယ် ညစာ အတူတူစားစေချင်တာ၊ သူက မှိုခေါ်တာကို စောင့်နေတဲ့သဘောပါ၊ ထမင်းစားဖို့ တစ်ခွန်းလောက် ခေါ်လိုက်ပါလား၊ မှိုရယ် နော် သမီး"

ဒေါ်စိုးအသံက ချော့မော့စေခိုင်းတဲ့ဘက် ဦးတည်နေသည်။ အလျှော့မပေးချင်ပါ။

"မခေါ်ဘူး"

မှို တုံးတိပြောချကာ ထမင်းစားလက်စကို ရပ်ပစ်လိုက်သည်။

"အိုး မှို၊ စားဦးလေ၊ ဘယ့်နှယ် တစ်လုတ်နှစ်လုတ် စားရုံ



www.burmeseclassic.com

www.burmeseclassic.com



လေးနဲ့ ပြီးလိုက်ရတာလဲ''

''မို မစားချင်တော့လို့''

ဒါပဲပြောပြီး ဖွန်းကိုင်လက်ကို ဆေးကြောသုတ်သင်ပြီး အပေါ်ထပ် ပြန်တက်ခဲ့သည်။

ညည်သည်တွေနဲ့ တစ်နေ့လုံး လှည့်ပတ်နေလို့ ပင်ပန်းတာတစ်မျိုး၊ အချိန်တန်လို့ အိမ်ပြန်ရောက်တော့ သူက တစ်စခန်းထချင်တာ ဘယ်ရမလဲ။

တော်ဝင်မိုက ဘယ်သူ့ထိန်းချုပ်မှုအောက်မှာမှ ခိုလှုံနေမယ့် မိန်းမမဟုတ်ဘူး။

အခြေအနေအရ ပေါင်းနေရတာ စိတ်ကပါလို့မဟုတ်ဘူး။

တစ်နေ့လုံး ဖတ်ဖတ်မောအောင် သွားလာလို့ ပင်ပန်းရတာတွေကို အပျိုစင်လေးလို တစ်ကိုယ်တည်း မိုးလင်းပေါက်အောင် နှစ်နှစ်ခြိုက်ခြိုက် အိပ်စက်ချင်စိတ်ပဲ ရှိတယ်။

တကယ်။

သူနဲ့အတူ အိပ်ရရင် မို အိပ်ရေးပျက်ရဦးမယ်။

ဒေါ်စိုးပြောစကားအရ သူ တစ်နေ့လုံး သောက်ထားသတဲ့ အဲဒီအရက်နံ့ကြောင့် မို တစ်ညလုံး အိပ်လို့ပျော်မှာ မဟုတ်ဘူး။

မို သိတယ်။

သူတို့ယောကျ်ားတွေက မူးနေရင် ဆန္ဒတွေပြင်းပြနေတတ်





သည်လေ။

နောက်ပြီး မိုကိုယ်တိုင်လည်း ပင်ပန်းနေသည်။ စိတ်လွတ်ကိုယ်လွတ်ပဲ အနားယူလိုသည်။ ဒါ့ပြင် မယားတစ်ယောက်၏တာဝန်ဝတ္တရားနဲ့ ဘာညာသာသကာတွေကို နားလည်မှုရှိရှိ တုံ့ပြန်လိုသော စိတ်ဆန္ဒက မိုမှာ ခြောက်ခမ်းနေသည်။

ဒါ့ကြောင့် အိပ်ခန်းကျယ်နှင့်ဘေးချင်းကပ် သီးသန့်ရှိသော တစ်ယောက်အိပ်အခန်းလေးထဲ ဝင်ကာ။

မို၏အပျိုစင်အိပ်ခန်းလေး၌ အိပ်စက်ရသလို မို့ခန္ဓာကိုယ်လေး လုံခြုံသလို ခံစားရပေပြီ။

သို့ကြောင့်မို့ထင်သည်။ ညလေပြည်ကို သန့်စင်စွာ ရှူရှိုက်လျက် မို အိပ်ပျော်ခြင်းသို ရောက်၏။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

"မင်း ကလေးဆန်နေသလားပဲ"

သူ့နှလုံးသားထဲမှာ ပြင်းရှသောအရှိန်က ခုချိန်ထိ အားကောင်းနေဆဲ။ သူ ခေါင်းတစ်ချက် ယမ်း၍ –

"ကိုယ် ကလေးဆန်နေတာ မဟုတ်ဘူး၊ တွေးမိတာ"

"တွေးမိတာ၊ မောင် တွေးမိတာက ဘာလဲ"

ဇေကမ္ဘာမေးတာကို သူချက်ချင်းမဖြေ။ ညရှုံးရီကို အမြင်တစ်ဆုံး ငေးကြည့်နေလိုက်သည်။

ရောင်စုံမီးတို့ အလှဆင်ထားသော အလင်းရောင်က ညအမှောင်မှာ ရတနာစုံ ကြဲချထားသလို လက်လက်တောက်လင်းပလျက်။





ဟို့ဝေးဝေးဆီမှ ပျပျမြင်ရသော ရွှေရောင်စေတီ၊ ညဉ့်မှာ ပုံသန်းသွားနေသော ငှက်ရိုင်းမည်းမည်းလေးကအစ မြင်လွှာမခတ်စတမ်း သူ လှမ်းကြည့်နေမိသည်။

ဒီလိုကြည့်မိတော့လည်း ရင်ထဲမှာ ပို၍ဟာသလို၊ ပို၍ထိရှသလို ခံစားရ၏။

ထို့ပြင် အားကိုးရာမဲ့ဖြစ်နေသော သူ့ဘဝဟာ ပို၍ ခြောက်သွေ့နွယ်၊ အထီးကျန်ဆန်ဖွယ်တို့နှင့် ပြည့်နှက်နေမှန်း သိသာချေသည်။

ပြီးတော့ မှိုရဲ့စကားလုံးတွေ။

ဟင့်အင်း။

သူ ခေါင်းယမ်းကာ လေသာဆောင်ခန်းမှာ ဦးတည်ရာမဲ့သလို လျှောက်လှမ်းနေမိသည်။

ဇေကမ္ဘာက စိတ်ရှည်လက်ရှည် ထိုင်ကြည့်နေရာမှ ထပ်မေးသည်။

"ပြောလေ မောင်၊ မောင့်အတွေးက ဘာလဲ"

"မှို ကိုယ့်အပေါ် အဲလောက်ခါးသီးနေတာ ဘာကြောင့်လဲ"

ထိုမေးခွန်းနောက်မှာ ဇေကမ္ဘာမျက်ဝန်းထဲ ရုပ်ပါမားကက်မှာနဲ့ တွဲလျက်မြင်ရသော ဖြစ်စဉ်၏နောက်ဆက်တွဲဟု ခံစားမိသည်။

"မောင်က ဟိုတစ်ယောက်နဲ့ သံသယဖြစ်နေတာလား"

"နိုး နိုး၊ အဲဒီကိစ္စ အဲဒီနေ့ကတည်းက မင်းပြောလို့ ပျောက်



www.burmeseclassic.com

www.burmeseclassic.com



ဖျက်ပြီးသား၊ အဲဒီကိစ္စ ထုတ်မေး ထုတ်ပြောကြနဲ့ဆို မင်းနဲ့မှီ ပြဿနာ တက်ရုံကလွဲပြီး ဘာမှအကြောင်းထူးမှာလဲလို့ မင်းပြောတဲ့အတိုင်း ကိုယ် လက်ခံခဲ့တယ်၊ ဒါကြောင့် ဖွင့်မမေးဘူး၊ အစလည်း မဖော်ဘူး"

"ဒါဆို မင်းတွေးမိတာက"

"ဒီလိုကွ၊ ဒီနေ့ တစ်နေ့လုံး မှီ မပြောမဆိုဘဲ ထွက်သွားတဲ့ အတွက် ကိုယ် တင်းတယ်၊ စိတ်လည်း ဆိုးတယ်"

"ဒါနဲ့ပဲ မှီပြန်လာတာနဲ့ မင်း ချဲတော့တယ်၊ အဲလိုလား"

သူ မျက်ရှုစွာ အံကြိတ်လိုက်သည်။ သက်မရှည်ကြီးလည်း ချပြီး လေပူချည်း မှုတ်ထုတ်၏။

"မှီလို့ ကိုယ် ခေါ်ရုံပဲ ရှိသေးတယ်၊ စိတ်ပူတဲ့အကြောင်း ပြောလို့မဆုံးသေးဘူး၊ မှီ ပြောချလိုက်တဲ့စကားလုံးတွေက စိမ်းစိမ်းချည်း စိမ်းရုံတင်မကဘူး၊ တမာလို ခါးခါးသီးသီး၊ အဆိုးဆုံးက ကိုယ်နဲ့ပေါင်း နေတာ မှီက စက်ဆုပ်သတဲ့ကွ"

ဖေကမ္ဘာ ဘာပြန်ပြောရကောင်းမှန်းမသိအောင် မွန်းကျပ်လို့ သွားသည်။

မောင်က ပြောနေတဲ့ စကားလုံးတွေနောက်မှာ အမူအရာတွေ ကအစ တင်းမာခက်ထန်နေသည်။

သေချာတာက သူ့ဇနီး သူ့ကို ဒီလိုထုတ်ပြောလိုက်တဲ့အပေါ် ရှက်တာတွေလည်း ပါနေကာ။





"မောင်ရာ မှီ အပြင်ကပြန်လာချိန်မှာ ပင်ပန်းနေတယ်၊ ဒါနဲ့ ပြောမိပြောရာ ပြောလိုက်တာမျိုး ထင်ပါတယ်ကွာ"

"မဟုတ်ဘူးကွ၊ မှီရင်ထဲမှာ အဲဒီခံစားချက်က အဆိုင်အခဲကြီး တစ်ခုလို ထုနဲ့ထည်နဲ့ ရှိနေတာမျိုးကွ၊ ကိုယ် သိတယ်၊ အဲဒီထက် ပိုသိတာက"

သူ စကားကို ဖြတ်တောက်ထားလိုက်သည်။ ဖေကမ္ဘာက ဘာလဲဟု မေးသော်လည်း မဖြေ။

ဒီကိစ္စထုတ်ပြောရမှာ ယောကျ်ားတစ်ယောက်အနေနဲ့ ရှက်ဖို့ သည်း ကောင်းသည်။

သူ စိတ်ထိခိုက်ပြီး အောက်ထပ်ဆင်းနေခဲ့သည်။

မှီ ထမင်းစားခန်းဝင်သွားတာ သိသည်။ ခေါ်စိုး ပြောနေတာ သံတွေလည်း သူကြားနေသည်။

ပြောတာ ပြောပြီးလို့ သဘောထားကာ စိတ်ထိခိုက်နေသည့် သူ့ကို ထမင်းလာစားလှည့်ဟု တစ်ခွန်းလောက် မှီ ခေါ်ဆိုတယ်ဆိုရင် သူ စိတ်ပြေနိုင်ဖွယ်ရှိသည်။

အခြေအနေက သူထင်သလိုမဟုတ်။

လင်ယောကျ်ားအနေနဲ့ မဆက်ဆံရင်တောင် တစ်နေ့လုံး ဘာမှ စားမသောက်ဘဲနေခဲ့သည့် သူ့ကို ထမင်းစားလှည့်ဟု ဇနီးမယားသစ် သောက်နေနဲ့ တာဝန်ကျေတော့ ခေါ်သင့်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူ့ကိုခေါ်ဖို့နေနေသာသာ ခေါ်စိုးကို မချေမငံပြော ပြီး ညစာပင် ပြီးအောင်မစား အပေါ်ထပ်ပြန်တက်သွားသည်။

သူ့စိတ်ထင် စိတ်ဆိုးဆိုးနှင့် အိပ်ရာဝင်တယ်ပေါ့။ သူပဲ စိတ်လျှော့ပြီး ညအိပ်ဖို့ အိပ်ခန်းထဲဝင်သည်။ သူ့အိပ်ရာပေါ်မှာ မိုမရှိ။

လိုက်ရှာတော့မှ ဘေးခန်းက တစ်ယောက်အိပ်ခုတင်မှာ လွတ်လပ်သောအပျိုလေးနှယ် အိပ်မောကျလျက်။

"ကဲပါကွာ၊ ဟိုဟိုဒီဒီတွေးပြီး စိတ်ထဲ တစ်မျိုးဖြစ်မနေနဲ့၊ အချိန်တန်ရင် မီးငြိမ်းသွားမှာပါကွာ"

ဖေကမ္ဘာ ဖြေဖြေလျှော့လျှော့ဆိုရှာသည်၊ သူ့ရင်မှာ ဖြေလျှော့နိုင်စွမ်းမရှိပါ။ ခေါင်းယမ်းလျက် –

"ဒီမီးက ငြိမ်းမယ့်မီးမဟုတ်၊ ဘဝရယ်, နှလုံးသားရယ်, ပြီးတော့ ချစ်သောခံစားချက်များရယ်၊ အားလုံးပေါင်းခြင်း လားရာမတူတဲ့အတွက် လောင်ကျွမ်းနေမယ့်မီးကွ"

သူ အံကြိတ်ပြောလျှင် –

"မင်း အဲလောက်ထိ မယူဆနဲ့ကွာ"

"ယူဆတာ မဟုတ်ဘူး ဖေ၊ အခြေအနေက အဲလိုဖြစ်နေတာကွ"

"ကဲ လာ၊ ကိုယ်တို့ ညစာစားရအောင်"

သူ ခေါင်းခါပစ်လိုက်သည်။





ဆာလောင်မွတ်သိပ်နေပေမယ့် သူ့ရင်ထဲမှာ စားချင်စိတ် မရှိပါဘူး။

ဝေဒနာတွေသာ ပြည့်ကျပ်စွာ အုံဖွဲ့လျက်။

ညမှာ ထွန်းညှိထားသော ရောင်စုံမီးရောင်ဟာ သူ့နှလုံးသားအရောင်အသွေးစုံသောဝေဒနာတွေကို ကိုယ်စားပြုသည့်နှယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

မနက်ခင်းက သစ်လွင်စွာ။

ထိုမနက်ခင်းက မို့စိတ်နှလုံးကို ကြည်သာစေသည်ဟု ယူ
မိပါသည်။ သို့သော် ထိုအယူအဆက သိပ်တာရှည်မခံပါ။

မို့ ရွှင်ရွှင်လန်းလန်းဖြင့် အပြင်ထွက်ရန် အပေါ်ထပ်မှ ဆင်
လာခဲ့သည်။

အောက်ထပ်ညှော်ခန်းကို ခြေလှမ်းချရုံရှိသေး။

"ဘယ်လို မို့က၊ ဟုတ်လား ဒေါ်စိုး"

မမစံမေးသံ။

ရုတ်တရက် ကြားရသော မမစံအသံကြောင့် မို့ခြေလှမ်းတေ





ာန့်ကာ။ နံရံမှာ မို့ကိုယ်လေး ကပ်၏။

မမစံမေးခွန်းကို ဒေါ်စိုး ဘယ်လိုဖြေမလဲ။ မို့သိချင်နေသည်။
ါကြောင့် နားစွင့်လျှင် –

"ဟုတ်တယ် စံရယ်၊ မို့က ဘာကိုမကြည်လို့ မကြည်မှန်း
သိဘူး၊ ဘာပြောပြော အပြောမခံဘူး၊ ထင်သလို နေထိုင်ပြောဆိုနေ
ာတွေကို ဒေါ်စိုးလည်း မကြိုက်ပါဘူး၊ ဒေါ်စိုးတောင် မကြိုက်ရင်
ာင်ကရော ကြိုက်မတဲ့လား၊ မို့က အဲဒါတွေ ဘာတွေ မစဉ်းစားဘူး၊
ာင့်ကို မခေါ်မပြောတော့ သားမောင်လည်း ခံစားရမှာပေါ့၊ အဲဒါကြောင့်
ာင်တယ်၊ ညဦးနက်ကတည်းက ထွက်သွားတာ၊ ခုချိန်ထိ ပြန်မလာသေး
ူး၊ ဦးသက်ကိုတော့ လွှတ်ပြီး မောင့်ကို အရှာခိုင်းထားတယ်"

"အခု မို့ကော"

"အပေါ်မှာ"

"နေဦး စံသွားတွေ့မယ်"

စံ ပြောရင်း ထိုင်ရာမှ ထ၏။ ထိုအခါ မို့ ဘာလုပ်လို့ လုပ်ရ
မှန်းမသိတော့ပါ။ အပေါ်ထပ် ပြေးတက်ပြီး ပုန်းနေရကောင်းနိုးနိုး။

အခန်းတစ်ခန်းထဲဝင်ပြီး ရှောင်နေရကောင်းနိုးနိုးဖြင့် ဗျာများ
နေလျှင် အပေါ်ထပ်ဘက် ဦးလှည့်လာသည့် မမစံ၊ မို့ကို တွေ့သွားလေ
သည်။

"မို့"



www.burmeseclassic.com

www.burmeseclassic.com



မမစံ မျက်မှောင်ကြီး ကြုတ်ကာ မို့ကို ရန်တွေ့တော့မယ့်

ဖြင့် လက်တစ်ဖက် ခါးထောက်မတတ်ပြု၏။

"ဘာကြည့်နေတာလဲ မို့၊ ညည်း ငါ့ရှေ့လာပါဦး၊ လာ လ

ပေကပ်ကပ် ရှောင်ကွယ်ကွယ် လုပ်မနေနဲ့၊ လာ ဒီကို"

မမစံ ပြောလည်း ပြောရင်း မို့လက်တစ်ဖက်ကို ဆွဲ၏

ရုန်းရအခက်ဖြစ်ကာ။

မျက်နှာလေး ပွဆူထား၏။ ဒေါ်စိုးကိုလည်း အလိုမကျ

ကြည့်သလို မမစံကိုလည်း မကြည့်မသာကြည့်ပြီး –

"မမစံကလည်း မို့ ဘာလုပ်လို့လဲ"

"ဘာလုပ်လို့လဲ၊ ညည်းကပဲ ပြန်မေးနေသေးတယ်၊ နေ

ပါဦး ညည်းက ဘာကိုမကျေမနပ်လို့ မောင့်ကို စိတ်အနှောင့်အယှ

ပေးနေရတာလဲ၊ ပြောစမ်း"

"အို၊ မို့က ဘာကို စိတ်အနှောင့်အယှက်ပေးရမှာလဲ၊ မို့

မို့ အေးအေးဆေးဆေးနေတဲ့ဟာကို"

"အောင်မာ ကြည့်စမ်း ပြန်ပြောနေပုံက အသည်းယားတ

တကာတဲ ငါ မပြောလိုက်ချင်ဘူး"

မို့ ခြေထောက်လေး ဆောင့်ပြီး မမစံရှေ့က ရှောင်ထွက်

ဖို့ ပြင်သည်။

"ဟဲ့ ဒါက ဘယ်လဲ"





"နားပူတယ်၊ နားပူတာ မို့ မခံချင်ဘူး"

"အလိုလေ ညည်းကို ငါ ဘာမှတောင် မပြောရသေးဘူး၊

ညည်းက နားပူတယ် ဟုတ်လား"

မို့ မျက်နှာလေး လွှဲခါလိုက်သည်။ ဒီအမူအရာကို တော်ဝင်စံ

မြှ်ခံပြင်းသွားသည်။

ညီမလက်မောင်းကို ဆွဲယူ၍ –

"မို့ ညည်း စိတ်မှန်သေးရဲ့လားဟင်၊ လင်ယောကျ်ားအပေါ်

ဘယ်လိုသဘောထားပြီး ဘယ်လိုဆက်ဆံတယ်ဆိုတာ ညည်း မသိတာ

ား၊ မသိချင်ဟန်ဆောင်နေတာလား"

"မမစံကလည်း မို့က မို့အလုပ် မို့လုပ်တယ်၊ အချိန်တန်

ိမ်ပြန်လာတယ်၊ မို့ ဘာပျက်ကွက်လို့လဲ၊ အဲဒါကိုပဲ ရေးကြီးခွင်ကျယ်

ုပ်နေကြတာ မို့ အံ့ဩတယ်၊ မမစံလည်း ဘာထူးလဲ၊ မို့ကို အပြစ်မြင်

တယ်"

"ဟဲ့ အပြစ်မြင်တာ မဟုတ်ဘူး၊ ညည်းကို အပြစ်တင်နေတာ၊

ညည်းကြောင့် မေမေ စိတ်ဆိုးနေတယ်၊ ဘယ့်နှယ် မပြောမဆိုနဲ့ ကိုးချင်း

ိုးချင်း လျှောက်သွားနေတာ၊ ညည်းကိုယ်ညည်း အပျိုလေးလို့ မထင်

 ညည်းက အရင်လို အပျိုစင်မဟုတ်ဘူး၊ လင်နဲ့သိရဲ့လား၊ လင်ရှိတဲ့

န်းမက ကိုယ့်အလုပ်ကိုယ်လုပ်တယ်ဆိုပေမယ့် ဘာလုပ်တယ်၊ ဘယ်

ွားတယ်ဆိုတာ လင်ယောကျ်ားကို ပြောသွားသင့်တယ်၊ ပြောရမယ့်



www.burmeseclassic.com

www.burmeseclassic.com



*တာဝန်လည်း ရှိတယ်၊ ညည်းက မပြောမဆို သွားလာနေတဲ့အပြင်* ပြန်လာတော့လည်း လင်ယောကျ်ားနဲ့ အဆင်ပြေအောင် ပြောမယ်ဆို တာ မဟုတ်ဘူး၊ ပြောချင်သလို ပြောတယ်၊ ညည်းပြောမှတော့ ဟိုက စိတ်ထိခိုက်မှာပေါ့၊ စိတ်ထိခိုက်ပြီး ညကတည်းက ထွက်သွားတာ ခုချိန် ထိ ပြန်ရောက်မလာသေးဘူး၊ လင်ယောကျ်ား ပြန်မရောက်လာတော့ လည်း ညည်းမှာ အပူအပင်မရှိပြန်ဘူး''

''ဘာပူစရာလိုလဲ''

''ညည်းနော် ပြောလေ ကဲလေ လုပ်မနေနဲ့၊ ငါရိုက်လိုက်ရ''

တော်ဝင်စံ ပြောရင်းဆိုရင်း ဒေါသဖြစ်ကာ ရိုက်တော့မလို လက်ရွယ်လေသည်။

ထိုအခါ မှီရင်ထဲ ဝမ်းနည်းထိရှကာ မျက်ရည်တို့ အိခနဲ ပြို ကျလေ၏။ တစ်သက်နဲ့တစ်ကိုယ် လက်မရွယ်ဖူးတဲ့ အစ်မဖြစ်သူ။ ခုလို ရိုက်ပုတ်ဖို့ လက်ရွယ်တဲ့အထိဖြစ်လာတော့ မထိရှဘဲ မနေနိုင်ဖြစ်ကာ။

''စံရယ် စံစံလည်း စိတ်လျှော့ပါ၊ ဒေါ်စိုးပြောပြတာက ပြဿနာ ပြေလည်ရအောင်ပါကွယ်''

ဒေါ်စိုးက ပြောဆိုရင် တော်ဝင်စံကို ဆွဲတားလေသည်။

''ဟင့်''

မှီက မျက်ရည်ကျရုံမက ဟင့်ခနဲ ရှိုက်ငိုနေလေသည်။ တော်ဝင်စံက ညီမဖြစ်သူကို မကျေမနပ်မျက်စောင်းထိုးလျက် –





''ညည်း ငိုမနေနဲ့၊ ငိုနေလို့ ပြီးတဲ့ကိစ္စ မဟုတ်ဘူး၊ မမစံ ပြောနေတာက ညည်းလေး ဆင်ခြင်တတ်ဖို့ လိုက်လျောညီထွေဆက်ဆံ တတ်ဖို့၊ နားလည်ရဲ့လား၊ အခုချိန်ထိ ဟိုက ပြန်မလာဘူး၊ ညည်းက အေးရာအေးကြောင်း နေနေတာ ဘယ်လိုမှ သဘာဝမကျဘူး၊ တကယ် ဆို ညည်း မောင့်ကို ငဲ့ညှာသင့်တယ်၊ ညည်းမျက်နှာတစ်ခုတည်းကြောင့် မောင် ဒီမှာ အခြေကျနေထိုင်ဖို့ ဖြစ်လာတာ၊ ဒါကို နားမလည်ဘဲ ဆင်ရာစိုင်းနေတာ လွန်လွန်းတယ်၊ ဒီနေ့ကစပြီး ညည်း ဘယ်ကုမ္ပဏီက ညှိသည်နဲ့မှ သွားစရာမလိုဘူး၊ ပေး ညည်းဖုန်း''

မှီ့လက်ထဲက လက်ကိုင်ဖုန်းပါ မမစံ ဆွဲယူလိုက်သည်။ ဒီဖုန်း က ဧည့်သည်တွေအတွက် သီးသန့်သုံးတဲ့ ဖုန်းမဟုတ်လား။

မမစံ ဒါကို သိနေလို့ ဆွဲယူလိုက်ခြင်းဖြစ်သည်။ မှီ ပြန်လုဆွဲ ယူခွင့် အခြေအနေမသာ။ ငိုပဲ ငိုရတော့သည်။

''တခြားတိုးကုမ္ပဏီတွေလည်း ငါ အကြောင်းကြားလိုက်မယ်၊ လာလောဆယ် ညည်းကို မခေါ်ကြဖို့ အေး ညည်းအလုပ် ညည်းဆက် လုပ်ချင်ရင် မောင်နဲ့ ပြေပြေလည်လည် ဆက်ဆံ၊ မဟုတ်လို့ကတော့ မမစံ အဆိုးမဆိုနဲ့၊ မေမေပါလာရင် ညည်း ခုလောက်ဆို ဗိုက်ကြောပြတ် နေလောက်ပြီ၊ အေး နောက်ဆုံးပြောမယ်၊ မောင် ပြန်လာရင် ညည်း ကြည်ကြည်သာသာ စကားပြောဖို့မမေ့နဲ့''

''ဟွန်း''



www.burmeseclassic.com

www.burmeseclassic.com



မို ငိုနေရင်း မျက်နှာလှလှတွန့်ရှုံ့မဲ့ကာ ခြေကလေးပင် ဆောင့်၍ အပေါ်ထပ်သို့ ပြန်တက်ခဲ့ရသည်။ မို့နောက်ကျောကိုကြည့်ရင်း တော်ဝင်စံ သက်မချ၏။

"ဒေါ်စိုးရေ စံ ပြန်ဦးမယ်၊ မောင့်ကိုလည်း စံလိုက်ရှာဦးမယ် အကြောင်းထူးရင် ဒေါ်စိုး 'စံ့'ဆီ ဖုန်းဆက်"

မမစံ မှာသွားလေသည်။ ဒေါ်စိုးက အေးပါကွယ်တဲ့။

တောက်။

အားလုံးကို မို တင်း၏။ တကယ်။

✿ ✿ ✿



## အခန်း (၂၆)

"မို့ရယ် ဒီလောက်လည်း ဝမ်းနည်းမနေပါနဲ့"

ယုယက ချော့ချော့မော့မော့လေး ဖျောင်းဖျလာသည်။ မျက်ရည်စတွေကို မို တို့သုတ်ရင်း –

"ဝမ်းနည်းတာပေါ့ဟ၊ မမစံက မို့ကို"

မို ပြောခွင့်မသာတော့ပါ။ ယုယက မို့နှုတ်ခမ်းနှစ်လွှာကို လက်ညှိုးလေးဖြင့် တော့ပိတ်၍ –

"မမစံက စေတနာနဲ့ပါ"

"ဘာစေတနာလဲ"

"ဟြော် သူညီမလေးကို ယောကျ်ားပစ်ပြေးသွားမှာ စိုးရိမ်



www.burmeseclassic.com

www.burmeseclassic.com



လို့ပါဟာ''

''အောင်မာ''

မို ရန်တွေ့ချင်သလို လက်တစ်ဖက် ခါးထောက်လိုက်သည်။ အိမ့်ယုယက ရယ်မောရင်း မို့လက်မောင်းကိုဆွဲယူကာ ခုတင်ပေါ် ထိုင်…စေပြီး –

''မိုကလည်း ရန်လိုဖို့ချည်းပဲ''

''ရန်လိုအောင် လုပ်တာကိုး''

''ကဲပါ၊ မို့ကို ဘယ်သူမှ ရန်လိုအောင် လုပ်နေတာ မဟုတ်ပါဘူး၊ မမစံက မိုနဲ့မောင့်ကို သင့်မြတ်စေချင်လို့ ဆုံးမတာပါ၊ မို တင်း…လွန်းလို့ မောင် စိတ်ပျက်ပြီး အင်္ဂလန်ပြန်သွားမှာ စိုးတယ်လေ''

''စိတ်ပျက်ပြီး ပြန်သွားရင် ပိုကောင်းသေးတယ်''

''အဲဒီတော့ မို့ကို လင်ပစ်မ,လို့ ပတ်ဝန်းကျင်က မေးငေါ့မှာပေါ့''

''လင်ပစ်မ''

''ဟုတ်တယ်''

''ဟွန်း၊ ပြော ပြော၊ သောက်ဂရုမစိုက်ဘူး၊ မို့ဘာသာမို စိတ်…လွတ်ကိုယ်လွတ် နေခွင့်ရမယ်ဆိုရင် လင်ပစ်မ,ဖြစ်ရုံမက မုဆိုးမ ဖြစ်…ဖြစ်''

''ဟဲ့ အိုး နိမိတ်မရှိတာတွေ''





မို လွှတ်ခနဲပြောလိုက်တာကို အိမ့်ယုယက အထိတ်တလန့်ဖြစ်လေသည်။

''ဘာဆိုင်လဲ''

''အိုး ဆိုင်ဆိုင်မဆိုင်ဆိုင်၊ မပြောကောင်း မဆိုကောင်းတာ…တွေ မပြောစမ်းပါနဲ့၊ လင်မယားဖြစ်ပြီးရင် တစ်သက်လုံးအတွက် ပေါင်း…ရသင်းရမှာပဲ မိုရယ်၊ ကွဲနေလို့လည်း မကောင်းဘူး၊ ခွဲနေလို့လည်း…မကောင်းဘူး၊ အတူတူရှိနေဖို့က အရေးအကြီးဆုံးပဲ၊ ဒါကြောင့် မမစံ…ဆုံးမတာ၊ မမစံဆုံးမတာ မကြည်ရင်တောင် နားလည်ပြီး လက်ခံရမယ်…လေ၊ ဒါကြောင့် မို တင်းမထားပါနဲ့ တစ်ရစ်လောက် လျှော့လိုက်စမ်းပါ''

''မလျှော့နိုင်ဘူး''

မို ခေါင်းယမ်းလိုက်သည်။ အိမ့်ယုယက စိတ်ရှည်လက်ရှည်…ရင် ရယ်ပြီး ပြောသည်။

''မိုရေ ခေါင်းခါမနေနဲ့၊ ဟောဒီလို ခေါင်းလေးညိတ်''

''ဟွန်း၊ ယုယနော်''

ယုယက မို့ခေါင်းလေးကို ဆွဲယူပြီး ညိတ်စေတာမို့ မို ရှောင်…ယ်လိုက်သည်။ ယုယက အလျှော့မပေး။

''မိုရယ် ခေါင်းလေး ညိတ်ရုံနဲ့ ပြီးတဲ့ဟာကို''

''ညိတ်ဘူး''

''မညိတ်ရင်လည်း ဖုန်းဆက်''



www.burmeseclassic.com

www.burmeseclassic.com



"မို့ဖုန်းမှ မရှိတာ၊ မမစံပေါ့ မို့ဖုန်းကို ယူသွားတယ်"

"ဒါများ"

အိမ့်ယုယက စားပွဲပေါ်ရှိ သူမလက်ဆွဲအိတ်က လက်ကိုင်ဖုန်းကို နှိုက်ထုတ်ပြီးပေးသည်။

"ရော့"

"ဟင့်အင်း မို မဆက်ချင်ဘူး"

"ဆက်လိုက်ပါ၊ အဓိက မောင်၊ ဒီတိုက်ပေါ် ပြန်ရောက်လာရင် မို့တာဝန်ကျေပြီ၊ မမစံလည်း မို့ကို ဆူတော့မှာမဟုတ်ဘူး၊ အဓိက မောင် ပြန်လာဖို့ မောင်လာဖို့က မို ခေါ်ရုံလေးပဲ၊ ကဲ ရော့၊ အဲ နေဦး။ မောင့်ဖုန်းကို ယုယ ခေါ်ပေးမယ်"

ယုယက သူ့ဖုန်းနံပါတ် နှိပ်၍ ခေါ်ဆိုလေသည်။ မို မခေါ်ချင် မပြောချင်ပါ။ ယုယ ဖွတ်လုပ်တာနဲ့ ပြီးပြီးရောဆိုပြီး စိတ်လျှော့မလို့ ပြင်ဆင်ရသည်။

"ကဲရော၊ ဖုန်းဝင်ပြီး"

မို့လက်ထဲ ယုယ အတင်းထိုးထည့်၏။ မို မကိုင်ကိုင်ချင်နှင့် ကိုင်လိုက်ရသည်။

"ပြောလေ"

ယုယက လောဆော်နေပြန်သည်၊ မို့မျက်နှာလေး ထားမတတ်အောင် ရှုပ်ထွေးသွားလေပြီ။ ဖုန်းထူးသည့် သူ့အသံ ကြားရလျှင်-





"ရှင် ရှင်"

"ဟဲ့။ မောင်လေ။ ဘယ့်နှယ် ရှင်လဲ"

အရေးထဲ ယုယုက 'ရှင်'ဆိုတဲ့ နာမ်စားသုံးသည့် မို့နှုတ်ခမ်းကို လက်ဖဝါးနဲ့ ဖိပိတ်ရင်း 'မောင်' ဟု သင်ကြားနေသည်။

"မောင် ဘာမောင်လဲ၊ မို မခေါ်ချင်ဘူး"

"ဟဲ့၊ သူ့နာမည်က မောင်လေ။ သူ့မေမေ မြတ်မြတ်နိုးနိုးလေးပေးထားတဲ့ သူ့မြန်မာနာမည်လေ၊ မောင်မို့ မောင်ခေါ်လို့ ဘာဖြစ်မှာလဲ၊ ယတို့လည်း ခေါ်တာပဲ မောင်၊ ကဲခေါ်၊ မောင်လို့ခေါ်လိုက်"

ဟွန့်။

မို ခေါင်းရှုပ်ရပြန်သည်။ မောင်တဲ့။ သူ့နာမည် ဘယ်သူယ်ခေါ်ခေါ်။ မို မခေါ်ချင်။

သူ့ကို မောင်လို့ခေါ်လိုက်ရင် သူက တစ်မျိုးခံစားနေဦးမယ်။ ခေါ်မချင်း ယုယက တမော့င့်။ တွတ်ထိုးနေသည်။

"ခေါ်လေ၊ ခေါ်၊ မောင်လို့ခေါ်"

ဒါနဲ့ပဲ။ မို မလုံမလဲ။ ခေါ်ဆိုလိုက်သည်။

"မောင်"

မို့ခေါ်လိုက်တော့ ယုယ မျက်နှာလေးဝင်းသွား၏။ သူက ဘယ်မည်မသိ။ နှာခေါင်းသံနှင့် 'အင်း' ဟု ထူးသည်။

ထူးသံကိုက မို မနှစ်မြို့ချင်။ လုံးထွေးထွေးနဲ့ ဘာမှန်းမသိ။



www.burmeseclassic.com

www.burmeseclassic.com



ကြားရတာ ဖိလင်မရှိသလို ခံစားရ၏။

"မောင် အခုဘယ်မှာလဲ"

မို လွှတ်ခနဲမေးလိုက်သည်။ မောင်ခေါ်လိုက်ပေမယ့် မေးသံက မာပြတ်နေမှန်း မို့အသံ မိုသိသည်။

မို့မေးသံဆုံးသည်နှင့် သူ ပြောသည်။

"မသိဘူး" တဲ့။

"ဘာ"

မို အသံကုန်အော်ဟစ်လိုက်သည်။ မသိဘူးဆိုတာ မို့ကို အရွဲ့တိုက်နေတာ မဟုတ်လား။

"ရှင်ရောက်တဲ့နေရာ ရှင်မသိဘူး ဟုတ်လား သေနာရဲ့"

"သိ သိတယ်၊ အရက်ဆိုင်ရောက်နေမှန်းတော့ သိတယ်"

"တောက် ရှင်၊ တော်ပြီ ရှင့်ဘာရှင် အရက်ဆိုင်ရောက်ရောက် မာဆတ်ရောက်ရောက်၊ ရောက်ချင်တဲ့ဆီရောက်။ ဒါပဲ"

မိုစိတ်အချဉ်ပေါက်စွာ ပြောဆိုပြီး ဖုန်းချပစ်လိုက်သည်။

"ဘာတဲ့လဲ မို"

"အရက်ဆိုင် ရောက်နေသတဲ့၊ တော်ပြီ နောက်ဘယ်တော့မှ မခေါ်တော့ဘူး"

"မိုကလည်း ဒီအချိန် မောင် အရက်မသောက်တတ်ပါဘူး"

"အောင်မာ ရှင်က သူ့ဘက်က ဖာထေးနေပြန်ပြီ၊ သူ့ပါးစ





က သူပြောတာ အရက်ဆိုင်တဲ့"

"မို့ကို စချင်နောက်ချင်လို့ ဖြစ်ပါလိမ့်မယ်"

"အောင်မာ မို့ကိုများ နောက်ချင်စရာ အောက်မေ့နေတယ်"

"ဩော် သူ့မိန်းမ သူချစ်လို့ နောက်တာပေါ့"

မို့ပါးပြင်လေးကို ဖျစ်ညှစ်၍ အိမ့်ယုယက တိုးတိုးသာသာ ဆို၏။

"တော်ပါ၊ မစနဲ့ မနောက်နဲ့၊ မို မကြိုက်ဘူး။ ယုယ ခေါ်ဆိုလို့သာ မို ခေါ်ရတာ၊ သူ့ဘာသူ လာလာ,မလာလာ"

"လာမှာပါ၊ မို့အသံ ကြားပြီဆိုတော့ မောင်လာမှာပါ၊ စိတ်ချ"

ယုယက အပိုင်တွက်ထားသောလေသံဖြင့် ပြောသည်။

မိုကတော့ မာနနုနုလေးဖြင့် မျက်နှာလေး တွန့်ထားလေသည်။ စိတ်ထဲမှာလဲ –

"မလာလေ ကောင်းလေ"

ဟု ရွတ်ဆိုမိသလားပဲ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

"တီ တီ တီ"

အောက်ထပ်ဧည့်ခန်းရှိ ကြိုးဖုန်းက အဆက်မပြတ် မြည်နေ
သည်။ မို မကြားချင်ဟန်ဆောင်ကာ နားနေခန်းထဲ ဝင်နေလိုက်သ
သူပဲ ဖြစ်မှာပေါ့။

ဒါကြောင့် မို မကိုင်။ ဒေါ်စိုးလာကိုင်ပစေဟု မို စိတ်ထဲ
ပြောရင်း ငုတ်တုတ်ထိုင်နေလိုက်သည်။

ဖုန်းက မြည်နေဆဲ။

ကျွတ်။

ဒေါ်စိုးကလည်း ဒီလောက်ထိ ဖုန်းမြည်နေတာ မကြားရကော





သာဟု မို ပွစိပွစ်နေမိသည်။

ဖုန်းကလည်း မြည်ပဲ မြည်နိုင်လွန်းသည်။ ဒေါ်စိုးက မီးဖိုခန်း
ထဲက ထွက်မလာ။ ဖုန်းမြည်သံက နားဆူနေတာမို့ နောက်ဆုံး မိုပဲ
ကိုင်ရပြီ။

"ဟဲလို"

မို စိတ်မပါစွာ ထူးလျှင် –

"သမီးလား၊ အန်ကယ်ဒေးဗစ်ပါ"

အင်္ဂလိပ်လို ပြောလာသော မစ္စတာဒေးဗစ်အသံ။ မစ္စတာဒေး
ဗစ်ဆိုတာ သူ့အန်ကယ်လေ။

သူ့အန်ကယ်မို့ မို မငြိုငြင်ဘဲ –

"ဟုတ်ကဲ့ အန်ကယ်၊ ပြောပါ၊ မို နားထောင်နေပါတယ်"

မိုလည်း အင်္ဂလိပ်လို ပြန်ပြောလိုက်သည်။

"သမီးတို့ အင်္ဂလန်လာကြဖို့ အစီအစဉ်မလုပ်သေးဘူးလား"

"အဲ"

မို ဘာပြောရကောင်းမှန်း မသိတော့ပါ။ မင်္ဂလာပွဲပြီးလို့
အန်ကယ်ပြန်ခါနီးမှာ ပြောတယ်လေ။

အင်္ဂလန်သွားကြဖို့။

မိုက အင်းမလုပ် အဲမလုပ်မို့။

"လောလောဆယ် မစီစဉ်ရသေးဘူး အန်ကယ် အစီအစဉ်



www.burmeseclassic.com

www.burmeseclassic.com



လုပ်ပြီးရင် ကျွန်တော် အကြောင်းကြားမယ်''

ဟု အန်ကယ်ဒေးဗစ်ကို သူ အလေးအနက်ပြောခဲ့သည် မဟုတ်
လား။ အခု အန်ကယ်က မေးနေပြီ။

''အစီအစဉ် မြန်မြန်လုပ်ကြလေ သမီး၊ Edger ကိုလည်း
ပြောဦး၊ အန်ကယ်လည်း ဖုန်းကိုခေါ်နေတာ ခေါ်လို့ကို မရဘူး၊ ဒီက
အလုပ်ကိစ္စတွေ Edger နဲ့အန်ကယ် တိုင်ပင်စရာတွေ ရှိနေသေးတယ်''

''ဟုတ်ကဲ့ အန်ကယ်၊ မို ပြောလိုက်မယ်''

''ကောင်းပြီ သမီးရယ်၊ စီစဉ်ပြီးရင် အန်ကယ့်ကို သတင်းပေး
ဦး''

''ဟုတ်ကဲ့''

မို ပြေပြေလည်လည် ပြောလိုက်မှ အန်ကယ်ဒေးဗစ် ဖုန်းချ
သွားလေသည်။ မို သက်မရှည်ကြီးချရင်း သူ့ကို ပွစိရွတ်၏။

ပြန်လာတန်ကောင်းလျက်နဲ့ ပြန်မလာတာ ဘယ်နှစ်ရက်ရှိ
ပြီးလဲ။ မို ဖုန်းဆက်တာ ခုဆို သုံးရက်တောင် ရှိပြီ။

ပြန်မလာတာ ဘာသဘောလဲ။

သူမလာတာ အရေးမကြီးပေမယ့် ဒေါ်စိုးကအစ မို့ကို အ
လို လှိုက်လှိုက်လှဲလှဲ မရှိတော့ပါ။ ဝတ်ကျေတမ်းကျေ ဆက်ဆံ

ထိုအခါ မို နေရခက်ခက်ဖြစ်တာပေါ့။

ကျွတ်။





သူ့သတင်း ဘာရလဲ မမစံနဲ့ တွေ့ဖို့ သွားဖြစ်သေးတယ်။
မစံနှင့်မတွေ့ဘဲ မေမေနဲ့ ရင်ဆိုင်ရသည်။

''မိမို ညည်းလေး အင်မတန် လှုပါးဝတယ်၊ မေမေတို့က ငါ့
သမီးလေး ကောင်းစားပါစေဆိုတဲ့ စေတနာနဲ့ မင်္ဂလာဆောင်ပေးလိုက်
တာ၊ ဟိုက သည်းသည်းလှုပ်ဖြစ်နေတာတောင် ညည်းက မထုံတတ်
သေးနဲ့၊ ညည်းကို မေမေ အားမရဘူး။ သွား ညည်းတစ်ယောက်တည်း
မေမေ့ဆီ ဘယ်တော့မှ မလာနဲ့၊ ညည်းလင်ပါမှ ညည်းလာ၊ အေး
ဟုတ်လို့ကတော့''

မေမေပြောရင်းဆိုရင်း မို့ပေါင်တွင်းကြောကို ဆွဲလိမ်လေသည်။

''အား''

မို မျက်ရည်စို့မတတ် နာမျက်ကာ မေမေ့လက်ကို အတင်းဖယ်
ပြီး နောက်ကြောင်းပြန်လှည့်ခဲ့ရသည်။

အခန်းထဲ ပြန်ရောက်မှ ထဘီစလေး လှန်ကာ မို ပြန်ကြည့်၏။
သွေးကြောစိမ်းလေးများ ယှက်ဖြာနေသောပေါင်တံဖွေးဖွေးမှာ မေမေ့လက်
ရာ အညိုအမည်းဆွဲလျက်။

မေမေ့လက်က အဲလိုပဲ။ အလိုမကျရင် ပေါင်တွင်းကြောဆွဲလိမ်
တာ။ မိုကာ ဘာထူးလဲ။ မို အလိုမကျတိုင်း သူငယ်ချင်းတွေကို ဆွဲ
လိမ်တတ်တာ မေမေနဲ့ အကျင့်တူနေပါသည်။

သူငယ်ချင်းဖြစ်ဖြစ် ဘယ်သူဖြစ်ဖြစ် အလိုမကျတိုင်း မို ဆွဲ



www.burmeseclassic.com

www.burmeseclassic.com



လိမ်နေကြ။

အခု မို အလိမ်ခံရတော့ ဆတ်ဆတ်ထိမခံနာကာ။ အညို့

အမည်းဆွဲနေသော ပေါင်တံလေးကို ကြည့်ရင်လည်း မျက်ရည်ဝဲ၏။

အဲဒါ သူ့ကြောင့်။

သူပြန်လာရင် ရတဲ့ဥစ္စာ။ သူ မလာလို့ မို ခုလိုခံရတာ

လာပစေ။ မိုခံရသလို သူလည်း ခံရစေမယ်။

မို့ကို မမစံနဲ့မေမေ ပြုသလို ရှင့်ကိုလည်း လုပ်ရမယ်။ ရှင့်

ပေါင်တွင်းကြောပြတ်အောင် ဆွဲလိမ်မယ်။

မို့စိတ်ထဲ တေးမှတ်လိုက်လျှင် မို့မျက်ဝန်းမှာ မြင်ယောင်လာ

သည်။

သူ့ပေါင်တွင်းကြောကို မို ဆွဲလိမ်ဖူးတယ်လေ။

သူ့ပေါင်တွင်းကြောကို မမိဘဲ သူ့ရဲ့ –

"အဲ"

မို့တစ်ကိုယ်လုံး နွေးခနဲဖြစ်ကာ ကြက်သီးဖြန်းခနဲထ၏။ နာ

ကျင်သောကြောင့် တွန့်လိမ်မတတ်ဖြစ်ကာ လက်ကလေးနဲ့ ဖိအုပ်ပြီး

အော်ဟစ်လိုက်တဲ့ သူ့အသံကို ပြန်ကြားယောင်လျှင် မို့ရင်မှာ ခုမှ

သနားသလိုလို ဖြစ်၏။

ဟုတ်တယ်လေ။

မေမေ ဆွဲလိမ်တာ ဘယ်လောက်နာသလဲ။ မို လက်တွေ့





ခံစားရပြီမဟုတ်လား။

သူဆို မို့ထက် ပိုနာဦးမှာ။

မို့ပေါင်တံမှာ အညိုအမည်းဆွဲနေသလို သူ့မှာလည်း ထိုသို့

ဖြစ်နေမယ်ထင်ရဲ့။

သူသာ အနားမှာရှိရင် ပြစမ်းပါဦးဟု လှန်လှောကြည့်မိမှာမလွဲ။

အဲ။

သူက ပြရဲမတဲ့လား။ သူ ပြရဲတယ်ဆိုရင်တောင် မို မကြည့်ချင်

ပေါင်။

သူနဲ့မို လင်မယားဖြစ်နေပေမယ့် မို ရှက်နေသေးတယ် မဟုတ်

လား။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

"ဟဲ့ ဟိုမှာကြည့်စမ်းပါဦး"

"ဘာလဲ သီတာ"

"ဘာရမလဲ မာရယ်၊ မီလေ မီ"

သီတာသိမ့်ပြောခါမှ ဇင်မာသည် စိတ်ဝင်တစားကြည့်ပြ

သည်က နဂိုအတိုင်း အလှသွေးကြွယ်နေသော မီ။

သူမ၏မှုပိုင်ဖက်ရှင်နှင့်။ သူမ၏အလှတရားက အပျိုစင်တော

အတိုင်း ဖူးဖူးကြွရွလို့။

"ဟုတ်ပ။ မောင်နဲ့ရပြီးမှ ပိုလှနေသလိုပဲ"

"အေးနော်၊ သူများတွေ ယောကျ်ားရစမှာ ပိန်ကပ်ပြီး အသော





အရေ ခြောက်သွေ့သယောင်ဖြစ်သွားတတ်တာ၊ ဒင်းလေးက နဂိုရည်

နဂိုသွေးနဲ့ ဖူးကြွနေလိုက်တာ၊ ဒါကြောင့် မီ့နားက မောင်မခွာနိုင်ဖြစ်ပြီး

နှစ်ယောက်သား တွင်းအောင်းသလို နေနေကြတာ၊ ခုမှ ဘာစိတ်ကူး

ပေါက်ပြီး ကုမ္ပဏီဘက် ခြေဦးလှည့်လာလဲ မသိဘူး"

"ဟုတ်ပ။ စပ်စုရသေးတာပေါ့"

သီသီကျော် ညှော်သည့်စာရင်း ခွဲတမ်းချနေတုန်း စောင့်ဆိုင်း

နေရသော သီတာသိမ့်နှင့်ဇင်မာသည် တွတ်ထိုးပြောနေကြသည်။

ကုမ္ပဏီထဲ ဝင်လာနေသော မီ့ကိုလည်း ကြည့်ရင်းပေါ့။

"ဟော့ မီ လာလာ"

ကြည့်နေရုံနှင့်အားမရ၊ ဇင်မာသျှင်က ဆီးကြိုခေါ်လေသည်။

သူငယ်ချင်းတွေကိုတွေ့တော့ မီလည်း အားရဝမ်းသာဖြစ်ကာ။

"ဟယ် ရှင်တို့လည်း ဒီရောက်နေတယ်၊ ညှော်သည် မရဘူး

သား"

"ရပ့ါတော့"

"ကောင်းပေါ့၊ ညှော်မပြတ်တော့ ထောတာပေါ့"

"မီလောက်တော့ ဘယ်ထောမလဲ၊ မီက အခန်းအောင်းနေ

သည်း ပိုက်ဆံဝင်နေတာလေ"

"အောင်မာ ရှင်နော်၊ ဘာစကားပြောတာလဲ"

"ရှက်မနေပါနဲ့၊ ဘော့စ်ကို ရထားတဲ့ မိန်းမက အပြင်ပန်းခံ



www.burmeseclassic.com

www.burmeseclassic.com



စရာ မလိုဘူး၊ မွေ့ရာပေါ် အိပ်နေလည်း ပိုက်ဆံရနေတာပဲ"

"ဘာပိုက်ဆံရတာလဲ"

မီ ရှက်ရှက်နဲ့ ဟန့်တားလိုက်သည်။ သီတာသိမ့်နှင့် ဖင်မာသျှင်က တဟားဟား ရယ်မောလေသည်။

အားလုံးက အိမ်ထောင်သည်တွေချည်းမို့ ဘယ်စကား ဘယ်ရောက်မှန်း သိနေတာမို့ ရှုံးဝန်ထမ်းတွေပါ ရောရယ်ကြသည်။

"မဟုတ်ဘူးလား မီရယ်"

"ဟွန်း မာနော်"

ဖင်မာသျှင်က တိုးတိုးထိထိ စပြန်သည်။ မီလည်း အစမခံချင်။

"ဘာ မာနော်လဲ၊ ဟန်းနီးမွန်းတောင် မထွက်နိုင်ဘဲ ကြိတ်နေကြတယ် မဟုတ်လား"

"ဟယ်၊ ရှင်နော် ပြောလေ ကဲလေနဲ့"

"နောက် မဟုတ်လို့လား"

"ဟုတ်စရာလား၊ ရှင်တို့လို မထင်နဲ့"

"သိဘူးလေ"

"မသိရင်လည်း ပြီးရော"

"ဒါကြောင့် မီက နဂိုသွေးနဲ့ စိုပြည်နေတာဖြစ်မယ်"

သီတာသိမ့်က မီ့ရင်အုံလေးကို အသည်းယားစဖွယ် တို့ထိရင်း





စလေသည်။ မီ့မှာ အစအနောက်ခံရလို့ ချွေးပါပြန်ချင်လာသည်။

လုပ်ဖော်ကိုင်ဖက်အချင်းချင်းမို့ စိတ်ဆိုးရအခက်။

"ကဲ မယ်မင်းကြီးမတွေ ထင်ချင်သလို ထင်ကြပေါ့၊ မသီသီရေ အန်ကယ်ကြွယ်ရော"

မီ့စကားစဖြတ်ကာ သီသီကျော်ကို လှမ်းမေးလေသည်။

"မရှိဘူး မီ"

"ဘယ်သွားလဲမသိဘူး၊ မီ ဖုန်းခေါ်ကြည့်တာလည်း မရဘူးဖြစ်နေလို့"

"ဟုတ်တယ် မီရဲ့၊ ရုံးခန်းနဲ့လည်း အဆက်ပြတ်နေတယ်၊ ဦးကြွယ် ဆက်သွယ်လာတာနဲ့ မသီ အကြောင်းကြားပေးမယ်"

"ကျေးဇူးပဲ မသီ"

"ရပါတယ်ဟာ"

"ဒါနဲ့ ဘာကိစ္စနဲ့ ဦးကြွယ်နဲ့ တွေ့ချင်တာလဲ"

သီတာသိမ့်က စပ်စပ်စုစု ဝင်မေး၏။ သီတာသိမ့်မေးလာတော့ မီ ပြန်ပြောဖို့ ခက်နေသည်။

ထိုအခါ ဖင်မာသျှင်ကလည်း –

"မီ့မောင်တော်ရော"

ဟု မေးသည်။

ထိုမေးခွန်းက မီ့ကို ပို၍အဖြေရခက်စေသည်။ အဲဒါပဲ



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားရနေတဲ့ ဒုက္ခ။

သူများမေးလို့ မဖြေနိုင်လေ ခက်ရလေ။

မဖြေနိုင်တော့လည်း တစ်မျိုးတစ်မည် တွေးကြပြန်သည်။

"မောင်နဲ့စကားများလို့လား"

တဲ့။

"အိုး များပါဘူး"

ဒါပဲပြောပြီး မို လှည့်ထွက်ခဲ့၏။

"ဟဲ့ မို နေဦးလေ၊ မေးတာမဖြေဘဲနဲ့ ထွက်သွားရတယ်လို့"

သူငယ်ချင်းတွေ အားမလိုအားမရဖြစ်ကြလျက်။ မိုမှာ မလုံမလဲဖြင့် နောက်ကြောင်းပြန်လှည့်ခဲ့ရသည်။

ဟုတ်တယ်လေ။

မောင်သာ အနားမှာရှိနေရင်၊ ရှိနေစဉ်တုန်းက မို့စိတ်က မကြည်မသာ ဖြစ်နေခဲ့သည်။

တို့တို့ထိထိ လုပ်လာရင် ငြူစူတတ်၏။

မို့ကိုယ်လုံးလေးကို သိမ်းကြုံးပွေ့ဖက်ပြီး ကြင်ကြင်နာနာ ပြုမူတိုင်း မို အားမနာတမ်း ကုတ်ဖဲ့ကာ။

သူ့ကျောပြင်တစ်ပြင်လုံး မို့လက်သည်းရာတွေချည်း မြင်မကောင်းအောင် ဖြစ်နေတတ်သည်။

ဒါတောင် သူ စိတ်မဆိုးတတ်။





မောင်၊ မောင်၊ မောင်နှင့် မောင်ချင်းထပ်အောင် နာမ်စားသုံးရင်း မို နားငြီးအောင် စကားတွတ်ထိုးနေတတ်သည်။

မို့ကို လက်ဆောင်ပေးတဲ့ သရဖူပုံစိန်ရင်ထိုးလေးအကြောင်းလည်း ပါသည်။

"ဒယ်ဒီက မေမေ့ကို သိပ်ချစ်တာ၊ မေမေက ဒယ်ဒီ့ဘဝအတွက် ရှုမောဖွယ်ကောင်းတဲ့ နှလုံးသားအမြုတေ ဒေါင်းမလေးတဲ့၊ အဲဒါကြောင့် ဒယ်ဒီက မေမေ့ကို ဒီရင်ထိုးလေးကို မင်္ဂလာဦးလက်ဆောင် အဖြစ်ပေခဲ့တာ၊ ဒက်ဒီအတွက် မေမေ မရှိတော့ကတည်းက ဒယ်ဒီက မောင့်လက်ထဲ ထည့်ပေးခဲ့တယ်၊ မိုကလည်း မောင့်ရင်ထဲက ဒေါင်းမလေး မဟုတ်လား၊ အဲဒါကြောင့် မောင် မြတ်မြတ်နိုးနိုးပေးခဲ့တာ၊ မောင့်ချစ်ခြင်းရဲ့သစ္စာတိုင် အထိမ်းအမှတ်လေ"

ထိုစဉ်က မို နားပိတ်ထားပေမယ့် ခု ကြားနေပြန်သည်။

ဒီလိုကြားနေရတော့လည်း မို့ရင်မှာ လှုပ်လှုပ်ရှားရှားဖြစ်ကာ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

"ခက်တယ် ဦးသက်ရယ်၊ ဒီကလေးနဲ့ သိပ်ခက်တယ်၊ မိန်းမ မကြည်လို့ အဆက်သွယ်ဖြတ်ပြီးနေတာ ပိုခက်တယ်၊ လူကြီးတွေ စိတ်ပူနေရတယ်ဆိုတာ နည်းနည်းမှ ထည့်မတွက်ဘူး"

"ကိုသက်လည်း အဲဒါကြောင့် စိတ်ညစ်နေတာ၊ မစ္စတာဒေးဗစ် ဖုန်းတဂျီဂျီဆက်တိုင်း လှည့်ပတ်ပြောနေရတာ၊ ကြာလေ မလုံလေဘဲ သူ့တူတော်အတွက် စိုးရိမ်မှာပဲ၊ ဒါတောင် အကြောင်းစုံမသိလို့"

ဦးသက်နဲ့ဒေါ်စိုးစိုး ပြောနေတာတွေ ကြားရပြန်တော့ မှီစိတ်ထဲ မှာ မလုံခြုံတော့ပါ။

ဒါကြောင့် ထိုစကားသံတွေနဲ့ဝေးရာ ရှောင်နေခဲ့တာ။ ဘာမှ





မကြားရင်ပြီးရော အိပ်ပျော်အောင် အိပ်လိုက်တာက အကောင်းဆုံးဟု ယူဆသည်။

ဒါကြောင့် မွေ့ရာပေါ် လှဲချ၏။

ထိုအခါ သူ့ကိုယ်သင်းရနံ့က အိပ်ရာထဲမှ ရနေပြန်သည်။

ဒီအခန်းထဲက ထထွက်သွားရင်ကော။

ဟင့်အင်း သူပြန်လာရင် မှီ့ကို အခန်းထဲမှာ တွေ့နေဖို့လို သည်။ သို့ကြောင့် သူ့မွေ့ရာမှာပဲ မှီ အိပ်စက်ဖို့ ကြိုးစားရသည်။

သို့သော် အိပ်လို့မပျော်။

သူ့ကိုယ်သင်းနံ့ရနေသလို၊ သူ့ရဲ့ကြင်နာလှုပ်ရှားမှုတွေကို သတိ ရကာ မှီ့ကိုယ်လေး လွန့်လွန့်လူးရင်း။

ခုနေ သူ ဘယ်မှာရှိနေမလဲ။

ထိုအတွေးနောက် မှီ့ရင်ထဲ အလင်းတန်းတစ်ခု ဖျတ်ခနဲ ဝင် လာသည်။ သူ ဘယ်မှာရှိနိုင်မလဲဆိုတာ။ ဟုတ်ပြီ။

အတွေးထဲကအတိုင်း မှီ ဝေါက်ခနဲ ထထွက်ခဲ့သည်။

ဦးသက်နဲ့ဒေါ်စိုးစိုးက –

"ဘယ်လဲ သမီး"

"ဘယ်သွားမလို့လဲ"

ဟု ပြိုင်တူလိုလို မေးသည်ကို မှီ မဖြေ။ ပေါ်တီကိုအောက်မှာ ရပ်ထားတဲ့ Crown ကားလေးပေါ်တက်ပြီး မောင်းထွက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးသက်နဲ့ဒေါ်စိုးစိုး စိတ်ပျက်လက်ပျက် ဖြစ်ရုံမက ပို၍ပူပန်နေမှာ မလွဲ။

နေပါစေလေ။

အချိန်တန်ရင် လူကြီးတွေ ပူပန်မှု လျော့သွားမှာပါ။ မိုလည်း လူကြီးတွေရဲ့ပူပန်စိတ်ကို ဖြေလျှော့ပေးလိုပါသည်။

မို့အသံကြားရုံနဲ့ သူ ပြန်မလာပေမယ့် မို့ကို မြင်ရင်တော့ သူလာမှပဲ။ ဟုတ်တယ်။

မို့အတွေးနဲ့မို လာခဲ့သည်က ကမ္ဘာလုံးစံအိမ်လှလှလေးဆီ။ မို သဘောကျသော ထိုအိမ်လေးမှာ သူ ရှိနေမှာမလွဲ။

အတွေးအတိုင်း မို ရောက်လာခဲ့သည်။

စံအိမ်လေးကား ဖွင့်လျက်သား။ မို ဟန်မဆောင်နိုင် အပြေးအလွှား ဝင်မိကာ။

"မောင်"

ဟု ခေါ်လိုက်သည်။

မို့ခေါ်သံက လိုဏ်ခေါင်းပုံစံဖြစ်နေသော အိမ်လုံးထဲမှာ ပဲ့တင်ထပ်လျက်။ မို တစ်ခန်းဝင်တစ်ခန်းထွက် လိုက်ကြည့်၏။

နံရံဘက်က သူ့အခန်းဆီ ဝင်ကြည့်တော့ ခုတင်ပေါ်မှာ အဝတ်အစားတွေဖြစ်သလို ချွတ်ပုံထားသည်။

သေချာပြီ။





ဒါဆို မောင် ဒီမှာရှောင်နေတာ။ တစ်ကိုယ်တည်း အထီးကျန်စွာ နေထိုင်ခဲ့သည်ဆိုတာမလွဲ။

ခုဆို ညနက်နေပြီ။

မောင် ပြန်လာတန်ကောင်းရဲ့။

ပြန်လာမှာပါ။ မို ဒီကပဲ စောင့်နေလိုက်မယ်။ ဟုတ်ပြီ။ ဒီတိုက်ခန်းလေးထဲမှာရှိနေကြောင်း ဦးသက်တို့ကို ကြိုးဖုန်းဖြင့် ဆက်သွယ်ပြီး မို အကြောင်းကြားလိုက်သည်။

မောင်ရေ –

မို့ဆီ အမြန်လာလှည့်ပါ။

✿

"ကလင် ကလင် ကလင်"

ရူးရူးဝါးဝါး မြည်နေသော ဖုန်းသံကြောင့် မို လန့်နိုးသွားသည်။ အိပ်မှုန်စုန်မွှားနှင့်မို့ ကယောင်ကတမ်းဖြစ်ကာ။ အိပ်ရာပေါ် ထထိုင်၏။

အိပ်ရာဘက် ငဲ့ကြည့်တော့ သူ့အဝတ်ပုံက နဂိုရှိနေတဲ့အတိုင်းမြင်ရမှ မို ညက မောင့်ကို စောင့်ရင်း အိပ်ပျော်သွားမှန်း အသိရလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ပုန်းသံက စူးစူးဝါးဝါးမြည်နေဆဲ။

မောင် ညက ပြန်မလာမှန်း မီ အလိုလိုသိနေပြီ။ ထို့ကြောင့် ဖုန်းစင်နား ထသွားပြီး ဖုန်းကိုင်လေသည်။

"ဟဲလို မောင်လားဟင်"

မီ မျှော်လင့်တကြီးမေးလိုက်၏။

"ဟဲ့ မီ ညည်းမှာလည်း အခုမှ တမောင်မောင်နဲ့ အငမ်းမ ဖြစ်နေလိုက်တာ၊ ရင်နာတယ်အေ"

ဒေါ်စိုး၏ထိရှတုန်ခါနေသောအသံသည် မီ့နားထဲ ထိုးဆောင့် ဝင်လာသည်။

"ဟို ဟို့လေ"

မီ မလုံမလဲနှင့် ဗလုံးဗထွေးဖြစ်ကာ။ ဘာပြောလို့ပြောရမှန်း မသိ။ ယောင်တောင်တောင် ဖြစ်လို့နေသည်။

"ဟိုတွေ ဟယ်တွေဖြစ်မနေနဲ့ အမြန်လာခဲ့"

"ရှင်၊ ဘာ ဘာဖြစ်လို့လဲ ဒေါ်စိုး"

"မေးမနေနဲ့တော့၊ မောင့်အသက်မှီချင်ရင် ဆေးရုံသာ အမြ လိုက်ခဲ့"

"ဟင်"

မီ့လက်ထဲမှ ဖုန်းခွက်မှာ ဖြုန်းဆို လွတ်ကျသွားလေပြီး မီ ကယောင်ကတမ်းနှင့် လွတ်ကျသွားသော ဖုန်းခွက်ကို ကြည့်ရင်း ရှင်





မြည်းအသက်မဲ့သလို ခံစားရ၏။

ဘုရားရေ။

မောင့်အသက်မှီချင်ရင် ဆေးရုံသာ အမြန်လိုက်ခဲ့တဲ့။

မောင် ဘာ ဘာဖြစ်တာလဲ။

ဟင့်အင်း။

မောင် ဘာမှမဖြစ်ရဘူး။

ဘုရားရေ။

မောင့်ကို ကယ်မ,ကြပါ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

"မောင့်စိတ် တအားညစ်နေလို့ ဖေကမ္ဘာက စိတ်ပြေ... ပျောက်ဆိုပြီး ချောင်းသာကို အပန်းဖြေခရီးခေါ်သွားတာ၊ ပြန်အလာ... တစ်ဖက်ကလာတဲ့ ဆီကားကြီး ဘရိတ်ပေါက်ပြီး မောင်တို့ကားကို ... တိုက်မိတာ၊ ကားမောင်းတဲ့ ဖေကမ္ဘာက နေရာတင်ဆုံးရှာတယ်၊ မော... ဒဏ်ရာပြင်းတယ်၊ စိုးရိမ်ရတဲ့အနေအထား၊ ဒီကလေး ကံဆိုးရှာ... ရှင်"

မောင့်ကို လာကြည့်ကြသော ကုမ္ပဏီဝန်ထမ်းတွေကို ဒေါ်... မျက်ရည်တကျကျနှင့် ရှင်းပြနေသည်။

ဦးကြွယ်ကလည်း စိုးရိမ်စိတ်နှင့် ပျာယာခတ်ကာ။





"ခုချိန်ထိ သတိလည်မလာသေးဘူး၊ ကျွန်တော်တော့ သူ့... ...လေးကို အကြောင်းကြားလိုက်တယ်၊ မစ္စတာဒေးဗစ် ဘန်ကောက်... ...က်နေတာဆိုတော့ ချက်ချင်း လာခဲ့မယ်တဲ့၊ မကြာခင် မစ္စတာဒေးဗစ် ...က်တော့မှာပါ"

ဦးကြွယ်က ရှင်းပြနေသည်။

မောင်က အရေးပေါ်ခန်းထဲမှာ။ မို့ကို မေမေနဲ့မမစံက အပြစ် ...သော မျက်ဝန်းဖြင့်ကြည့်ကာ အံတကြိတ်ကြိတ်နှင့် မျက်စိမျက်နှာ ...လို့နေသည်။

မို့မှာ စိတ်ထိခိုက်လွန်းလို့ ငိုချ၏။ ထိုအခါက ဦးသက်နှင့် ...ိုးက မို့ကို မျက်စောင်းမထိုးရုံတမယ်။

"မို့ရယ်"

အိမ့်ယုယက မို့လက်ဖဝါးလေးကို ဖျစ်ညှစ်အားပေးရင်း ကြင် ...အမလေသည်။

"မို့ကြောင့်လားဟင်၊ မောင် ခုလိုဖြစ်တာ မို့ကြောင့်လား ...ရယ်"

"ဒီလိုလည်း ဘယ်ဟုတ်မလဲ သူငယ်ချင်းရယ်"

"ခုတော့"

မို့ရင်ထဲမှ စကားလုံးတွေ ထွက်မလာ။ ထိရှကြေကွဲသော ငိုသံ ... သွန်ကျလာလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် အရေးပေါ်ခန်းတွင်း ခွဲစိတ်ဆရာဝန်ကြီး မျက်နှာမသာမယာနှင့် ထွက်လာသည်။

ဦးကြွယ်တို့ မေမေတို့အားလုံး ဆရာဝန်ကြီးအခန်းထဲ ဝင်သွားကြသည်။ ဆရာဝန်ကြီး ဘာပြောမှာလဲ။

မို နားထောင်နိုင်စွမ်းမရှိပါ။

ငိုရင်းတန်းလန်း အပြင်ဘက် ပြေးထွက်ခဲ့မိသည်။

"ဟေ့ မို၊ နေဦးလေ"

ယုယနဲ့သီတာသိမ့်တို့ နောက်က ပြေးလိုက်လာပြီး မို့ကို ဆွဲတားကြသည်။

မို့စိတ်က အတားအဆီး မခံလို။

စိတ်ရှိတဲ့အတိုင်း ကမ္ဘာ့ရှုးထိုး ကြေကွဲလိုက်ချင်ပါသည်။ ဆေးရုံအောက်ထပ်ဆီ တသောသောငိုရင်း မို ပြေးဆင်း၏။ အောက်ထပ်အရောက်မှာ စိုးရိမ်တကြီးနှင့် ဝင်လာသော အန်ကယ်ဒေးဗစ်နှင့် ထိပ်တိုက်ဆုံလေသည်။

"အန်ကယ်ရယ် မောင့်ကို ကယ်လို့မရတော့ဘူးလားဟင် မောင်လေ မောင်"

မို့စကားလုံးတွေ တစ်ဆို့ကာ မျက်ရည်တွေသာ အလုံးလိုက်ပြိုကျလေသည်။

မစ္စတာဒေးဗစ်ရင်ထဲမှ ထိရှစွာ မျက်ရည်တွေ ဝဲ၏။ ချွေးချာ၏သောကကို မျှဝေခံစားနိုင်လေသည်။





မို့ပခုံးကို နှစ်သိမ့်ပေးလိုစွာ ပွေ့ဖက်၍ ချော့မော့ကာ ဆိုသည်။

"မိုလေးရယ် စိတ်ထိန်းမှပေါ့၊ အခြေအနေက ဘာမှန်းမသိသေးပေမယ့် စိတ်ခိုင်ခိုင်ထားဖို့ လိုတယ်လေနော်၊ ဦးကြွယ်တို့ ဒေါက်တာတို့နဲ့ အန်ကယ် တွေ့လိုက်ဦးမယ်"

မစ္စတာဒေးဗစ် ပြောဆို၍ အပေါ်တက်သွားသည်။

မို့စိတ် မို့ကိုယ်ကို မို မသယ်ချင်လောက်အောင် ထိခိုက်လျက်၊ မို့ကိုယ်လေးကို ပုံလျက်ကျသွားသည်။

"မို"

"မို၊ သတိထားဦးမှပေါ့ မိုရယ်"

သူငယ်ချင်းတွေ ဝိုင်းဝန်းပွေ့မတာကို မို နောက်ဆုံး သိလိုက်သည်။ မို့နှလုံးသားထဲမှာတော့ မောင့်နဲ့ဝိညာဉ်ချင်း ပေါင်းပါရစေဟု ဆောင်းဆုပြုရင်း။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

"ညည်းအတွက် တစ်မှောင့် ပူရပြန်ပြီ"

မမစံ၏ ငြူငြူစူစူပြောသံ။

မို အသိဝင်လာသည်နှင့် ကြားရလျှင် ပို၍ပင် ထိခိုက်ကြေကွဲရပါသည်။ စီးကျလာသောမျက်ရည်ကိုသုတ်ရင်း မို ရှုန်းထလျှင် ရင်ထဲမှာ လှုပ်ခနဲ့ဖြစ်ကာ မျက်ဝန်းမှာ ပြာမှောင်လေသည်။

"မိုရယ် ညည်းလေး စိတ်လိုက်မာန်ပါ ဘာမှမလုပ်ပါနဲ့၊ ညည်းလေး သွေးပေါင်ကျလို့ ဆေးသွင်းထားတယ်ဆိုတာ သတိထားဦးမှ အားရှိအောင် သက်သောင့်သက်သာနေဦး၊ မထနဲ့လေ"

မမစံ ဆူပြောလေး ပြောရင်း မို့ကို ပြန်လည်လှဲလျောင်းစေ





သည်။ မို လှဲချရင်း မျက်လွှာမှိတ်၏။ ထိုအခါ မျက်ရည်တို့ စီးကျပြန်သည်။

ရင်ထဲမှ ရှိုက်နေသောကြောင့် မို့ရင်အုံက နိမ့်လိုက်မြင့်လိုက်လှုပ်ရှားနေကာ။

"မမစံ သွားရင်သွားလေ၊ မို့ကို ယုယပဲ စောင့်နေလိုက်မယ်"

"ဖြစ်မှာမဟုတ်ပါဘူးအေ"

"ဖြစ်ပါတယ် မမစံရဲ့"

ယုယက မိုတို့ညီအစ်မကြား ဝင်ရလေသည်။ မမစံက အဖက်က်ကို စိုးရိမ်လွန်ပြီး မို့အပေါ် မာန်မဲနေမှန်း ယုယသိ၏။ ဒါကြောင့် မစံ လက်ခံအောင် လေပြေလေးနှင့် ဆိုရသည်။

"ဖြစ်တယ်ဆိုလည်း ယုယ စောင့်၊ မမစံကတော့ ခေါင်းတွေဖြစ်နေပြီ၊ ခင်းကြောင့် မဖြစ်သင့်တာတွေ ဖြစ်နေရတာလေ"

"ကဲပါ မမစံရယ်၊ ပြီးတာ ပြီးပြီပဲ၊ ဘာမှလုပ်လို့မရတော့ဘူး၊ မစံ သွားနားလိုက်၊ မို့အတွက် ယုယ တာဝန်ယူပါတယ်"

ယုယ ပြောဆိုရင်း မမစံကို အခန်းပြင် ဆွဲထုတ်သွားလေသည်။ မစံ ပြစ်ပွစိရွတ်၍ ထွက်သွားလျှင် ယုယအခန်းတံခါးပိတ်ကာ မို့ခုတင် ပြန်ရွေ့လာသည်။

"မို"

မို့ခုတင်ဘေးရှိ ထိုင်ခုံမှာ ထိုင်ချရင်း ယုယ စာနာစွာခေါ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မို့လက်ဖဝါးလေးကိုလည်း ဆုပ်ကိုင်သည်။

မို ထူးလည်းမထူး။ ကျိတ်၍သာ ငိုရှာသည်။

"မို့ရယ်၊ မို့မှာ စိတ်ဖိစီးမှုတွေ သိပ်များနေတယ် သူငယ်ချင်းရယ်၊ ပြီးတော့ မို မူးကျရုံမက သတိပါလစ်သွားလို့ မို့အတွက်ပါ စိတ်ပူရပြန်တယ်၊ ချက်ချင်း ဆေးသွင်း ဘာညာနဲ့ အားလုံး အလုပ်ရှုပ်ကုန်တာပဲ၊ ခုမှ မို သတိပြန်ရတာလေ၊ စိတ်ကိုလျှော့ပြီးနေပါ သူငယ်ချင်းရယ်"

"မောင်ကောဟင်"

မို သိချင်တာ ဒါပါပဲ။

မို မြင်လွှာလေး ဖွင့်ကာ ယုယကို တိုးတိုးမေး၏။ ယုယ မသိမသာ သက်မချ၍ –

"အန်ကယ်ဒေးဗစ်က ခွဲစိတ်ဆရာဝန်နဲ့ ဆွေးနွေးပြီး မောင့်ကို ဘန်ကောက် အားချင်းခေါ်သွားတယ်"

"ဟင် ဒါ ဒါဆို"

"ဟုတ်တယ်၊ ခုလောက်ဆို ဘန်ကောက်ဆေးရုံရောက်လောက်ပြီ"

မို့မျက်လွှာလေး စေ့ပိတ်ကာ ရှိုက်လိုက်သည်။

မို့ရင်ထဲ ဘာဖြစ်နေလဲဆိုတာ ယုယ ခန့်မှန်းတတ်ပါသည်။ အထူးသဖြင့် မိန်းမချင်း၊ သူငယ်ချင်းချင်းလည်းဖြစ်တာမို့ ပို၍ ခန့်မှန်း





တတ်ပေသည်။

"မို လိုက်သွားချင်တယ်"

ရှိုက်ငိုသံနောက်မှာ တစ်ဆို့လျက် တစ်လုံးချင်း ပြော၏။ ယုယက မို့မျက်ဝန်းထောင့်မှ စီးကျသောမျက်ရည်ကြည်တို့ကို တယုတယ သုတ်သုတ်ပေး၍ –

"မို ထူထူထောင်ထောင်ဖြစ်ဖို့ လိုတယ်လေ၊ ခုတောင် မို သတိလစ်တာ အချိန်အတော်ကြာပြီ၊ နောက်မှ ဆေးအရှိန်နဲ့ ပုံမှန်အသက်ရှူရုံတာ၊ ပြီးတော့ ဆေးကြောင့် မို အိပ်ပျော်သွားတာ၊ အခုမှ နိုးတာလေ၊ လောလောဆယ် မို့ကိုယ်ခံအားတက်လာအောင် အနားယူဖို့ လိုတယ်တဲ့၊ ဆရာဝန် ဂရုတစိုက်ပြောတာလေ"

ရှိုက်သံနှင့်အတူ သက်မရှည်ချည်း မိုရောချ၍ –

"မို သက်သာနေပါပြီ"

"သက်သာရုံပဲ ရှိသေးတာလေ မို့ရဲ့၊ စိတ်ကောလူရော အနားယူလိုက်၊ အဲဒီတော့ ပုံမှန်ဖြစ်လာမယ်လေ၊ ပုံမှန်ဖြစ်လာတော့ လိုက်သွားပေါ့"

မို ခေါင်းလေးတစ်ချက်ညိတ်ရင်း မျက်လွှာလေး စင်းချလိုက်သည်။ ဟုတ်တယ်။ မို ပုံမှန်ဖြစ်ရင် လိုက်သွားမယ်။

"ခုလောလောဆယ် ဦးသက်နဲ့ဒေါ်စိုး လိုက်သွားတယ်၊ ဦးကြွယ်လည်း ပါတယ်၊ စိတ်ပူမနေပါနဲ့၊ အန်ကယ်ဒေးဗစ်က မောင့်ကို



www.burmeseclassic.com

www.burmeseclassic.com



သိပ်ချစ်တာလေ၊ သူ့တူကို သူ အကောင်းဆုံးဖြစ်အောင် ဆေးကုမှာပါ၊ အရေးကြီးတာ မောင် ကံကြမ္မာသက်စိုးရှည်ဖို့ မို့လည်း ဆုတောင်းပေးပေါ့၊ ငိုနေရုံနဲ့ပြီးတာမှ မဟုတ်တာ''

ယုယက မို့ဆံနွယ်လေးကို တယုတယ သပ်၍ဆိုသည်။ မို့ ခေါင်းလေးညိတ်လျက်။

ဟုတ်တယ်။

မောင့်အတွက် မို့နှလုံးသားနဲ့ရင်းပြီး သစ္စာပြုဆုတောင်းပေးဖို့ လိုသည်။

မို့ဆုတောင်းကော ပြည့်ပါလား။

✿ ✿ ✿



## အခန်း (၃၂)

"အရှင်ဘုရား ကယ်တော်မူပါ၊ မောင့်အသက်ကို ချမ်းသာခွင့်ပေးသနားတော်မူပါ"

ဒေါ်စိုး လက်အုပ်လေးချီကာ ဘုရားမှာ ဆုတောင်းနေတာ အချိန်မည်မျှကြာနေမှန်း မသိတော့ပါ။

ဦးခေါင်းဒဏ်ရာ ပြင်းထန်သလို ညာဘက်နံရိုးသုံးချောင်း ကျိုး ပြီး နံရိုးတစ်ချောင်းက အသည်းကို စိုက်လျှက်သားနှင့်။

ညာဘက်တင်ပါးဆုံရိုး အက်ရုံမက ပေါင်တံလည်း ကျိုးသေး။ အခြေအနေအရ ခဲရာခဲဆစ်မဟုတ်လား။ ဦးကြွယ်ကတော့ စိုးရိမ်မနေပါနဲ့လို့ ဖျောင်းဖျပါသည်။ သို့သော် ဒေါ်စိုး မစိုးရိမ်ဘဲ နေနိုင်။



www.burmeseclassic.com

www.burmeseclassic.com



ဒီကလေးကို သူမပဲ ထိန်းကျောင်းပြီး ပြုစုလာတာ မဟုတ်လား။ ဒင်းလေးမေမေ ဆုံးပါးပြီးကတည်းက ခုချိန်ထိလေ။

မောင်ဟာ သူမသားနဲ့မခြားပါ။ ဒီသားကို ဘယ်လိုမှ ဆုံးရှုံးမခံနိုင်တဲ့စိတ်က နှလုံးသားကို ပူလောင်ရှုံ့သွပ်စေလောက်သည်။

မစ္စတာဒေးဗစ်ကတော့ အကျွမ်းကျင်ဆုံး ခွဲစိတ်ဆရာဝန်ကြီးတွေလက်ထဲအပ်ကာ သူတော်မောင် အသက်ရှင်ရေးအတွက် ယောက်ယက်ခတ်မတတ် ကြိုးစားရှာသည်။

ကျွမ်းကျင်တဲ့ခွဲစိတ်ပါရဂူက  အကောင်းဆုံးဖြစ်စေရမယ်လို့ အာမခံခဲ့သော်လည်း ဒေါ်စိုးခမျာ အေးအေးမနေသာ။

ဘုရားမှာ ဆုတောင်းရင်း ပူလောင်နေပေသည်။

ဦးသက်လည်း ဘာထူးလဲ။

မောင့်ကို သူတို့သင်မယား အနီးကပ်စောင့်ရှောက်ထိန်းကျောင်းပြီး လူလားမြောက်စေခဲ့သည်။

သူတို့မျက်စိအောက်မှာ လူလားမြောက်လာသလို လိမ္မာယဉ်ကျေးရုံမက ဘာသာတရားကိုင်းရှိုင်းတဲ့ လူငယ်လေး။

ဒီလိုအဖြစ်ဆိုးမျိုးနဲ့ ကြုံရလိမ့်မယ်လို့ ဘယ်တုန်းကမှ တွေးထင်မထား။ ခုတော့ ချစ်တဲ့စိတ်ကြောင့် ခမျာ အသက်နဲ့ခန္ဓာ အိုးစားကွဲလုကွဲခင်။

✿ ✿ ✿



## အခန်း (၃၃)

"ဟင်"

မှို ခြေလှမ်းလေး တန့်သွားသည်။ ကိုယ့်ကိုယ်ကိုယ်လည်း အလျားလိုက်စင်းကျနေသော လိုက်ကာစနှင့်ကွယ်ကာ မယုံနိုင်အောင် ချောင်းကြည့်မိသည်။

ပန်းရောင်ဖြစ်သော သူ့မျက်နှာက ရဲတွတ်ကာ။ နှုတ်ခမ်းတစ်ဒိုက်မှာ ချွေးတွေ စို့လျက်။ တရှုံးရှုံးတရှဲရှဲဖြစ်ပြီး နှုတ်ခမ်းကို စုထော်ကာ လက်ဝါးလေးနဲ့ ယပ်ခပ်နေရှာသည်။

ဒေါ်စိုးက မောင့်ကို စိတ်ပျက်လက်ပျက်ကြည့်ရင်း –

"သားမောင်ရယ် အစားအသောက်ကအစ လိုက်ပြီးပြောင်း



www.burmeseclassic.com

www.burmeseclassic.com



စားနေစရာ မလိုပါဘူး၊ မှီစားကျင့်ရှိတဲ့အစာ မှီစား၊ မောင့်စားကျင့်ရှိ တဲ့အစာ မောင်စားပေါ့၊ ပြီးတာပဲဟာ၊ ခုတော့ ကြည့်စမ်းပါဦး မှီစား သလို ရေတ်သီးစပ်စပ် ငါးပိရည်ကို စားတတ်အောင် လေ့ကျင့်သတဲ့ အံ့ပါ့တော်၊ ရော့ ရေသောက်ဦး''

ဒေါ်စိုး မာန်မဲပြောရင်း သောက်ရေခွက် ကမ်းပေးသည်။ ဒု ရေတဂွပ်ဂွပ်သောက်ချရင်း အစပ်ပြေဖို့ ကြိုးစားလေသည်။

မှီ အမြင်ကတ်စွာ မျက်စောင်းထိုးချင်လာသည်။ မှီက မှီကြိုက် တတ်တဲ့ ငါးပိရည်၊ တို့စရာနှင့် ဟင်းစပ်စပ်ကို မြိန်ရေရှက်ရေ စား တတ်သည်။ သူက အစားအသောက်ဆို ထောပတ်၊ ဒိန်ခဲ၊ ပေါင်မုန့် အကင်၊ အပေါင်း စသည်ဖြင့် စားလေ့ရှိသည်။

အဲဒါကို သူ ဘာစိတ်ကူးသည်မသိ။

မှီစားတာတွေ လျှောက်စားပြီး ဒုက္ခခံနေရှာသည်။

''မှီနဲ့အတူ ထမင်းတစ်ဝိုင်းတည်း စားလို့ရအောင်လို့ပါ ဒေါ် ရယ်''

''အောင်မယ် ထမင်းတစ်ဝိုင်းတည်း စားလို့ရအောင်တဲ့ မှီ ဘယ်နှခါများ မောင်နဲ့ လက်ဆုံစားဖူးလို့လဲ''

ဒေါ်စိုးမေးလျှင် သူ့မျက်နှာ မပျက်ပေမယ့် မှီ့မျက်နှာ ပျက် ရ၏။ စားချင်စရာလား။ သူစားသမျှ အအီအဆိမ့်အနံ့အသက်တွေ မှီမှ မခံနိုင်တာ။





အဲဒါကြောင့် မှီ့ဘာသာမှီ ထမင်းတစ်ဝိုင်းစားတာလေ။ ဒေါ်စိုး က မှီ့နောက်ကွယ်မှာမှ မှီ့ကို ထိထိပါးပါး ပြောနေတာမဟုတ်လား။

''ဒေါ်စိုးရယ် မှီက ကျွန်တော့်ကို မကြည်သေးလို့ပါ၊ မှီ ကြည် ဆင်လာတဲ့အခါ မောင်နဲ့ လက်ဆုံစားမှာပါဗျာ''

''ဟွန်း''

မှီ မျက်စောင်းထိုးကာ ထမင်းစားခန်းရှေ့က ရှောင်ထွက်ခဲ့ သည်။

''ကြည့်ရသေးတာပေါ့''

ဒေါ်စိုး၏အရွဲ့စကားက မှီ့ကို ပိုရှုံတင်းစေသည် မဟုတ်လား။

''စိတ်ချ၊ ဘယ်တော့မှ ရှင်နဲ့ လက်ဆုံမစားဘူး''

မှီ့ရင်ထဲမှာ ထိုအတိုင်း ပြောမိသည်အထိ သူ့အပေါ် မျက်မုန်း ကျိုးနေခဲ့သည်။

ခုတော့ ဝေါခနဲကျလာသော မျက်ရည်တွေကို မှီ ဖယ်ရှားရင်း သရုပ်ပုံရင်ထိုးလေးကို မှီ့လက်ဖြင့် မြတ်နိုးစွာ ဆုပ်ထားမိသည်။

သူက မှီ့အကြိုက် လိုက်သည်မဟုတ်ပါ။

ဘာသာတရားလည်း ကိုင်းရှိုင်းလေသည်။

မနက်စောစော ထပြီး ဘုရားရှိခိုးသလို ညအိပ်ရာဝင်လည်း ခိုးသည်။ သူ့ကိုယ်ထဲမှာ သူ့ဒယ်ဒီသွေးတစ်ဝက်ပါနေပေမယ့် သူ့မေမေ၏ ကိုးကွယ်ယုံကြည်မှုကို လက်ခံကာ။



www.burmeseclassic.com

www.burmeseclassic.com



ဘုရား၊ တရား၊ သံဃာကို ဦးထိပ်ပန်ဆင်လေသည်။

မိုက သူနဲ့အတူ ဘုရားမရှိခိုး။ မို့တာသာမို တစ်ယောက်တည်း ရှိခိုးရင် သူ ခိုးကြည့်ပြီး ပြုံးနေတတ်သည်။

ဒါဖြင့် ညအိပ်ရာဝင်ချိန်ဆို သူ တောင်းဆိုလေ့ရှိသည်။

"မောင့်ကိုရော တစ်ခါလောက် ရှိခိုးပါလား မို၊ မောင်က မို့ ခင်ပွန်းမဟုတ်လား၊ မောင့်ကို ခင်ပွန်းအဖြစ် အသိအမှတ်ပြုတဲ့သဘော ပါ"

"မရှိခိုးနိုင်ပေါင်"

ထိုအခါ သူ့မျက်နှာ ချက်ချင်း ပျက်ကျသွားပြီး ဝမ်းနည်းသံ ဖြင့် ပြောသည်။

"မောင်က မို့ရဲ့ခင်ပွန်းပါ"

"ရှင်ဘာသာရှင် အတင်းကာရော အဲဒီနေရာကို ယူပြီးတော့ များ"

"မို့ကိုချစ်တာကိုး"

"မချစ်နဲ့"

မို ဘောက်ပြောပြီး စောင်ခေါင်းပေါ်မှခြုံကာ သူ့ကို ကျောပေး၍ ခွေအိပ်နေလိုက်သည်။

မချစ်နဲ့ပြောတော့ သူ့ရင်မှာ ထိရ၏။

"ချစ်နေတဲ့သူကို မချစ်နဲ့လို့ တားလို့ရမတဲ့လား မိုရယ်"





မို အံကြိတ်ထားလိုက်သည်။ မို့ခေါင်းပေါ်က ခြုံစောင်ကို ဆွဲ သည်။ ဘေးစောင်းဖြစ်နေသော မို့ကိုယ်ကို သူ့ဘက်ဆွဲယူ၍ –

"မောင့်ကို ချစ်နိုင်အောင် ကြိုးစားပေးပါလား၊ နည်းနည်း လေးဖြစ်ဖြစ်"

"ဘာချစ်နိုင်အောင်လဲ"

"မိုချစ်တာကို မောင် မြတ်မြတ်နိုးနိုး ခံယူချင်တယ်"

"သေလိုက်ပါလား"

"မိုက သေစေချင်တယ်ဆိုရင် မောင် သေရဲပါတယ်၊ မိုချစ် ယ်ဆိုရင် မောင်သေပျော်ပါတယ်"

"ပျော် ပျော်၊ သေပဲသေသေ, ပျော်ပဲပျော်ပျော်၊ သေချာတာက ှင့်ကို မို မချစ်ဘူး၊ အဲ"

မို့စကားပင် မဆုံးလိုက်။ မို့ပါးစပ်ကို သူ့လက်ဖဝါးဖြင့် ပိတ် သည်။ ဒါနဲ့တင်မပြီး။ မို့နှုတ်ခမ်းကို တအားနမ်း၏။

"တောက်"

မို့ရင်ထဲမှာ ပေါက်ကွဲသွား၏။

မချစ်ဘူးလို့ ဒီလောက်ပြောနေတာတောင် သူ့ဆန္ဒတွေ လျော့ သွား။ မို နောက်ထပ်ပြောခွင့်မသာအောင် ပြုမူသလို၊ မို့ကိုယ်လုံး ကို အတင်းအကျပ်ပွေ့ဖက်ထိန်းချုပ်လျက်။

အချစ်ဆိုတာနဲ့ မို့ကို သူ နှိပ်စက်၏။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါကို မို အခံပြင်းဆုံးဖြစ်သည်။

ယောကျ်ားနဲ့မိန်းမ လက်ထပ်ထိမ်းမြားပေါင်းသင်းခြင်းက တစ်ယောက်နှင့်တစ်ယောက် နားလည်မှုရှိစွာ တုံ့ပြန်ဖို့ လိုအပ်ပါသည်။

သူက အဲလိုမဟုတ်။

မို့ဆန္ဒနှင့် မို့ခံစားချက်ကို လျစ်လျူရှုကာ။ သူ့ဆန္ဒနှင့် သူ့ခံစားချက်ကိုချည်း ရှေ့တန်းတင်နေသည်။

ဒါ ဘာကြောင့်ပါလဲ။

အချစ်လို့ လုပစွာကမွည်းတပ်ပြီး သူ့ဆန္ဒပြည့်မြောက်မှုအတွက် မို့ခန္ဓာကိုယ်ကို အသုံးချနေခြင်းလို့ မို ယူဆသည်။

ဒါကြောင့် မို သူ့အချစ်ဆိုတာကို စက်ဆုပ်ပါသည်။ သူ့ကိုလည်း လေးစားချင်စိတ်မရှိ ဖြစ်လာသလို ခံပြင်းစိတ်တို့လည်း ဖြစ်ကာ။

ထိုမနက် အစောကြီးထကာ ညှော်သည်တွေနဲ့ အချိတ်အဆက်လုပ်ပြီး မို အလုပ်ထွက်သွားခြင်းဖြစ်သည်။

ထိုနေ့၏နောက်ဆက်တွဲက သူ့ကို ဒီလိုအခြေအနေဖြစ်စေ၍ မို မရည်ရွယ်ရိုး အမှန်ရယ်ပါ။

မို အလုပ်ကပြန်ရောက်တော့လည်း ပင်ပန်းနေသည်။

ဒါကြောင့် မို့ရင်ထဲ ရှိသမျှစကားတွေ ပြောထုတ်လိုက်ခြင်း

အဲဒီအတွက် မို မှားသလား။

မို မမှားဘူးဟု ထင်သည်။





သူလည်း သူချစ်တဲ့အကြောင်း ပြောပိုင်ခွင့်ရှိသလို မို့မှာလည်း ပြောပိုင်ခွင့်ရှိသည်ဟု မို ယူဆသည်။

ထိုအယူအဆနောက်မှာ ခုတော့။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၄)

"မှီရယ် ပြီးခဲ့တာကို ပြန်တွေးမနေပါနဲ့ကွယ်"

သီတာသိမ့်က စာနာစွာပြောရင်း မှီ့ကို ဘုရားစင်ရှေ့မှ ထ

သည်။

"လာ မှီ၊ ကိုယ်ခံအားနည်းနေသေးတဲ့အချိန်မှာ စိတ်နှ

ညှိုးချုံးနေရင် လူက ထူထူထောင်ထောင်ပြန်ဖြစ်ဖို့ မလွယ်ဘူး

လိုက်သွားမယ်ဆိုရင် မှီ့ကိုယ်မှီ ဒေါင်ဒေါင်မြည်အောင်လုပ်ဖို့ လိုတ

ကဲ ရော့၊ ကြက်ပေါင်းရည် သောက်ရအောင်၊ မမစံယောက္ခမ မှီ့အ

ကိုယ်တိုင်ပေါင်းပြီး ပို့ပေးခဲ့တာ၊ စက်ရုံကထွက်တဲ့ ကြက်ပေါင်

မဟုတ်ဘူး"





မှီ ဘုရားခန်းထဲမှ ပြန်ထွက်ပြီး ဆိုဖာပေါ်ထိုင်ချလို့ပင် မပြီးသေးပါ။ ယုယက တတွတ်တွတ်ပြောရင်း မှီ့လက်ထဲ ကြက်ပေါင်းရည်ထည့်ထားသော ဖန်ခွက်လေးကို အဖုံးဖွင့်ပြီး ကမ်းပေးသည်။

မှီ မသောက်လိုလှပါ။ နှာခေါင်းလေး ရှုံ့တွပြုလုပ်လျှင် –

"သောက်လိုက်ပါဟယ်၊ နှာခေါင်းပိတ်ပြီး သောက်လိုက်"

ဖင်မာသျှင်ကပါ ဝင်ပြော၏။ သူငယ်ချင်းသုံးယောက် မှီ့ကို စိတ်ရှည်လက်ရှည်ဖြင့် စောင့်ကြည့်ကာ။ ဂရုစိုက်မှုတွေနှင့် မှီ ကျန်းမာလာအောင် ကူညီပေးနေကြတာမို့ မှီ မငြင်းရက်တော့။

သူငယ်ချင်းတွေအလိုကျ မော့သောက်ရလေသည်။ ရင်ထဲမှာတော့ အော်ကလီဆန်ချင်သလိုဖြစ်ကာ –

ယုယ ကမ်းပေးတဲ့ ရေဖန်ခွက်ထဲက ရေကို သောက်ပြန်သည်။

သို့သော်လည်း အော်ကလီဆန်ချင်လာသည်။

"ရော့ ရော့"

ဖင်မာသျှင်က ဆေးတစ်လုံး လက်ထဲထည့်ပေးပြန်သည်။

"အဲဒီဆေးသောက်လိုက်၊ အန်ချင်စိတ် ပျောက်သွားလိမ့်မယ်"

တစ်ဖန် ထိုဆေးတစ်လုံးကို သောက်ရပြန်သည်။ မှီ ဆေးသောက်ပြီး ဆိုဖာပေါ် ကိုယ်လေးမှီကာ ခွေနေမိသည်။

သူငယ်ချင်းသုံးယောက် ရွှင်လန်းနေသလောက် မှီ့စိတ်မှာညှိုးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



အင်းလေ။

ဘယ်တူနိုင်မလဲ။ သူ့ယောက်ျားတွေက ကျန်းကျန်းမာမာနဲ့ သူတို့အနားမှာ ရှိနေတာကိုး။ သူတို့စိတ်နဲ့ သူတို့ကိုယ် ပြည့်စုံနေတာပေါ့။ ဒါကြောင့် ရွှင်လန်းနေကြတာ။

မှီကသာ။

အင်းလေ။ ဘာတတ်နိုင်မလဲ။ လောလောဆယ် ဘာစားစား ဘာသောက်သောက် အန်ချင်နေတာချည်းပဲ။

စားချင်သောက်ချင်စိတ်လည်း မရှိ။

စိတ်က မောင့်ကိုသာ သတိရနေသည်။

"မှီ သိပ်လည်း စိတ်ကို တင်းမထားနဲ့၊ ခွဲစိတ်တာ အောင်မြင်တယ်ဆိုကတည်းက မောင့်အသက်အန္တရာယ်ကို လုံးလုံးလျားလျား ဖျောက်လင့်လို့ရသွားပြီလေ၊ မှီသာ ဒေါင်ဒေါင်မြည်ဖြစ်နေရင် ခုနေခါ လိုက်သွားလို့ အကောင်းဆုံးပဲ၊ ဦးကြွယ်ကလည်း မှီကို သွားစေချင်တယ် မှီကလည်း သွားချင်တာပဲ မဟုတ်လား"

မှီ စိတ်အားပါပါ ခေါင်းညိတ်လိုက်သည်။

"မှီသာ စိတ်နဲ့လူ ထူထောင်ဖို့ အရေးကြီးတယ်"

"ဟုတ်တယ်နော်၊ မှီသာ ဒီအရေးမှာ နေထိုင်မကောင်းမဖြစ်ရင် ဒီလောက်ကြာ မောင့်နားရောက်လာက်ရောပေါ့"

"ဟုတ်ပါ့၊ မောင် အက်ဆီးဒန့်ဖြစ်မှ မှီကလည်း အရေး





အရာပေါ် နေထိုင်မကောင်းဖြစ်နေတယ်လို့"

"ဒါလည်း အခိုက်အတန့်ဥစ္စာ၊ မကြာခင် ပုံမှန်ပြန်ဖြစ်လာတယ်၊ ဆေးပုံမှန်သောက်၊ အစား ဝင်အောင်စား၊ အဲဒီတော့ နဂိုအတိုင်း ပြန်ဖြစ်လာမှာလေ၊ ဒေါင်းမလေးလို တောင်ပံတွေစွင့်ကားပြီး အလှသွေးဖြန့်ပြသလို လှနေမယ့် နဂိုပုံစံလေး ပြန်ဖြစ်လာမှာပါ"

"ဟုတ်တယ်၊ မှီ့အလှက ဒေါင်းမအလှနဲ့ မခြားဘူး၊ မြင်လိုက်ရင် စိတ်ကို လှုပ်ရှားစေရော၊ ဒါကြောင့် မောင်က မှီ့ကို မရအရ ယူခဲ့တာပေါ့"

သီတာသိမ့် ပြောလျှင် မှီ့မျက်ဝန်းမှာ ကြည်နူးစွာ လဲ့ဖြာသွားသည်။

အရင်က မောင်နဲ့ပတ်သက်ရင် ဆတ်ဆတ်ထိမခံ မှီဖြစ်နေသော်လည်း ခုတော့ ကြည်နူးစိတ်နှင့် တမ်းတဖွယ်၊ မက်မောဖွယ်ဖြစ်နေကာ။

"မှီရေ သက်သောင့်သက်သာဖြစ်ရင် ခြံထဲဆင်းပြီး လမ်းလျှောက်ရအောင်လား"

ယုယ ဆိုလေသည်။ မှီလည်း ဆေးသောက်လိုက်၊ မှိန်းလိုက်၊ ဘုရားစင်ရှေ့သွားပြီး မောင့်အတွက် ဆုတောင်းလိုက်နှင့် ဗျာများနေသဖြင့် ပို၍နုံးခွေနေသည်။

ဒါကြောင့် စိတ်အားထက်သန်စွာ။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းသားပဲ"

ဟု ဆိုမိ၏။

"ကဲ လာ လမ်းလျှောက်တော့ လေကောင်းလေသန့်လည်းရ စိတ်လည်း ကြည်ပြီး အာရုံလည်း ရှင်းတာပေါ့။ အဲဒီတော့မှ မို အရင် က,ဒေါင်းမလေးဖြစ်လာမှာ"

သီတာသိမ့်က မို့လက်ကို ဖေးမတွဲသယောင်ပြုရင်း ရွှင်မြူး မြူးလေး ဆိုပြန်သည်။

"ရှင်တို့ကလည်း က,ဒေါင်းကနေ မတက်တော့ဘူး"

မို စိတ်အားပါးပါး စကားဆိုလိုက်တော့ သူငယ်ချင်းသုံးယောက် အားပါးတရ ရယ်မောလေသည်။

"သြော် က,ဒေါင်းမလေးကနေ တစ်ဆင့်တက်ရင် က,ဒေါင်း အမေ၊ အဲဒီကတစ်ဆင့်တက်ရင် က,ဒေါင်းအဘွားဖြစ်ဦးမှာလေ"

"ဟွန်း၊ ရှင်ကလည်း"

"ဟုတ်တယ်လေ၊ တစ်ဆင့်ပြီးတစ်ဆင့်တက်ရင် က,ဒေါင်း ဘွားဘွားဖြစ်မှာပေါ့၊ မောင်ကလည်း ဒေါင်းဘိုးဘိုး ဖြစ်နေမှာလေ"

"ဟွန်း"

မို့နှာခေါင်းလေး ရှုပ်တွပြုလိုက်သည်။ သူငယ်ချင်းတွေ မို့စိတ်ကိုသိကာ ကရော်ကရော်ပြုကြလေသည်။

ဟုတ်တယ်လေ။ ခုချိန်မှာ မောင်ရော မို့ရော မအိုချင်သေး





နုပျိုသောကိုယ်နှင့် မြူးကြွသောအချစ်ကို ပေါ်ရွှယ်သောသဘာဝနှင့် အချိန်ကာလ တာရှည်စွာ ခံစားခွင့်ရချင်သေးတယ်။

နော်။ မောင်။

မို့နဲ့မောင့်အတွက် ချစ်ရမယ့်အချိန်တွေ အများကြီး ရှိပါသေးတယ်။

ဟု မို့ရင်ထဲမှာ ကျိတ်ပြော၍။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၅)

"မောင် နေဦး၊ မလှုပ်နဲ့"

ဒေါ်စိုး သည်းသည်းလှုပ်ပြောရင်း မောင့်အနား အပြေးတစ်ပိုင်း ရောက်ရှိလာသည်။ သူက ရှန်းထချင်စိတ်ဖြင့် လှုပ်လှုပ်ရှားရှား ပြုကြည့် ခြင်းရယ်။

ဒေါ်စိုးအနားရောက်လာတော့ သူ လှုပ်ရှားခွင့်မသာ။

"သားမောင် ဘာလိုချင်လဲ၊ ဒေါ်စိုးကို ပြောလေ"

"ထကြည့်ချင်လို့ပါ"

"အို မရသေးပါဘူး၊ ဆရာဝန်က ပြောထားတယ်လေ၊ ဆ လို့ မရသေးဘူး၊ နောက်တစ်ပတ်ထိ ဒီအတိုင်း နေရဦးမယ်တဲ့၊ သာ





မောင် ငြိမ်ငြိမ်လေးလှဲနေနော်၊ လိုတာပြော ဒေါ်စိုးလုပ်ပေးမယ်"

သူ ဘာမှ မလိုချင်။

အိပ်ရာပေါ် ပက်လက်လှဲနေရတာ ငြီးငွေ့လာသည်။ ခေါင်းက ထိရာကလည်း ပတ်တီးစည်းထားရဆဲ။

ခွဲစိတ်ထားတာမို့ ဗိုက်မှာလည်း ပတ်တီးနှင့်၊ ပေါင်တံကလည်း အရိုးဆက်ထားရသည်မို့ ပတ်တီးကျုပ်စည်းနှောင်ဆဲ။

သည်းသည်းလှုပ်ဆိုရှာတဲ့ ဒေါ်စိုးကို သူ အပြစ်မတင်လိုပါ။ သူ့စိတ်က သာမန်နှင့်မတူ။ ဆူကြွကြွဖြစ်နေကာ။ စိတ်ကဖြစ်တဲ့အတိုင်း ထချင်၊ ကြွချင် လှုပ်ရှားပြုမူချင်သည်။

"ထိုင်ချင်လို့"

"အိုးအေး၊ ရသေးပါဘူး သားမောင်ရယ်၊ တစ်ပတ်လောက် သည်းခံနေပါဦးကွယ်၊ မကြာခင် သားမောင် လုပ်ချင်သလို လုပ်လို့ ရလိမ့်မယ်၊ လောလောဆယ် သည်းခံလက်စနဲ့ သည်းခံပါဦး ကလေး ယ်၊ သား တစ်ခုခုစားမလား"

"စားချင်သေးဘူး"

"ဆာရင် ပြောနော်"

"သူ ခေါင်းလေးပဲ ဆတ်ကာ သက်မရှည်ကြီးချ၍ ပက်လက်က ား ငြိမ်နေလိုက်သည်။

ကိုယ်ပေါ်မှဝေဒနာ ပြင်းထန်လွန်းသော်လည်း နလုံးသားဒဏ်



www.burmeseclassic.com

www.burmeseclassic.com



ရာလောက် ခံရခက်မနေပါ။

သူ့နှလုံးသားက ဖြစ်တည်လာသောခံစားချက်ကို ဦးနှောက်က ဆုံးဖြတ်ထားတဲ့အတိုင်း အမြန်ဆုံး အဖြေပေးလိုက်ချင်သည်။

သူသာ အက်ဆီးဒင့်မဖြစ်ခဲ့ရင် ဘယ်လောက်ကောင်းလိမ့် မလဲ။ သူ့အချစ်ဆုံးသူငယ်ချင်းလည်း ဆုံးပါးရဖွယ်မရှိ။

မှီလိုချင်တဲ့အဖြေလည်း သူပေးပြီးလောက်ရောပေါ့။ ခုတော့ ဝေဒနာလည်း ခံစားရ၊ သူငယ်ချင်းကလည်း ဆုံး။ မှီဆန္ဒအတိုင်းဖြစ်စေဖို့ သူ့ဘက်က ဘာမှလုပ်ဆောင်နိုင်စွမ်းမရှိသေး။

ဖြစ်နိုင်ရင် ခုချက်ချင်း ထသွားပြီး ရင်ဆိုင်ဖြေရှင်းလိုက်ချင်ပါသည်။

''သားမောင် ဟိုဟိုဒီဒီလျှောက်မတွေးနဲ့နော်၊ ဒဏ်ရာဒဏ်ချက်တွေက အကင်းမသေသေးဘူး၊ တွေးလွန်းရင် အာရုံကြောထိခိုက်နိုင်သတဲ့၊ ဆရာဝန် သေချာပြောထားတယ် မဟုတ်လား''

ဒေါ်စိုးက သူ့အတွက် ပူပင်စိတ်နဲ့ ဒါပဲ ပြောနေသည်။

''ဒေါ်စိုးရယ် စိတ်က ရောက်သွားတာ ဘာတတ်နိုင်မလဲ''

''ရောက်နေတဲ့စိတ်ကို သတိနဲ့ ထိန်းရမယ်လေ''

မထိန်းနိုင်ပါဘူးဟု သူ ခေါင်းလေးခါပြသည်။ ဒေါ်စိုးက သူ့အပေါ်မှာ မျက်ခြည်မပြတ် စောင့်ကြည့်နေရာမှ မျက်စောင်းထိုးချင်လာသည်။





''သားမောင်က မှီကို သတိရနေတာလား''

သူ နှုတ်ဆိတ်နေလိုက်သည်။ ဒေါ်စိုး သက်မပျှင်းမှုင်းချရင်း ဆက်ပြောသည်။

''သတိရမယ်ဆိုလည်း ရပေါ့ သားမောင်ရယ်၊ ကိုယ့်အသက် ကိုယ့်ဘဝ ရှင်သန်မှုကိုတော့ အလေးထားဖို့ ကောင်းပါတယ်၊ သား ...နှံကယ်ဒေးဗစ်က အဲဒါပဲ သားအတွက် ...င်သောကရောက်နေရ ...ယ်၊ သားစိတ်အတိုင်း သားဆုံးဖြတ်မယ်ဆို ...တောင် ခုလောလော ...ယ် ခေါင်းအေးအေးထားဖို့လိုတယ်၊ ဘာကို ...ဦးနဲ့၊ သတိနဲ့ထိန်း ... မရဘူးဆိုရင် သတိနဲ့ထိန်းတဲ့နည်း ဒေါ်စိုး သင်ပေးမယ်''

''သင်ပေးမယ်''

''အင်း သင်ပေးမှာပေါ့၊ သားမောင် တရားထိုင်ဖူးတယ် မဟုတ် ...''

''အင်း''

သူ အလေးအနက် ခေါင်းညိတ်၏။

''စိတ်အာရုံကို စုစည်းပြီး ဝင်သက်ထွက်သက်ကို စိတ်နဲ့မှတ်ပြီး ...းထိုင်တာလေ၊ အခုလည်း သတိ, သတိ ဆိုတာကို ဝင်သက် ...်သက်နဲ့ညှိပြီး ရွတ်ကြည့်၊ သားမောင်စိတ်ထဲမှာ သတိတရား ...ောပ်လာမယ်၊ ပျံ့လွင့်နေတဲ့ သားမောင်စိတ်ကို သားမောင် ပြန်ထိန်း ...ယ်၊ ကဲ မျက်လုံးလေးမှိတ်ထားပြီး ဒေါ်စိုးပြောသလို သတိကို ဝင်



www.burmeseclassic.com

www.burmeseclassic.com



သက်ထွက်သက်နဲ့ ရှုမှတ်ကြည့်''

သူ့အတွက် အဖက်ဖက်က စိုးရိမ်နေရှာသော ဒေါ်စိုးစိတ်ကို ဖြေသာမှုရစေချင်သည်။

ဒါကြောင့် ဒေါ်စိုးပြောတဲ့အတိုင်း မျက်လွှာလေးမိတ်ကာ ဝင်သက်ထွက်သက်တိုင်းကို သတိနှင့် ရှုမှတ်ရင်း။

စိတ်၏တည်ငြိမ်ရာအေးမြမှုကို ရှာဖွေနေမိပြီ။

သူငယ်

ဘမလုံ ✿ ✿ ✿



## အခန်း (၃၆)

''သမီး''

အန်ကယ်ဒေးဗစ် လက်ပြခေါ်လေသည်။ မို လိုက်ခနဲ အား
ကျ်သွားကာ အန်ကယ့်ဆီ သွက်သွက်ကလေး လှမ်း၏။

''အန်ကယ် လာကြိုတာ ကျေးဇူးတင်ပါတယ်''

''ကြိုရမှာပေါ့ သမီးရယ်၊ လာ သမီး၊ အန်ကယ့်ကားဆီ သွား
ောင်''

မို လိုက်လိုက်လှဲလှဲ ခေါင်းညိတ်လေသည်။ အန်ကယ် ဦး
င်တဲ့နောက် မို လိုက်ပါလာခဲ့သည်။

မောင်နဲ့ တွေ့ရတော့မယ်ဆိုတဲ့ အသိ မို့နှလုံးသားကို လတ်



www.burmeseclassic.com

www.burmeseclassic.com



ဆတ်မြူးကြွစေသည်။

မောင့်ဆီလာခဲ့ဖို့ မို ဆန္ဒရှိသလို အန်ကယ်ကလည်း ဖိတ်ခေါ်သည်။ လေဆိပ်မှာ လာကြိုမယ်ဟုလည်း အန်ကယ် ပြော၏။

ဒါနှင့်ပင် မို တစ်ယောက်တည်း လာခဲ့ခြင်းရယ်။

"ဆေးရုံက ဆင်းခွင့်ရလို့ သားကို အန်ကယ် ခေါ်ထားလိုက်တယ်၊ ဒါပေမဲ့ သားမောင်စိတ်က အရင်လို မရွှင်မြူးဘူး၊ ငေါင်စင်းစင်းနေတတ်သလို၊ တစ်ခါတလေ စိတ်တိုစိတ်ဆတ်တာမျိုး ဖြစ်တတ်တယ် သမီး၊ ဒဏ်ရာတွေကြောင့် စိတ်အပြောင်းအလဲဖြစ်နေတဲ့သဘော ပါရဂူက ပြောပါတယ်၊ ဒါကြောင့် အန်ကယ်တို့ သားမောင်အပေါ် စိတ်ရှည်ရှည် ဆက်ဆံနေရတယ်၊ သမီးလည်း စိတ်ရှည်ပေးပါ၊ သည်းခံပေးပါလို့ အန်ကယ် ကြိုတင်ပြီး ပြောထားပါရစေ"

ကားမောင်းနေရင်း ရှင်းပြသလို အန်ကယ်ဒေးဗစ်ပြောသည်၊

"စိတ်ချပါ အန်ကယ်၊ မို သည်းခံပါ့မယ်"

"ကျေးဇူးတင်ပါတယ် သမီးရယ်"

✿ ✿ ✿



## အခန်း (၃၇)

အင်္ဂလန်၏ရာသီဥတုက အေးတာလား၊ ဒါမှမဟုတ် စိတ်ခံစားချက်က အေးခဲနေလို့လား။ ဘာလား ညာလား မို မခွဲခြားတတ်ပါ။

သို့သော်လည်း မို့အသည်းနှလုံး အေးခဲကာ ကျဉ်ရှုနေသလို ခံစားရသည်။ အထူးသဖြင့် ရဲတိုက်တမျှ ခမ်းနားလှသော မောင် အနားသို့ စံအိမ်ထဲ ခြေချမိသည်နှင့် မို့နှလုံးသားနုနုလေး တကယ်ကျဉ်ကျဉ်သွားပြီ။

"သွားလေ မို၊ သားမောင် နားနေခန်းထဲမှာ ရှိပါတယ်၊ ဒေါ်စိုး ... တင် ဆေးတိုက်ပြီးလို့ ပြန်ထွက်လာတာ၊ သမီး ဝင်သွားလိုက်... ကိုမြင်ရင် သားမောင် စိတ်ရွှင်လန်းသွားမယ်လို့ ဒေါ်စိုးထင်...



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စိုးပြောပုံက လိုက်လဲ့မှုတွေမပါမှန်း မို အကဲခတ်မိသည်။ တာဝန်ကျေပြောရင်း နားနေခန်းဆီ ညွှန်ပြနေတဲ့ ဒေါ်စိုးကို မို ဘာမှ ပြန်မပြောတော့ပါ။

အသိအမှတ်ပြု၍ ခေါင်းလေးဆတ်ကာ။ မောင်ရှိရာ နားနေ ခန်းဆီ တစ်လှမ်းချင်း လှမ်းလာသည်။

အလှူမီနီယံ မှန်ချပ်တံခါးကို အသာလေးတွန်းဖွင့်၏။ ပွင့် လာသော တံခါးမှ ခေါင်းလေးသွင်းကာ မိုချောင်းကြည့်သည်။

မျက်နှာလေး သေးတစောင်းလှဲကာ မှေးမှေးလေး အိပ်နေ ယောင်ဖြစ်သော မောင့်ကိုမြင်လျှင် မို့သွေးတို့ နွေးလျလျဖြစ်လေသည်။

သို့သော်လည်း ပိုးချဲပေါ်မှာ ရှိနေတာ မြင်ရပြန်တော့ မော ဝေဒနာအတွက် စိတ်မကောင်းဖြစ်ရပြန်သည်။

ဘာပဲဖြစ်ဖြစ် မောင့်ကို အသက်ရှင်လျက် တွေ့မြင်ရတာ ကံကောင်းသည်ဟု ဆိုနိုင်သည်။

လောလောလတ်လတ်မို့ မောင့်ကိုယ်ဟာ ပိုးချဲကို အားကိုး ရပေမယ့် အချိန်အတိုင်းအတာတစ်ခုရောက်ရင် မောင့်ကျန်းမာ အကောင်းပကတိ ဖြစ်လာမှာပါ။

ဖြစ်လာအောင်လည်း မို အနီးကပ်ပြုစုပေးမှာလေ။ ပြု ချင်လို့ပဲ မောင့်ဆီ မို လိုက်ခဲ့ခြင်းရယ်။

အခု မောင့်ရှေ့မှောက်ရောက်နေပြီပဲ။ မောင့်စိတ်ကို မို အ





အဝ အားပေးနှစ်သိမ့်နိုင်လိမ့်မယ်ဟု မို ယူဆပါသည်။

ထို့ကြောင့် မောင့်ရှေ့ တစ်လှမ်းချင်း လှမ်းကာ။ မောင့်ပိုးချဲ ရှေ့မှာ ဒူးထောက်ထိုင်ချသည်။

မျက်လွှာလေးစင်းကာ သေးတစောင်းဖြစ်နေသော မောင့်မျက် နှာလေးကို ရင်ခုန်စိတ်ဖြင့် ရှုးရှုးလေး စိုက်ကြည့်၏။

ပန်းသွေးရောင်စိုသော မောင့်မျက်နှာပေါ်မှ ထူခဲသော မျက် ခုံးတန်းနှင့် မျက်တောင်လေးများ၊ ဖြောင့်စင်းချွန်မြသောနှာတံနှင့် ကျယ် ပြန့်သော မေးရိုး၊ ထူထဲသောနှုတ်ခမ်းလွှာ စေ့စေ့ပိတ်ထားသော အောက် မှ ချွန်လုံးသော မေးစေ့လေးအဆုံး မို နစ်မြောစွာကြည့်ဖြစ်၏။

ထို့နောက်မှာ ကြင်နာချင်သော မို့လက်ချောင်းလေးများ ပင့် ကြွကာ ညှိုသော ပါးမြိုင်းမွေးတို့ ဖြာနေသည့် မောင့်ပါးပြင်ကို မို့လက် ချောင်းများဖြင့် ထိတွေ့၏။

ထိုအခါ နွေးသော မောင့်ပါးပြင်အတွေ့ မို့နှလုံးသားကို ချိုမြ သလို၊ အနွေးဓာတ်သို့ ကူးလူးသလို ခံစားရသည်။

ပြီးတော့ မို့လက်ချောင်းလေးက မောင့်နဖူးပေါ် ရွေ့ပြန့်ပြီး ထိုအခါ မောင် ဆတ်ခနဲ လှုပ်ခါအသိဝင်လာသည်။ မောင့်မျက်လုံးကို ဖွင့်ခင်း မောင့်နဖူးပေါ်ရှိ မို့လက်ချောင်းလေးကို ဆုပ်ကိုင်လာသည်က အံ့ဩပြုံးနက်ရယ်။

"မောင်"



www.burmeseclassic.com

www.burmeseclassic.com



မို့ခေါ်သံသည် ရင်ခုန်ခြင်းဖြင့် ညွှတ်ပျောင်းနေမည်ဟု မှ ထင်သည်။ မောင့်မျက်ဝန်း လက်ခနဲ ရှန်းဝင့်ကာ ဖျစ်ကိုင်လိုက်သော မို့လက်ချောင်းကလေးမှတစ်ဆင့် နွေးလှိုက်ပျော်ဝင်မှုတွေ၊ မို့ရင်အုံအထိ ကျယ်ပြောသွားသလို ခံစားရသည်။

သို့သော် ထိုခံစားမှုက ခဏလေးမှ ခဏလေးရယ်။

တကယ်ခဏလေးရယ်ပါ။

မောင့်ခေါင်း ချက်ချင်းထောင်လာသလို မျက်ဝန်းမှာ လဲ့စီး လဲ့မှောင်ကုပ်သွားပြီး ဖျစ်ဆုပ်ထားသော မို့လက်ချောင်းကို ဖျတ်ခနဲ ဖယ်လွှတ်သည်။

"တော်ဝင်မို"

မို့နာမည် အပြည့်အစုံကို လွှတ်ခနဲ ခေါ်သည်။

"မောင် မို့ပါ၊ မောင့်ဆီ မို့လာခဲ့တာ မောင်နေကောင်းတဲ့အကြောင်း ပြုစုပေးဖို့လေ၊ မောင် ဝမ်းမသာဘူးလားဟင်"

မို့စကားအဆုံးမှာ မောင် ခေါင်းလေးလေးချည်း ခါသည်။ ထို့ပြင် ပိုးချဲကို လက်နှဲ့တွန်း၍ မို့ရှေ့မှ နောက်ဆုတ်သွားသည်။

"မောင်"

လေပြည်လေညင်းလိုဖြစ်နေရာမှ ရုတ်ခြည်း မုန်တိုင်းထန်လာ သော ရာသီဥတုနှယ်။ မောင့်အမူအရာက ချက်ချင်းပြောင်းလဲသွားသည်။

ကျယ်ပြန့်သော နားနေခန်းတစ်လျှောက် ပိုးချဲနဲ့ ရှေ့လျှော





မို့ ဒူးထောက်ထိုင်နေတဲ့ဘက်မလာ။

မို့နဲ့ အဝေးဆုံး အခန်းနံရံဘက် မျက်နှာမူရှေ့လျှောသွားပြီး–

"ဆောရီး တော်ဝင်မို"

"ဘာ ဘာရယ်"

"ဆောရီးကွာ၊ ကျုပ်အချစ်တွေကို တော်ဝင်မို စက်ဆုပ်နေ ဘာ၊ ဘာကြောင့်လဲဆိုတာ ကျုပ် နားလည်သွားပြီ၊ ခင်ဗျားမှာ ကြည် ဖြူမြတ်နိုးစရာ ယောကျ်ားတစ်ယောက် ရှိနေခဲ့တယ်မဟုတ်လား"

"ဘာ၊ ဘာပြောတာလဲ မောင်၊ မို့က ကြည်ဖြူမြတ်နိုးရတဲ့ ယောကျ်ားတစ်ယောက်"

"ဟုတ်တယ်၊ မို့တို့နှစ်ယောက်ကို စူပါမားကက်မှာ တွဲလျက် တွေ့လိုက်ကတည်းက ကျုပ်စိတ် ပေါက်ကွဲခဲ့တယ်၊ ဒါပေမဲ့ ကျုပ်သူငယ် ချင်း ဖျောင်းဖျလွန်းလို့ ကျုပ် သည်းခံခဲ့တယ်"

"ဘုရားရေ"

မို့ ရင်ဘတ်ဖိလိုက်မိသည်။ စူပါမားကက်မှာတဲ့။ မို့ကို တွဲလျက် တွေ့သတဲ့။

"ဒါပေမဲ့ တော်ဝင်မို ကျုပ်ရဲ့သည်းခံစိတ်က ခင်ဗျားနှုတ်က စက်ဆုပ်တယ်လို့ တကယ်ထုတ်ပြောလာတဲ့အချိန်မှာ ကျုပ်ဟာ တစ်ခုခု ကို ဆုံးဖြတ်ရမယ်ဆိုတဲ့အသိ ရလိုက်တယ် တော်ဝင်မို"

"မောင်"



www.burmeseclassic.com

www.burmeseclassic.com



မီ အလန့်တကြား အော်ဟစ်ရင်း ဒူးထောက်ထားလျက် အနေအထားမှာ ဝုန်းခနဲထကာ မောင့်ရှေ့သွား၏။

မောင်က လက်ကာဟန့်တား၍ မီ့ကို ဝိုးချဲနဲ့ ကွေ့ပတ်ကာ ခပ်လှမ်းလှမ်းဆီသွားပြီး ဆိုသည်။

"နေဦး ကျုပ် ပြီးအောင်ပြောမယ်၊ ကျုပ်ရလိုက်တဲ့ အသိ ခင်ဗျားသိအောင်ပြောဖို့ ကျုပ်စိတ် မတည်ငြိမ်ခဲ့ဘူး၊ ကျုပ်စိတ်ကို ကျ အတည်ငြိမ်ဆုံး ထိန်းနိုင်ဖို့ အပန်းဖြေခရီးထွက်တာ၊ ကံဆိုးတော့ ကျ ခုလိုဖြစ်ရတယ်၊ ဒါပေမဲ့ ကျုပ် ရင်ထဲကအသိနဲ့ ဆုံးဖြတ်ချက်က မပြောင်းလဲဘူး၊ တော်ဝင်မီကို ပြောချင်ခဲ့တယ်၊ အရာရာ အနာတရကြောင့် နှောင့်နှေးခဲ့ရတဲ့အတွက် စိတ်မကောင်းပါဘူး၊ ခုလို ခင်ဗျားရောက်လာတဲ့အတွက် ကျုပ် ပြောစရာရှိတာ ပြောလိုက်မယ်၊ မင်းကို ကျုပ် လွတ်လပ်ခွင့်ပေးတယ်၊ မင်းကြည်ဖြူတဲ့ယောကျ်ားနဲ့ တရားဝင်ပေါင်းသင်းခွင့်ရဖို့ ကျုပ် ကွာရှင်းပေးမယ်"

"ဟင်"

မီ့ကိုယ်ဟာ အသက်မဲ့သော အရုပ်တစ်ရုပ်နှယ် ဖြစ်လို့သွားသည်။

ကွာရှင်းပေးမတဲ့။

ဘုရားရေ။

"ကွာရှင်းပေးမယ် တော်ဝင်မီ၊ အဲဒီကိစ္စ ကျုပ် ဦးကြွယ်





ပြောထားပြီးပြီ၊ ကျုပ်ရှေ့နေ မင်းဆီ လာလိမ့်မယ်၊ ကျုပ်ကြောင့် မင်းရဲ့ အပျိုစင်ဘဝ စွန်းထင်းခဲ့သမျှအတွက် မင်းကျေနပ်တဲ့အထိ ကျုပ် အလျော်ပေးပါ့မယ်၊ မင်းကြိုက်သလို တောင်းဆိုလိုက်ပါ တော်ဝင်မီ၊ မင်းကိုချစ်တဲ့စိတ်နဲ့ ကျုပ် အရာရာကို လိုက်လျောပေးဆပ်ပါ့မယ်၊ ကျေးဇူးပြုပြီး မင်း ပြန်ပါတော့"

"ဘုရားရေ"

ဟု မီ ရင်ကွဲသောတိုင်တည်သံလေး ထွက်မလာအောင် ဆွံ့အအ ဖြစ်လို့သွားသည်။

"မင်းကြည်ဖြူတဲ့ရင်ခွင်ဆီ မင်းခိုလှုံပါတော့ တော်ဝင်မီ၊ ကျုပ် ပြောချင်တာ ဒါပါပဲ၊ You go တော်ဝင်မီ"

အင်္ဂလိပ်လိုရော၊ မြန်မာလိုပါ စကားလုံးတွေ ရောထွေးစွာ ပြောဆိုနေသည်မှာ မီ့ကို နှင်ထုတ်ခြင်း မှတ်တိုင်ဆီ။

"ဟင့်အင်း"

မီ ခေါင်းတွင်တွင်ယမ်းကာ ချေပဖို့ ကြိုးစားပေမယ့် ထိုချေပနှင့် မီ မရတော့ပါ။

မောင်က ဝိုးချဲလေးကို တွန်းကာ မီ့မြင်ကွင်းထဲမှ ထွက်သွားသည်။ နားနေခန်းမှ စာဖတ်ခန်းဆီသို့ စည်းခြားထားသော မှန်တံခါးကို တွန်းဖွင့်ကာ။ ထိုတံခါးကို ပိတ်ပစ်ရင်း မီ့မြင်ကွင်းထဲမှ လုံးဝပျောက်ကွယ်သွားသည်အထိ မီ ငေးကြည့်ရင်း မျက်ရည်တို့ တလက်လက် ဖြို



www.burmeseclassic.com

www.burmeseclassic.com



ရွံ့ကြလေသည်။

မောင်ရယ်။

မှီဘဝ၊ မှီနှလုံးသားက မောင့်စွဲချက်တင်ပြီး စီရင်ဆုံးဖြတ်ချက် အတိုင်း နာခံရမယ့် ဖြစ်စဉ်လား။

ဟုတ်တယ်ဆိုရင် မှီ လှည့်ပြန်ရုံပေါ့။

ဒါပေမဲ့ မှီ့ရဲ့မာနကို မထိပါးပါနဲ့နော်။

ကျေးဇူးပြုပြီး မှီ့မာနကို ထိပါးစေတဲ့ စကားလုံးတွေ စွဲချက် တင်မှုတွေနဲ့ မဆုံးဖြတ်ပါနဲ့။

တော်ဝင်မှီရဲ့မာနဟာ မောင့်ရဲ့စီရင်ဆုံးဖြတ်မှုကို ဘယ်တော့မှ အောက်ကျခံဖြေရှင်းမှာ မဟုတ်ဘူးရှင့်။

မယုံရင် ရှင် စောင့်ကြည့်လိုက်လေ။

✿ ✿ ✿



## အခန်း (၃၈)

"မစ္စတာဒေးဗစ်က သူ့တူတော်သဘောဆန္ဒအတိုင်းပဲ ဒီကိစ္စ မှာ ဝင်မစွက်ဘူးတဲ့"

"ဒါဆို စုံညီမကို တကယ်ကွာရှင်းပစေ၊ အဲလိုလား ဦးကြွယ်"

ဦးကြွယ် မျက်စိမျက်နှာ ပျက်လေသည်။

တော်ဝင်စံ ခံပြင်းစိတ်နှင့်မေးတာကို ချက်ချင်းမဖြေနိုင်။ မောင် ကျော့နေနှင့် ဦးကြွယ်တို့နှစ်ယောက်သား နေရခက်ခက်နှင့် ရွှေ့ပြန်မတတ် ဖြစ်ပါ။

"ပြောလေ ဦးကြွယ်"

"ဒါက ဒီလိုပါ စံရယ်၊ မစ္စတာဒေးဗစ်က သူ့တူတော် ကျွန်း



www.burmeseclassic.com

www.burmeseclassic.com



မာရေး လုံးဝမကောင်းသေးတာမို့ ဘာကိစ္စကိုမှ ဖိအားမပေးလိုတဲ့သဘော ပါ၊ မောင် အကောင်းပကတိဖြစ်လာရင်တော့"

"တော်ပါတော့ ဦးကြွယ်၊ ဘာမဟုတ်တဲ့ကိစ္စလေးနဲ့ စုံညီမင် ကွဲဖို့ကွာဖို့လုပ်လာတာတော့ မတရားဘူးထင်တယ်၊ ဒါကြောင့် မော ဘယ်လိုစိတ်ကူးနဲ့ စီစဉ်ပါစေ စံ လက်မခံနိုင်ပါဘူး၊ ကွာရှင်းမယ်ဆိုတာ ဘယ်လိုမှ မဖြစ်သင့်ဘူး၊ ဒါကို ဦးကြွယ်တို့လည်း လူကြီးပီပီ ဖျန်ဖြေ ပေးသင့်တယ်၊ ခုတော့ ဦးကြွယ်တို့က မောင်ပြောတဲ့အတိုင်း ဆောင်ရွက် ပါတယ်ဆိုတဲ့သဘောက မောင့်ဘက်က အားပေးအားမြှောက်လုပ်သလို ဖြစ်နေတယ်လို့ စံထင်တယ်"

"ဟာ၊ တော်ဝင်စံ အနက်ကယ်တို့ကို တလွဲမထင်ပါနဲ့၊ ဒီကိ မောင်စီစဉ်ခိုင်းတာ၊ ခွဲစိတ်ပြီး ပြန်သတိရရချင်းပဲ အနက်ကယ်တို့က မော ကယောင်ကတမ်း လျှောက်ပြောနေတယ်လို့ထင်တာ၊ တကယ်တော့ မဟုတ်ဘူး၊ မစ္စတာဒေးဗစ်ကပါ ပြောလာတော့မှ အနက်ကယ်တို့လည်း ထူထူပူပူဖြစ်ကုန်တာပါ"

ရှေ့နေကြီး ဦးသာယုက ရှင်းပြလေသည်။

"ဘာပဲဖြစ်ဖြစ် ဒီကိစ္စကို စံ စဉ်းစားဦးမယ်"

တော်ဝင်စံက သူ့ညီမလေး ကွဲတာ ကွာတာမျိုး မဖြစ်ရ အောင် အစွမ်းကုန် ကြားဝင်ညှိနှိုင်းမယ်ဆိုတဲ့စိတ်ကူးဖြင့် ဆိုလေသည်။

ထိုအခါ ဦးသာယုနှင့်ဦးကြွယ်တို့နှစ်ယောက်လုံး ခေါင်း





တောက်ချင်လာပြီး –

သူတို့လည်း အကွဲအကွာဇာတ်လမ်းကို အားမပေးပါ။ မောင် က တဖွတ်ထိုး လုပ်ခိုင်းနေလို့သာလေ။

"ရတယ် မမစံ၊ မမစံလည်း စဉ်းစားနေစရာမလိုပါဘူး"

ဒီကိစ္စ ပြီးရင်ပြီးရောဆိုပြီး အခန်းတွင်းမှ နားထောင်နေတာ။ မမစံ စဉ်းစားဦးမယ်ပြောတာကို မို့ လက်မခံပါ။ ဒါကြောင့် အခန်းထဲက ထွက်လာပြီး တည်တည်ငြိမ်ငြိမ် ပြောသည်။

ထိုအခါ ဦးသာယု၊ ဦးကြွယ်နှင့် မမစံတို့ မို့ကို တအံ့တသြ ကြည့်ကြသည်။

"ညီမလေး မို့"

တော်ဝင်စံ စိုးရိမ်စိတ်နှင့် မို့အနား ထသွားသည်။ မို့က လက်ကလေးအသာကာ၍ ဖျောင်းဖျလိုသော မမစံကို တား၏။

"ရတယ် မမစံ၊ မို့အတွက် ဝမ်းမနည်းပါနဲ့၊ မို့လည်း ဝမ်းမနည်းပါဘူး၊ သူက ကွာတယ်ဆိုမှတော့ မို့ကလည်း ဘာမို့လဲ မမစံ၊ သူ့ဆောင်အဘိစ လိုက်ခွဲပြီး မကွာပါနဲ့ အသနားခံနေရမှာလား၊ ဝေးပါသေးတယ်"

"ဟိုလေ"

"မပြောပါနဲ့၊ ပေးပါ၊ စာချုပ်ပေးပါ၊ မို့လက်မှတ် ထိုးပေးပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဦးသာယုဆီက ကွာရှင်းစာချုပ်ကို မို အတင်းတောင်းဆိုလေသည်။ ဦးသာယု ဒီလိုကျတော့လည်း မပေးလိုပြန်။

လူငယ်နှစ်ယောက် စိတ်ဆူတုန်းမို့ မာနပြိုင်နေတယ်ဟု ထင်မိတာလည်း ပါသည်။

"ပေးပါ အန်ကယ်၊ ဒီကိစ္စအတွက် အန်ကယ်တို့လည်း ခေါင်းပူနေရတယ်ဆိုတာ မို သိပါတယ်၊ ဒီကိစ္စ မြန်မြန်ပြီးသွားရင် အန်ကယ်တို့လည်း တာဝန်ပေါ့သွားတာပေါ့"

"မို ညည်းလေး တစ်ဖွတ်ထိုး မလုပ်ပါနဲ့"

မမစံ ဝမ်းနည်းတကြီးပြောရင်း မို့ကို ဦးသာယုရှေ့က ဆွဲဖယ်သည်။ ဦးကြွယ်လည်း ဟန့်တားရအခက်။ ဘာအခက် ဖြစ်နေသည်။

ဦးသာယုလည်း ဘယ်လိုလုပ်ရမှန်းမသိ။

မို့က တစ်ဖွတ်ဖွတ်တောင်းဆိုနေသော ဦးကြွယ်က လက်လျှော့လိုက်ဟန်နှင့် –

"ပေးလိုက်ပါ ကိုသာ၊ နှစ်ယောက်သား ဒီလိုတွေ ပြင်းထန်နေကြရင် ကျွန်တော်တို့အနေနဲ့ ညှိဖို့လည်း မလွယ်ဘူး၊ ကျွန်တော်တို့ ဆောင်ရွက်စရာရှိတဲ့အတိုင်း ဆောင်ရွက်လိုက်တာ အကောင်းဆုံးပဲ"

ဦးကြွယ် စိတ်မကြည်သာစွာ ပြောလျှင် ဦးသာယုလည်း မနေသာ။ အဆင်သင့် စီစဉ်ထားသော ကွာရှင်းစာချုပ်ကို မို့ကို ကမ်းပေးလေသည်။





"မို"

မမစံက ဖွတ်တားနေချင်သည်။ ထိုအခါ မို့ရင်မှာ တင်းခဲခဲကြီးဖြစ်ကာ။

"မတားပါနဲ့ မမစံ။ မို မယူပါရစေနဲ့၊ ပြောတုန်းက မမစံတို့ ဖွတ်စီစဉ်တယ်၊ ဟိုက ကွာရှင်းမယ်ပြောတော့ မမစံတို့ တားနေပြန်တယ်၊ မို့ဆန္ဒနဲ့မို ဒီတစ်ခါ ဆုံးဖြတ်ပါရစေ၊ လင်ကွဲမ ဖြစ်ရုံမက မုဆိုးမဖြစ်ဖြစ် မို ဝမ်းမနည်းပါဘူး၊ သူ့ဘက်က အကွာစကား စလာမယ်မှန်း ကြိုသိရင် မို အဂ်လန်လိုက်သွားမှာ မဟုတ်ဘူး၊ မို လိုက်သွားတာက မို့ကြောင့် ဒီလိုတွေဖြစ်ရလေခြင်းဆိုတဲ့ စာနာစိတ်နဲ့ပါ၊ သူက မို့ကိုမြင်တာနဲ့ ကွာရှင်းမယ်ပြောပြီး နှင်ထုတ်တာ၊ အဲဒီအတွက် မို့က ဘာကိုတွယ်မက်နေရမှာလဲ၊ ချင်းစိမ်းနဲ့ မိတ်သလင်ပဲ မမစံ၊ မို့မာနကိုတော့ တစ်ရွေးသားမှ အထိမခံဘူး"

မို့စိတ်နှလုံးသား ပေါက်ကွဲကာ တရစပ်ပြောချရင်း မမစံကို ဖယ်ရှား၏။

ဦးသာယုလက်ထဲက စာချုပ် ဆွဲယူသည်။ ချက်ချင်းပဲ လက်မှတ်ထိုးပေးလိုက်သည်။

"သူ့ကို ပြောလိုက်ပါ၊ မို ဘာမှမတောင်းဆိုပါဘူး။ နစ်နာကြေးဆိုတာလည်း မလိုချင်ဘူး၊ သူ့ကိုတောင် မမက်လို့ ကွာရှင်းပြီးမှ သူ့ပစ္စည်းစိမ်, သူ့ငွေကြေး ဘာကိုမှ မို လျော်ကြေးယူဖို့ စိတ်မကူးဘူး။



www.burmeseclassic.com

www.burmeseclassic.com



ကွာရှင်းခွင့်ရတဲ့အတွက် မှီ ကျေနပ်တယ်၊ ကွာပြီဆိုကတည်းက သူနဲ့ မှီ ရှင်းသွားပြီလေ၊ တစ်သက်လုံးအတွက် သူနဲ့မှီ ရှင်းသွားတဲ့အတွက် မှီ ဝမ်းသာပါတယ်လို့ ပြောလိုက်ပါ၊ ဒါပါပဲ၊ ဪ နေဦး ကျန်သေးတယ်"

မှီ သတိတရဖြစ်တာမို့ ချက်ချင်း အခန်းထဲဝင်ကာ က,ဒေါင်းပုံ စိန်ရင်ထိုး ထည့်ထားသော ကတ္တီပါဘူးလေးကို ယူသည်။

ထို့နောက် ဘူးလေးကို ဖွင့်ပြီး ဦးကြွယ်တို့ရှေ့ ချပေးလိုက်သည်။

"သူ့ပစ္စည်း သူ့ကို ပြန်ပေးလိုက်ပါ"

"အန်ကယ်တို့လည်း စိတ်ထိခိုက်ရပါတယ် တော်ဝင်စံရယ်"

ဦးကြွယ် ပြောလို့ပင် မဆုံးသေး။ တော်ဝင်စံ စိတ်မထိန်းတော့ပါ။ ဟီးခနဲ ငိုချလေသည်။

အပျက်အပျက်နဲ့ နာခေါင်းသွေးထွက်တယ်ဆိုတာ ဒါမျိုးပါလား ဟု တွေးမိရင်း။

✿ ✿ ✿



## အခန်း (၃၉)

"မှီရေ ဘယ်လိုဖြစ်ကြတာလဲ"

အိမ့်ယုယ မယုံချင်စိတ်ဖြင့် အလောတကော ရောက်လာပြီး ...သည်။ ထိုအခါ တည်ငြိမ်နေသော မှီမျက်နှာပေါ်မှာ ရုတ်ခြည်း ...ပြောင်းလဲသွားသော်လည်း လုပ်လက်စအလုပ်ကို မှီ ဆက်လုပ်နေသည်။

"မှီ ပြောဦးလေ၊ ဘယ်လိုဖြစ်ကြတာလဲလို့"

အိမ့်ယုယ အားမလိုအားမရ ခေါ်ရင်း အနားမှာ လာထိုင်သည်။ ... ခရီးဆောင်အိတ်ထဲ ထည့်ရမည့် မီးပူတိုက်ပြီးသားဝတ်စုံတွေကို ...သပ်ရပ်ရပ် ထည့်နေရင်း –

"ယုယ ကြားတဲ့အတိုင်းလေ"



www.burmeseclassic.com

www.burmeseclassic.com



"အို၊ ဒီလိုဖြစ်လို့ရလား မှီရယ်"

"ရတာပေါ့လို့"

မှီ အသံပြတ်နှင့် ပြောမိသည်။ ယုယက ဘယ်လိုမှ လက်

နိုင်စွာ။

"မဟုတ်သေးဘူး မှီရယ်၊ ယုယဖြင့် မယုံနိုင်ဘူး၊ ကုမ္ပ

ရောက်ရောက်ချင်း မှီ့သတင်းလည်းကြားရော အားလုံးစိတ်မကော

ဖြစ်ကြရတယ်၊ မယုံတဲ့စိတ်နဲ့လည်း ဦးကြွယ်ကို မေးမြန်းကြနဲ့

ယုယက မှီ့ဆီ ချက်ချင်းလာခဲ့တာ၊ တကယ်မဟုတ်ဘူးနော် မှီ"

"ကျားကိုက်ပါတယ်ဆိုမှ အပေါက်လေးနဲ့လားဆိုတာလို ပြ

နေပြန်ပြီ၊ ယုယကြားတဲ့အတိုင်း တကယ်ဟာယ်"

"ဟင်"

အိမ့်ယုယ တကယ်မျက်လုံးပြူးလေသည်။ မှီ့ပခုံးကို ပုတ်

လည်း ဝေါခနဲ မေးပြန်သည်။

"တ တကယ်"

"တကယ်မကဘူး၊ နှစ်ကယ်၊ သုံးကယ်၊ လေးကယ်၊

ကယ်"

"ဘုရားရေ"

အိမ့်ယုယ ရင်ဘတ်ဖိ၏။ တကယ်ဆိုတာ သေချာနေမှ

တော့ စိတ်လည်းထိခိုက်လေသည်။





မှီက ယုယနဲ့ဆန့်ကျင်ဘက် ထိခိုက်ခြင်း၊ တွေဝေခြင်းကင်းစွာ

ဝတ်စုံတွေထည့်ပြီး အသုံးအဆောင်ပစ္စည်းတွေ ကောက်ထည့်ပြန်သည်။

"မှီရယ်၊ ဒါ ဒါဆို မှီတို့ လုံးဝကွာရှင်းပြီးပြီပေါ့"

"ဟုတ်တယ်၊ သူနဲ့မှီကြားမှာ ဘာဆက်ထုံးမှ မရှိတော့ဘူး"

"ဖြစ်မှဖြစ်ရလေဟယ်၊ ရှင် မောင့်ကို နည်းနည်းမှ မရှင်းပြ

ဘူးလား၊ စူပါမားကက်မှာ မှီနဲ့တွေ့တာ တခြားသူမှ မဟုတ်တာ၊ ယုယ

ဦးလေး ကောင်းယုလေ၊ ဦးကောင်းက မှီတို့မင်္ဂလာဆောင်တုန်းက ခရီး

သွန်နေလို့ ဘာမှလက်မဖွဲ့ဖြစ်ဘူး၊ အဲဒါ မှီ့အကြိုက် လက်ဖွဲ့ဝယ်ပေး

ယ်ဆိုပြီး စူပါမားကက်သွားကြတာ၊ ဟိုစိတ် ဒီစိတ်နဲ့မှ မဟုတ်တာ၊

င်းနိုးတဲ့မိတ်ဆွေသူငယ်ချင်းအဖြစ် သွားကြတာလေ၊ ဒါကို မောင်က

တစ်မျိုးမြင်တယ်၊ ပြီးတော့ မှီ့စကားလုံးတချို့အပေါ်မှာ မကျေမလည်

ဖြစ်ပြီး တစ်ဖက်သတ် ယူဆချက်နဲ့ ဆုံးဖြတ်တာလေ၊ ဒါကို မှီက ရှင်း

ပြရင်"

"တော်ပါတော့ ယုယရယ်၊ သူက သာမန်ယောကျ်ားမဟုတ်

ဘူး ကမ္ဘာပတ်ပြီး အလုပ်လုပ်နေတဲ့သူ၊ သူ့အမြင်, သူ့အတွေး, သူ့

ယူအဆက သာမန်ထက် ကြည်လင်ဖို့လိုတယ်၊ မှီ့ကို ဦးကောင်းနဲ့

တွဲတွေ့ရုံနဲ့ သံသယမီးပွားဖြစ်ခဲ့တာ၊ အဲဒီမီးပွားနောက်မှာ မှီ့ဘဝကို

ဘစ်ပုံပုံပြီး ရှုပစ်တာလေ၊ အဲသလို သံသယအတ္တကြီးတဲ့သူမျိုးကို

ရှင်းပြဖို့ထက် သူ့အစီအစဉ်အတိုင်း ကွာရှင်းပေးလိုက်တာ မှီ့အ



www.burmeseclassic.com

www.burmeseclassic.com



တွက် အကောင်းဆုံးပါပဲ၊ အဲဒီအတွက် မို့ နောင်တလည်း မရဘူး စိတ်မကောင်းလည်း မဖြစ်ဘူး''

''မို့ရယ်''

ယောကျ်ားတစ်ယောက်ကို အလွယ်တကူ ကွာရှင်းနိုင်တဲ့ မို့ မာနစိတ်ကို ယုယ အံ့သြဘနန်းဖြစ်ရလေ၏။

''တစ်ခုပဲ စိတ်ပူတယ်၊ မေမေသိသွားရင် စိတ်မကောင်းဖြ မှာကိုပေါ့''

ယုယ သက်မရှည်ကြီး ချလိုက်သည်။

''မေမေ ရိပ်သာဝင်နေတာလေ၊ ဒါလည်း အရေးမကြီးပါဘူး မေမေက တစ်နှစ်တိတိ ရိပ်သာမှာ တရားထိုင်မှာ၊ မေမေ ထွက်လာ အချိန်မှ သိပစေ၊ တစ်နှစ်တောင် ကြာနေပြီဆို မေမေလည်း ဘာ ပြောတော့မှာ မဟုတ်ဘူး၊ မို့လည်း လောလောဆယ် ဒီမှာမနေဘူး မမစံယောက်ျားဘက်က အမျိုးတွေရှိတဲ့ တောင်ငူကို ပြောင်းနေမယ် အစကတည်းက မမစံနဲ့မေမေက မို့ Guide လုပ်တာ သိပ်သဘာဝမ ဘူး၊ မမစံလိုပဲ ဖက်ရှင်ချုပ်ဆိုင်ဖွင့်ပြီး ရပ်တည်စေချင်တာ၊ ခုလိုအခြေ အနေမှာ မို့အတွက် အကောင်းဆုံးက တောင်ငူသွားပြီး ဖက်ရှင်ဆိုင် ဖွင့်ပြီး ဘဝရပ်တည်ဖို့ပဲ၊ မမစံ အားလုံးစီစဉ်ပေးတယ်၊ ဒီကိစ္စတွေ ယုယ ဘယ်သူ့မှ မပြောပါနဲ့''

''မို့ရယ် အဲလောက်ထိတောင် မလိုအပ်ပါဘူးဟယ်၊ မို့အတွ





တစ်နေရာကို မာမီ့ရွှေဆိုင်မှာလည်း ယုယ ပြောပေးလို့ ရပါတယ်''

''နေပါစေ ယုယရယ်၊ လောလောဆယ်မှာ မို့ ဒီဝန်းကျင်နဲ့ ဝေးလေ ကောင်းလေပဲ''

''ဟောတော်''

မို့စကားမဆုံးသေးခင် ယုယ တအံ့တသြရွတ်ရင်း –

''မို့''

မို့လက်မောင်းလေးကို ဆုပ်ကိုင်လှုပ်ခါလေသည်။ ယုယမျက် နှာလည်း မို့ဝမ်းဗိုက်ဆီရောက်ကာ –

''မို့တို့နှစ်ယောက် တစ်ယောက်က သံသယ, တစ်ယောက်က သနဲ့ ပြတ်သားကြတာ ဟုတ်ပါပြီ၊ မို့ရင်ခွင်မှာ ခိုတွယ်နေတဲ့ ရင်သွေး လေး''

ယုယ စကားမဆုံးသေးခင် မို့ ခေါင်းတွင်တွင်ယမ်းကာ အသက် အောင့်၍ မြင်လွှာကို ပိတ်ချလိုက်သည်။

ရင်သွေး။

ဟင့်အင်း။ ဒီရင်သွေးဆိုတာနဲ့ သူ့ကို ဖက်တွယ်နေဖို့ မို့မာန က ခွင့်မပြုပါဘူး။

မို့ အင်္ဂလန်ကို လိုက်သွားတဲ့အထိ ဖြစ်ရတာ။ သူ့ရင်သွေးလေး နေတဲ့အတွက်။

သူ့အပေါ် မို့စကားလုံးတွေက နာကျင်စေတာကို မို့ ...းလည်



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ မို့စိတ်က သူ့အပေါ် စက်ဆုပ်နေခဲ့တာ မှန်ပါတယ်။ သူ့ရင်သွေးတွေ ရှိနေမှန်း သိလိုက်ရတော့ မို့ရဲ့စကားလုံးတွေကို မို ပြန်ရုပ်သိမ်းဖို့ ဆုံးဖြတ်ကာ။

သူရှိရာဆီ မို လိုက်သွားခဲ့ခြင်းဖြစ်သည်။

ရင်သွေးရှိနေတဲ့အတွက် မို သူ့အပေါ် သဘောထားပြောင်းလဲခြင်းပါ။ မို့နှလုံးသားမှာ သူ့ကို နှစ်နှစ်ကာကာ ချစ်တဲ့စိတ် ပြင်းပြမနေသေးပေမယ့် မို သူ့အချစ်ကို မြတ်နိုးစွာ လက်ခံရတော့မယ်ဆိုတဲ့ အသိစိတ်နှင့် သူ့ရင်ခွင်မှာ ခေါင်းချဖို့ ရည်ရွယ်တာပါ။

ဒါပေမဲ့ သူ့ဘက်က ဦးဆုံးကွာရှင်းမယ် ပြောလာလျှင်–

"မို"

မို့ပခုံးစွန်းကို ယုယ လှုပ်ခါလျှင် မှိတ်ထားသော မျက်လွှာကြားမှ မာနမျက်ရည်တို့ စီးကျကုန်သည်။

"မိုရယ် မို့မှာ ရင်သွေးရှိနေတာ မောင်သိရင် မောင် ကွာရှင်းမှာမဟုတ်ပါဘူး၊ ယုယ သိတယ်၊ မို ဖွင့်ပြောလိုက်ရင်"

မို ခေါင်းယမ်းကာ မျက်ရည်တွေကို သုတ်လေသည်။

"နေပါစေ၊ မသိတာဘဲ ကောင်းတယ်"

"မဟုတ်သေးပါဘူး"

ယုယ လက်မခံချင်စိတ်နှင့် ပြောသည်ကို မို မနှစ်သက်ပါ။

"ယုယရယ် ယောကျ်ားတွေရဲ့အချစ်စိတ်ဆိုတာ ဆင်ခြင်အသိ





ကင်းဝေလှပါတယ်၊ လိုချင်တုန်းကလည်း သူပဲ သည်းသည်းလှုပ်၊ မလိုချင်တော့လည်း သံသယနဲ့ သူပဲ ပစ်ပစ်ခါ၊ အဲဒီစိတ်ကို မိုက ရင်သွေးလေးရှိနေလို့ပါနဲ့ မျက်ရည်ခံထိုးပြီး ပေါင်းပါ သင်းပါလို့ တောင်းဆိုနေရင် မိုလောက် မာနမဲ့တဲ့မိန်းမ ကမ္ဘာပေါ်မှာ ရှိမယ်မထင်ဘူး"

"မိုရယ် လင်မယားဘဝ ရာသက်ပန်တည်မြဲဖို့က အဲဒီလောက်မာနမောင်းတင်ထားဖို့ မလိုပါဘူး သူငယ်ချင်းရယ်၊ မို့မာနကြောင့် မို့ရင်သွေးလေး မျက်နှာငယ်ရမှာလေ၊ အဲဒါကို မို မစဉ်းစားမိဘူးလား"

ယုယပြောတဲ့နောက်မှာ မို တစ်ချက်တွေဝေသွားပါသည်။ သို့သော်လည်း မာနက ငြိမ်ဝပ်မနေ။ ခေါင်းလေးထောင်လျက်ဖြစ်ကာ။

"ယုယရယ် ဖြစ်လာသမျှ မို ရင်ဆိုင်ဖို့ သတ္တိရှိပါတယ်၊ မို့ရဲ့ဆုံးဖြတ်ချက်က တစ်သက်လုံးအတွက်ပဲ၊ မို့ကိုစွ မို့စိတ်ကြိုက်·တဲ့ပြန်ခွင့်ရလို့ မို ကျေနပ်တယ်၊ ယုယလည်း မို့လိုပဲ ကျေနပ်ပေးပါ၊ မို့ရဲ့သူငယ်ချင်းကောင်း ပီသစွာ မို့ဘက်က ရပ်တည်ပေးပါနော်၊ မို ညကားနဲ့တောင်ငူသွားမယ်၊ မိုသွားမှာကို ဘယ်သူငယ်ချင်းကိုမှ မို အသိမပေးပါဘူး၊ ယုယကို ချစ်လွန်းလို့ အသိပေးလိုက်တာ၊ ယုယလည်း မို့ဆန္ဒအတိုင်းရေငုံနှုတ်ပိတ်နေပေးပါနော် သူငယ်ချင်း"

မို အသက်မရှူစတမ်း ပြောလျှင် ယုယရင်မှာ မွန်းကျပ်လို့သွားသည်။ ဖျောင်းဖျလို့လည်း ရမှာမဟုတ်မှာ သေချာနေပြီ။

ဒါကြောင့် သူငယ်ချင်းအလိုကျ ခေါင်းညိတ်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း ရင်ထဲမှာ မချမ်းမြေ့။

"မို့သဘောပါ မိုရယ်၊ မိုက ရေငုံနှုတ်ပိတ်နေပေးပါဆိုမှတော့ ယုယလည်း"

မို့လက်ဖဝါးလေးကို သစ္စာရှိစွာ ဆုပ်ကိုင်၍ ယုယ ခေါင်းညိတ်လေသည်။

ယုယ ခေါင်းညိတ်ခါမှ မို သက်မရှည်ကြီးချ၏။ ဝမ်းနည်းစွာကျသော မျက်ရည်တွေကို မာနဖြင့်သာ ပွတ်သုတ်နေလိုက်သည်။

မို့ဘဝ ညီမှုခြင်းက မို့မာနလေ။

မို့မာနနဲ့ မို့အနာဂတ်ကို မို တည်ဆောက်သွားမှာပါ။

✿ ✿ ✿



# ခြောက်လကြာသောအခါ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၀)

၁။ ပရိတ္တံ ယံ ဘဏန္တဿ၊ နိသိန္နဋ္ဌာန ဓောဝနံ၊
ဥဒကမ္ပိ ဝိနာသေတိ၊ သဗ္ဗမေဝ ပရိဿယံ။
၂။ သောတ္ထိနာ ဂဗ္ဘဝုဋ္ဌာနံ၊ သဉ္စ သာဓေတိ တင်္ခဏေ၊
ထေရဿင်္ဂုလိမာလဿ၊ လောကနာထေန ဘာသိတံ။
ကပ္ပဋ္ဌာယီ မဟာတေဇံ၊ ပရိတ္တံ တံ ဘဏာမ ဟေ။
၃။ ယတော ဟံ ဘဂိနိ အရိယာယ၊ ဇာတိယာ ဇာတော၊
နာဘိဇာနာမိ သဉ္စိစ္စ၊ ပါဏံ ဇီဝိတာ ဝေါရောပေတာ၊
တေန သစ္စေန၊ သောတ္ထိ တေဟောတု သောတ္ထိ ဂဗ္ဘဿ။

အင်္ဂုလိမာလသုတ်ကို အသံထွက်ရွတ်၍ အလွတ်ရအောင်



www.burmeseclassic.com

www.burmeseclassic.com



ကျက်မှတ်နေမိသည်။ ထိုစဉ် –

"မမို"

ခေါ်သံနှင့်အတူ သူဇာလင်း ရောက်လာသည်။ မို စာအုပ်မှ အကြည့်ခွာ၍ –

"လာလေ သူဇာ"

မို့အခန်းထဲ သူဇာ လာရင်း –

"မမို ဒီနေ့ ဆိုင်မဖွင့်ဘူးလား"

"ဖွင့်မယ်၊ သူဇာလာမှ ဖွင့်မယ်ဆိုပြီး စောင့်နေတာ၊ ရော့ ဒီမှာ ဆိုင်သော့"

စားပွဲပေါ်မှ သော့တွဲယူပြီး သူဇာ့လက်ထဲ ထည့်လိုက်သည်။ သူဇာ သော့တွဲလေးဆုပ်ကိုင်ရင်း –

"မမို ဒီနေ့ နေမကောင်းဘူးလား"

"နေမကောင်းတာတော့ မဟုတ်ဘူး။ နည်းနည်းလေး မအီ မသာဖြစ်နေသလားလို့၊ အဲဒါနဲ့ ဆိုင်မဖွင့်သေးဘဲ သူဇာလာမှာကို စောင့်နေလိုက်တာ"

"ရတယ်လေ၊ မမို နားနေလိုက်၊ သူဇာပဲ ဆိုင်ဖွင့်လိုက်မယ် မမို တစ်ခုခုဆို လှမ်းခေါ်လိုက်လေ"

"ခေါ်မှာပါ သူဇာရယ်၊ သူဇာပဲ မို့အနားမှာ အနီးကပ်ရှိနေတဲ့ ဥစ္စာ၊ သူဇာ့ကိုမခေါ်ရင် ဘယ်သူ့ခေါ်ရမှာလဲကွယ်"





"ခေါ်နော် မမိုရယ်၊ သူဇာ ဆိုင်ဖွင့်နှင့်တော့မယ်"

"အင်း"

မို ခေါင်းလေးညိတ်လျှင် သူဇာ ထွက်သွားသည်။ မို့ဆိုင်လေး ... ဘာ မိုနေတဲ့ တိုက်ပုလေးရဲ့ရှေ့မှာတင်။

မို့ဆိုင်က လမ်းလေးခွဆုံရာမို့ စည်ကားလှသည်။ ဈေးနဲ့လည်း ... တာမို့ ဆိုင်ဖွင့်ပြီး မကြာပါ။ မို့ဆိုင်လေး လူသိများကာ။

မမစံယောက္ခမ၏အစီအစဉ်နှင့် သူဇာကို အဖော်ခေါ်ထားပေး ... ဘာ ပိုအဆင်ပြေသည်။ သူဇာကလည်း ဖက်ရှင်ချုပ်တာ ဝါသနာပါသည် ... မို အားကိုးရပေသည်။

မို့ဆိုင်လေး အချိန်တိုအတွင်းမှာ အထိုက်အလျောက် အောင် ... မြင်တာ မေမေသိရင် ဝမ်းသာမှာ။

မေမေက မိုတို့ညီအစ်မနှစ်ယောက်လုံးကို အိုးအိမ်မကွာ လုပ် ... တဲ့ အချုပ်အလုပ်ပညာကို ဦးစားပေးသင်ခဲ့သည်။

မေမေကိုယ်တိုင်လည်း အထည်ချုပ်ဆိုင်လေး ဖွင့်ခဲ့တာလေ။

အမြင်ကျယ်တဲ့ မေမေက ညီအစ်မနှစ်ယောက်လုံးကို ဖက်ရှင် သင်တန်းတက်စေသည်။ ဖက်ရှင်နဲ့အတူ ဒီဇိုင်းသင်တန်းပါ ယူပြီး ကျွမ်း ကျင်လာတော့ ဖက်ရှင်ဆိုင်ဖွင့်ခဲ့သည်။

မမစံရဲ့ဖက်ရှင်ဆိုင်လည်း အောင်မြင်ကာ။

မိုက ဆိုင်ထဲမှာနေရတာ စိတ်မပါ။ သွားသွားလာလာ လှုပ်



www.burmeseclassic.com

www.burmeseclassic.com



လှုပ်ရှားရှား နေချင်သည်။ မေမေ့အလိုကျ ဖက်ရှင်ဒီဇိုင်းပညာလည်း သင်သည်။

မိုဝါသနာပါတဲ့ ဘာသာစကားသင်တန်းတွေ တစ်ခုပြီးတစ်ခု တက်ကာ။

အင်္ဂလိပ်၊ ပြင်သစ်နှင့် ဂျာမနီ။

မို သုံးဘာသာ ကျွမ်းကျင်ခဲ့သည်။ ထို့ကြောင့် ဖက်ရှင်ဆိုင် ဖွင့်ဖို့ထက် လမ်းညွှန်လုပ်ဖို့ မို ဆုံးဖြတ်လျှင် မမစံနှင့်မေမေ အပြင်း အထန် ကန့်ကွက်၏။

ထိုစဉ်က ဖေဖေ ရှိနေသေးသည်။

ဖေဖေက မို ဝါသနာပါတာကို လုပ်ပါစေလို့ ခွင့်ပြုတာနဲ့ မို ဧည့်လမ်းညွှန်း လုပ်ခဲ့ခြင်း။

အစကတည်းက မို့ဘာသာမို ဖက်ရှင်ဆိုင် ဖွင့်ခဲ့ရင်အကောင်း သား။

ဖက်ရှင်ဆိုင်ဖွင့်ပြီး ခုလိုပဲ မို့ဘဝရပ်တည်ခဲ့ရင် မို့ဘဝဟာ ဘယ်လောက်ငြိမ်းချမ်းနေမလဲ။

မေမေနဲ့မမစံကို ကလန်ပြီး ဧည့်လမ်းညွှန်လုပ်ခဲ့လို့ မောင်နဲ့ မို ဆုံရတာ။ မောင်နဲ့ဆုံရလို့ မို့ဘဝ အစွန်းအထင်းဖြစ်ရလေ။

အိုး –

ကံရှိလို့ ဖြစ်ရတာလေ။ အဲဒီအကြောင်း မို တွေးပြီး စိတ်





နိုက်စရာ မလိုဘူး။

ဒင်းကိုလည်း သတိမရချင်ဘူး။

ကြိုကြိုဖန်ဖန် ဒီနေ့မှ မောင့်ကို သတိရတယ်လို့။

တော်ပြီ ဘာမှမတွေးတော့ဘူး။ လောလောဆယ် မို့အလုပ်နဲ့ မို့ကျန်းမာရေးသာ မို့အတွက် အရေးကြီးသည်မဟုတ်လား။

ဒါကြောင့် အဂ္ဂုလိမာလသုတ်ဆီ အာရုံပြန်ပို့ကာ။

ပရိတ္တံ ယံ ဘဏာန္တဿ၊ နိသိန္နဋ္ဌာန ဓောဝနံ၊

ဥဒကမ္ပိ ဝိနာသေတိ၊ သဗ္ဗမေဝ ပရိဿယံ။

ထိုသုတ်ကို မို အာရုံစိုက်ပြီး တတွတ်တွတ် ရွတ်နေလျှင် မို့ စိတ်ထဲ တစ်မျိုးဖြစ်လာသည်။

မို့ကို တစ်စုံတစ်ယောက်က စူးစူးစိုက်စိုက်ကြည့်နေသလို ခံ စားရ၏။

ထိုအသိ ထိုခံစားမှုကြောင့် မို ရွတ်ဆိုနေတာ အရှိန်လျော့ကျ သွားသလို၊ ဘယ်သူကြည့်နေတာလဲ။ ဘာကြောင့် ကြည့်နေတာလဲ။

မို့စိတ်က သိချင်လာသည်။

ထို့ကြောင့် မို စာအုပ်ကြည့်ရွတ်နေရာမှ ခေါင်းလေးထောင် တော်လိုက်စဉ် –

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



စူးရှသောမျက်ဝန်း၊ ပြုံးချိုသောနှုတ်ခမ်းတို့ဖြင့် စိုက်ကြည့်နေသော သူ။ မို့ရင်မှာ ဖြန်းခနဲ နွေးလျ၏။

"မို"

ခေါ်သံနှင့်အတူ ရှေ့တိုးလာသော မောင်။

ခြေချထိုင်နေသော မို့ရှေ့ ကြမ်းခင်းမှာ ဒူးချထိုင်၍ စာအုပ်လေးကိုင်ထားသော မို့လက်နှစ်ဖက်ကို ဆွဲယူပြီး ရှိုက်နမ်း၏။

"အို"

မို့တစ်ကိုယ်လုံး နွေးခနဲဖြစ်ကာ အသိဝင်လာသည်။

"ရှင် ရှင် လူပါးဝလှချည်လား၊ ဖယ်၊ လွှတ်စမ်း"

မို့လက်ကို ရုန်းသလို သူ့ကိုလည်း တွန်းပစ်၏။

"မို မောင့်ကို ခွင့်လွှတ်ပါ၊ မောင် အတွကြီးခဲ့သမျှကို ခွင့်လွှတ်ပေးပါ မို"

"အိုး ဘာမှခွင့်လွှတ်နေစရာ မလိုဘူး၊ ရှင်နဲ့ကျွန်မ ဘာမှမဆိုင်တော့ဘူး၊ တရားဝင် ကွာရှင်းပြီးသား"

"ကွာရှင်းပြီးရင်လည်း ပြန်ပေါင်းလို့ရပါတယ် မို"

"ဘာ"

မို ဝုန်းခနဲ ထရပ်လိုက်သည်။ ထိုအခါ ပူဖောင်းနေသော မို့ကိုယ်ဝန်ဟာ ချည်သားအင်္ကျီရှည်ကားကားလေးနောက်မှာ ဘွားခနဲ ပေါ်သွားလေသည်။





ထိုအခါ မို့မှာ ရှက်လည်း ရှက်၏။ ခံပြင်းတာတွေနဲ့လည်း အသားတဆတ်ဆတ်တုန်၏။

သူက မို့ရှေ့ ဒူးနှစ်ဖက်ချထိုင်နေရာမှ မော့ကြည့်၍ –

"မောင့်ရင်သွေးတွေအတွက် မောင်တာဝန်ယူပါရစေ"

"အိုး၊ ဘာရင်သွေးလဲ၊ ဘာတာဝန်လဲ"

ဒီဗိုက်ကြီးကို မို ဖုံးဖိကာကွယ်ချင်ပေမယ့် အခွင့်အရေးမသာ။ မို့ပေါင်တံကို သူပွေ့ဖက်သလို မို့ဝမ်းဗိုက်မှာ သူ့ ပါးလေးကပ်၏။

"ဟဲ့ အိုး ရှင် ဘယ်လိုဖြစ်နေတာလဲ"

"မမစံက ပြောတယ်၊ မို့ဗိုက်ထဲမှာ မောင့်ရင်သွေးနှစ်မြွှာတဲ့လေ"

"အဲ"

မို့မျက်နှာကြီး နီမြန်းသွား၏။

"အန်ကယ်ဒေးဗစ်က မောင်တို့နှစ်ယောက် ဆုံးဖြတ်တာ သက်မခံဘူး၊ စာချုပ်ကို မီးရှို့ပစ်လိုက်တယ်၊ အန်ကယ်လက်ခံတားရယ် မောင့်ရင်သွေး နှစ်မြွှာရယ်"

"တော် တော် ရှင် ဘာ ဘာမှမပြောနဲ့၊ ဖယ်၊ ရှေ့က ဖယ်"

မို ရှက်စိတ်ပျာပျာဖြင့် မို့ဗိုက်ကိုလည်း တစ်ဖက်သို့ ရှောင်ရင်း သူ့မျက်နှာကိုလည်း တွန်းပစ်လိုက်၏။

ထိုစဉ် –



www.burmeseclassic.com

www.burmeseclassic.com



"အား"

မှီဆီးအိမ်နားတစ်ဝိုက် နားလေသည်။

"ဟင် မှီ၊ မှီ ဘာဖြစ်တာလဲ"

မောင် ကမန်းကတန်းထပြီး မှီကို ဖေးမပွေ့ယူသည်။

"အို၊ ဖယ်လေ၊ အား နာတယ်၊ ဗိုက်ထဲက နာတယ်၊ သူ...
ရေ သူဇာ"

"မောင် ရှိတယ်လေ။ ဗိုက် ဗိုက် နာတာဆိုတော့ မွေးဖွား...
ဗိုက်နာမှန်း နှစ်ယောက်သား သိလျှင် မာနနဲ့ အာဃာတတွေကို သ...
မထားနိုင်တော့။

"အား နာတယ်၊ ဆေးရုံမြန်မြန်ပို့စမ်းပါ မောင်ရယ်၊ အ...
လေး နာလိုက်တာ၊ လာကြပါဦးကွယ်တို့"

မှီစကားလေး မဆုံးလိုက်ပါ။

မှီကိုယ်ကြီးကို မောင် ဆတ်ခနဲ ပွေ့ယူချီကာ။

✿ ✿ ✿



BURMESE CLASSIC .com

## အခန်း (၄၁)

"အူဝဲ"

"အူဝဲ"

မွေးကင်းစကလေးနှစ်ယောက်ရဲ့ အပြိုင်အဆိုင် အော်ဟစ်သံ...
...ကမ္ဘာလောကကြီးကို ချိုမြိန်သွားစေသည်။

သမီးနဲ့သားကိုကြည့်ရင်း မှီရင်မှာ ကြည်နူးမျက်ရည်လေး ဝဲ...

မှီလက်ဖဝါးကို အားပေးဖျစ်ဆုပ်လာသော မောင့်ရဲ့အကြင်နာ...
...ကို မှီ ဖယ်ရှားဖို့မေ့လေပြီ။

တစ်ခုသောနွေရာသီမှာ . . .



www.burmeseclassic.com

www.burmeseclassic.com



နှစ်ပါးသွား ကကြိုးသွယ်ခဲ့သော မောင်နဲ့ မို့ရဲ့ဘဝနှလုံးသား ဓာတ်လမ်းမှာ ခုတော့ သံစဉ်တွေနဲ့ မြိုင်လို့ရယ်။

"အူဝဲ

အူဝဲ"

"အူဝဲ

အူဝဲ"

ချစ်ခြင်းဖြင့် ပျော်ရွှင်ချမ်းမြေ့ပါစေ

မိန်းကလေး

အမှတ် ၄၅ (B)၊ ၆–လွှာ၊

ဦးလွန်းလမ်း၊ အရှိုးကုန်းရပ်ကွက်၊

တာမွေမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း–၀၉၄၄၉၂၅၁၄၁၇

ချစ်တာပေ

တရေးဆရာမ မိန်းကလေး၏ ရေးသားထုတ်ဝေပြီးစာအုပ်များ

သက်တန့်ဝိုင်

ရင်ခုန်စိတ်အလှုပ်ရှားဆုံး

မိုးတိမ်များ၏မျက်နှာဆီ

အချစ်စစ်၏ညို့စေရာ

ကမ္ဘာမြေရဲ့မနက်ခင်းထဲမှာ

နှင်းကွဲနေခြည်

အချစ်ကျွန်း

နေမဝင်အချစ်

ပန်းမှန်တိုင်း

လှိုင်းတွေကတဲ့ နှစ်ပါးခွင်

အနမ်းရင်ခွင် ပန်းရင်ခွင်

လေညင်းလေးဆီ

ပန်တော်ဆက်မယ့်တိမ်ပင်လယ်

အပျိုစင်မနက်ခင်း

နေခြည်များနဲ့ည

ပန်းခင်းလေးရဲ့ရင်ခုန်သံ

www.burmeseclassic.com

www.burmeseclassic.com


၁၇။ အပြာရောင်အချစ်နေ့ရက်များ

၁၈။ တကယ်လို့များ

၁၉။ သစ်ခက်လက်တံ

၂၀။ ရင်ချင်းဆက်ပြဇာတ်

၂၁။ တစ်ခါတစ်ရံ၌

၂၂။ ရည်းစားဦး

၂၃။ ကာလာခြယ်မိုးတိမ်

၂၄။ အချစ်သင့်ဆည်းဆာ

၂၅။ ပါးချင်းအပ်၍

၂၆။ လျှပ်တစ်ပြက်ချစ်သူ

၂၇။ နှစ်ပါးအတူ

၂၈။ အိပ်မက်သစ္စာ

၂၉။ တူနှစ်ကိုယ်စွယ်တော် (ပ+ဒု)

၃၀။ ကောင်းကင်ပြာသို့

၃၁။ ချစ်သူပဲလိုတယ်

၃၂။ အနမ်းခက်ဆစ်

၃၃။ ဆွေးမြေ့ကောင်းကင်

၃၄။ ရင်ခွင်မီးတောက်

၃၅။ နှင်းဆီတံခါး

၃၆။ ကိုယ်တိုင်သွန်းတဲ့ သက်တံရောင်စဉ်

၃၇။ နူတ်ခမ်းဖြင့်ချူသည်

၃၈။ နွေဦးစံပယ်

၃၉။ လရောင်ဖြင့်ခွဲသည်

၄၀။ သမုဒယကကြိုး

၄၁။ ပါးပြင်ယိုင်း

၄၂။ လက်တစ်ကမ်း

၄၃။ တစ်ခွန်းစကား

၄၄။ ကြယ်စေတမန်

၄၅။ ရင်အခ်ပွဲ

၄၆။ အချစ်ရှင့်ရှင့်

၄၇။ ဆုံစည်းရာ

၄၈။ အနီးအနားမှာ

၄၉။ ချစ်သောခရမ်းရောင်နေခြည်သစ်ဆီ

၅၀။ တိမ်စိုင်တို့၏ဟန်းနီးမွန်း


---

ရှေ့လထွက်မည့်စာအုပ်

---

**"လာ ချစ်သူ။ နှစ်ပါးသွားမယ်"**

www.burmeseclassic.com